# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အနှစ်ရှိသောတရားကို ရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၃၁၂)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး


စာမျက်နှာ ➢ ၃




# မြန်မာ-ဆွစ်ဇာလန် သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်



မြန်မာ - ဆွစ်ဇာလန် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လာစဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာ - ဆွစ်ဇာလန် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Sofitel Hotel (The Lake Garden Hotel) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ အမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❁


## ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့ ဆဋ္ဌမအကြိမ်မြောက် ဆွေးနွေး


စာ » ၉


## တရုတ်နိုင်ငံက ပိုင်ဆိုင်သည်ဟု အငြင်းပွားနေသည့် ရေပိုင်နက်အနီးတွင် အမေရိကန်ဖျက်သင်္ဘောခုတ်မောင်း


စာ » ၁၄


## ထရန့်ရဲ့ နည်းဗျူဟာအစုံ၊ ဥရောပခေါင်းဆောင်များရဲ့ ကြိုးစားမှုအဖုံဖုံ


စာ » ၁၅


# ပြည်တွင်း ပြည်ပခရီးသွားများ စိတ်ဝင်စားသည့် ကလောမြို့တွင် ခရီးသွားများအတွက် ဝန်ဆောင်မှုမြှင့်တင်ရန် ကြိုးပမ်းနေ

**ခင်ရတနာ၊ ဓာတ်ပုံ-ခိုင်လွင်**

**နေပြည်တော် ဩဂုတ် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့သည် အေးချမ်းသာယာပြီး သဘာဝအလှအပများစွာ တည်ရှိသည့်အတွက် ခရီးသွားအများစု နှစ်ခြိုက်သည့် ဒေသဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ မိုးတွင်းကာလအတွင်း ခရီးသွားလုပ်ငန်းများ အနည်းငယ်ပါးချိန်တွင် ခရီးသွားဝန်ဆောင်မှုနှင့် ဟိုတယ်ဝန်ဆောင်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် သင်တန်းများပေးအပ်ခြင်းတို့ ပြုလုပ်ကာ လာမည့်ခရီးသွားရာသီအတွက် ပြင်ဆင်နေကြောင်း သိရသည်။

ဩဂုတ် ၉ ရက်ကလည်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးကြပ်၍ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရှမ်းတောင်ဇုန်)မှ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ


*စာမျက်နှာ ၈ ကော်လံ ၂* ✻





မြန်မာ့အလင်း

## မင်္ဂလာသတင်းကောင်း

ယခုဘဏ္ဍာနှစ်၏ ပထမလေးလတာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏအမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံကျော်ရရှိထားပြီဖြစ်ရာ ယခုဘဏ္ဍာနှစ်အတွက် လျာထားချက်ဖြစ်သော အမေရိကန်ဒေါ်လာ ၆ ဘီလီယံ၏ ထက်ဝက်ကျော်ကို ရရှိထားခြင်းဖြစ်ကြောင်း သတင်းကောင်း တစ်ရပ်ထွက်ပေါ်လာသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူ၊ နယ်သာလန်၊ ကိုရီးယားသမ္မတ နိုင်ငံနှင့် ဟောင်ကောင်တို့က လက်ရှိဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအများ ဆုံးငါးနိုင်ငံဖြစ်ပြီး စက်မှုကဏ္ဍ၊ အိမ်ရာနှင့် အဆောက်အအုံဆောက်လုပ်ရေး ကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံ ကြခြင်းဖြစ်ကြောင်းလည်း သတင်းအရ သိရသည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သည့်နှစ်အနည်းငယ်ကပင် ပြည်ပရင်း နှီးမြှုပ်နှံသူများအကြား အသစ်လွင်ဆုံးနှင့် နောက်ဆုံး ကျန်ရှိနေသော ရင်းနှီးမြှုပ်နှံရာနေရာအဖြစ် အာရုံထားလေ့လာမှုများနှင့်အတူ အခွင့် အလမ်းများနှင့် စိန်ခေါ်မှုများအကြား တွက်ဆမှုများလည်း ရှိခဲ့သည်။ ကနဦးရင်းနှီးမြှုပ်နှံသူများအနေဖြင့် "စောစောအိပ်တန်းထသည့်ငှက် ပိုးကောင် ပိုစားရ"သည့်အခွင့်အလမ်းကို ရနိုင်သလို "စောစောထမိသည့် ပိုးကောင် ငှက်အစားခံရ"နိုင်သည့် စွန့်စားမှုမျိုးလည်း ရှိနေသည်ကို ထောက်ပြကြကြောင်း မီဒီယာများတွင် မကြာခဏတွေ့ရှိရသည်။ မြန်မာနိုင်ငံ၏လူဦးရေတွင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိသူ အချိုး အစားမြင့်မြင့်မားမားရှိနေခြင်း၊ လုပ်ခလစာ ချိုသာခြင်း၊ သဘာဝအရင်း အမြစ်များ ပေါများကြွယ်ဝခြင်း၊ ခရီးသွားလုပ်ငန်းအတွက် အလားအလာ ကောင်းများစွာရှိခြင်းတို့က ရင်းနှီးမြှုပ်နှံလိုသူများအတွက် ဆွဲဆောင်မှု များဖြစ်ပြီး ဘဏ္ဍာရေးစနစ်ခေတ်နောက်ကျနေခြင်း၊ လျှပ်စစ်၊ ရေ၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများ လိုအပ် ချက် ကြီးမားနေခြင်း၊ အစိုးရယန္တရား ကြန့်ကြာမှုရှိနေခြင်းစသည်တို့မှာ ပြီးခဲ့သည့် အစိုးရတစ်ဆက်မှသည် လက်ရှိကာလအထိ ပြည်ပရင်းနှီးမြှုပ်နှံ သူများ ထောက်ပြကြသည့် လိုအပ်ချက်များပင်ဖြစ်သည်။

အရေးပါသည့် နောက်ထပ်လိုအပ်ချက်တစ်ရပ်မှာ ကျွမ်းကျင်လုပ် သားရှားပါးမှုပင်ဖြစ်သည်။ နိုင်ငံလူဦးရေတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူ ရာခိုင်နှုန်းမြင့်မားသည်ဆိုသော်လည်း အများစုမှာ ကျွမ်းကျင်လုပ်သားများမဟုတ်ဘဲ ကျေးလက်ဒေသများတွင် နေထိုင်ကြ သူများဖြစ်ကြသည်။ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်ချက်များကို ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့သော နေရာမျိုးတွင် ပြေလည်အောင် ဖြေရှင်းဖန်တီးထားသော်လည်း ဘဏ္ဍာရေးစနစ် ခေတ်မီအောင် အကောင်အထည်ဖော်ခြင်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံလာအောင်၊ တိုးတက်ကောင်းမွန်လာအောင် တည်ဆောက်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ လုပ်ကိုင်ရလွယ်ကူလာအောင် လျင်လျင်မြန်မြန် ဆောင်ရွက်ခြင်းနှင့် ပြည်တွင်းရှိအလုပ်လုပ်နိုင်သော အရွယ်ရှိသူများကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ရေးတို့မှာ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်ဟု ယုံကြည်မိ သည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၇-၂၀၁၈ လက်ရှိဘဏ္ဍာနှစ်၏ ပထမလေးလ ပတ်ကာလအတွင်း နိုင်ငံပေါင်း ၂၁ နိုင်ငံ၊ လုပ်ငန်းပေါင်း ၉၅ ခုမှ ရင်းနှီးမြှုပ်နှံမှုကြောင့် ပြည်တွင်းလုပ်သား ၃၀၀၀၀ ကျော်အတွက် အလုပ် အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ ယခုဘဏ္ဍာနှစ်အတွက် လျာထားချက်ဖြစ်သော ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၆ ဘီလီယံကို ကျော်လွန်သွားနိုင်မည့် အလားအလာကောင်းကိုလည်း မျှော်မှန်းနိုင်မည်ဖြစ်ရာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် မင်္ဂလာ သတင်းကောင်းပင် ဖြစ်ပါကြောင်း။ ။

တစ်နိုင်ငံလုံးပျံ့သည့်သတင်းစာ၊
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်တည်ငြိမ်စေရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးကျော်ကျော်မောင်သည် ဩဂုတ် ၄ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် ဇမ္ဗူသီရိခန်းမ၌ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များအား တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးစဉ် ကမ္ဘာ့နိုင်ငံများ၌ ငွေရေးကြေးရေး ကဏ္ဍ၌ တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည့်အတွက် မိမိတို့ဗဟိုဘဏ်အနေဖြင့်လည်း ငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် မူဝါဒ၊ နည်းဥပဒေ၊ စည်းမျဉ်းများချမှတ်၍ ငွေရေး ကြေးရေးကဏ္ဍ တိုးတက်ရေးအတွက်ဆောင်ရွက်နေကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ပြည်သူများကိုင်တွယ်သုံးစွဲနေသည့် ငွေကြေးနှင့် ပတ်သက်သည့်ကိစ္စရပ်များကို အဆင်ပြေချောမွေ့ စွာလည်ပတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားစေလို ကြောင်း၊ ငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံတကာအဆင့်မီ ငွေ ကြေးလုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုဘဏ်မှ ဝန်ထမ်းများအနေဖြင့်ကြိုးစား၍ အကြံပြုဆောင်ရွက်စေလို ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်တည်ငြိမ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသောစည်းမျဉ်း၊ ညွှန်ကြားချက်များကို ဘဏ်များမှတိကျစွာ လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ရေး ကိစ္စရပ်များစသည်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။




**(သတင်းစဉ်)**

# မကွေးမြသလွန် ဗုဒ္ဓပူဇနီယပွဲတော်အတွက် ဈေးဆိုင်ခန်းများဆောက်လုပ်နေ

**မကွေး ဩဂုတ် ၁၀**

သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့မှ သီတင်းကျွတ်လကွယ်အထိ ရက်၂၀ ကြာကျင်း ပမည့် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၁) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အတွက် ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် ဆောက်လုပ်လျက်ရှိပြီး လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း ဘုရားပွဲတော်ဖြစ်မြောက်ရေးကော်မတီရုံးမှ သိရသည်။

"ဇူလိုင်လ ၂၀ ရက်ကတည်းက ပန္နက်ရိုက်ပြီး စဆောက်နေတာ။ ဆိုင်ခန်းက ၁၁၀၀ ဝန်းကျင်လောက်ရှိမယ်။ လက်ရှိဈေးသည်ဟောင်း ၂၄၇ ဦးအတွက်ဆိုင်ခန်းပေါင်း ၉၅၀ နေရာသတ်မှတ်ချ ထားပြီးပြီ။ ဒီနေ့အထိ ဈေးသည်အသစ် ၁၇ ဦးက ဆိုင်ခန်းပေါင်း၆၅ ခန်းလျှောက်လာပါတယ်" ဟု မြသလွန် ဘုရားပွဲတော်ဖြစ် မြောက်ရေးကော်မတီရုံးမှ တာဝန်ရှိသူ ဦးခင်မောင်သန်းကပြောသည်။



"မနှစ်က လေလံမှာ ဆိုင်ခန်းတစ်ခန်းအတွက် ဆောက်လုပ်ခ ၁၂၃၀၀ ပဲကျတယ်။ ဒီနှစ်တော့ ၁၇၃၀၀ ဖြစ်သွားတယ်။ ပစ္စည်းဈေးနှုန်းတွေအရ ၅၀၀၀ တက်သွားရတာပါ။ လေလံအောင်သူကို ဆောက်လုပ်ခပေးရတဲ့ငွေနဲ့ ဈေးသည်တွေဆီကကောက်ရတဲ့ ဆိုင်ခန်းခငွေကို ချိန်ကြည့်ရင် ဆိုင်ခန်းတစ်ခန်းကို ဘုရားအတွက် ဘဏ္ဍာတော်ငွေကျပ် ၆၇၀၀ ဝန်းကျင်ရတယ်"ဟု ဂေါပကအဖွဲ့ဝင် ဦးညီညီက ပြောသည်။

ပွဲတော်ကာလ၌ စားသောက်ဆိုင်၊ နိဗ္ဗာန်ကုန်ဆိုင်၊ ချုပ်ထည်နှင့်အိတ်ဆိုင်၊ အလှကုန်နှင့် ပလတ်စတစ်ဆိုင်၊ တောင်း၊ ဖျာနှင့် သင်ဖြူးဆိုင်၊ ကြေးသံ၊စတီးနှင့် ပန်းကန်ဆိုင်၊ စောင်၊ ခေါင်းအုံးနှင့် ဖိနပ်ဆိုင်စသည့်ဆိုင်ခန်းပေါင်းတစ်ထောင်ကျော် နှစ်စဉ်ခင်းကျင်း ရောင်းချကြောင်း၊ ဈေးသည်တစ်ဦးလျှင် ဆိုင်ခန်းနှစ်ခန်းမှ ၁၀ ခန်းအထိ လျှောက်ထားရယူမှုများရှိကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၀-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၅/၆၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၇ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၉ ・ ၇၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・ ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂ ・ ၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ・ ၈၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Chung Sye - kyun နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ဒေသတွင်း ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Chung Sye - kyun နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

# လွှတ်တော်၏ ဥပဒေပြုရေးနှင့် လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun ဦးဆောင်သော အဖွဲ့နှင့် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးနှင့် လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အတွေ့အကြုံများ မျှဝေပေးနိုင်ရေး၊ နည်းပညာများ ကူညီပံ့ပိုးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun တို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာခရီးသွားဧည့်သည်များအနေဖြင့် ဥပဒေများပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်ရန်လို

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း(UNESCO)မှ နိုင်ငံတကာဥပဒေရေးရာအကြံပေးပုဂ္ဂိုလ် Mr. Etienne Clement အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11)၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**နားလည်ရန်လို**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုနှင့် ရှေးဟောင်းဆိုင်ရာဥပဒေများမှာ ကောင်းမွန်ပြည့်စုံမှုရှိပါကြောင်း၊ ဥပဒေများအား အကောင်အထည်ဖော်ရာတွင် ထိရောက်အောင်မြင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပြည်သူများနှင့် နိုင်ငံတကာ ခရီးသွားဧည့်သည်များအနေဖြင့် ဥပဒေများပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း။

နှစ်ပေါင်း ၁၀၀ ကျော်သည့် ပစ္စည်းများအား ရှေးဟောင်းပစ္စည်းအဖြစ် သတ်မှတ်သည်ကိုလည်း သိရှိကြရန် လိုအပ်ပါကြောင်း၊ ရှေးဟောင်းပစ္စည်းဖြစ်ပါက နိုင်ငံတော်မှ ပိုင်ဆိုင်ပြီး လွှဲပြောင်းခြင်း၊ ရောင်းချခြင်းဆိုင်ရာကိစ္စရပ်များ ပြုလုပ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်သည်ကို သိရှိရန်လိုအပ်ပါကြောင်း။

**အပြန်အလှန် ဆွေးနွေး**

ဥပဒေများအား အကောင်အထည်ဖော်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် လွန်စွာအရေးကြီးပါကြောင်း စသည်ဖြင့် အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



❀ *ရှေ့ဖုံးမှ*

ရှေးဦးစွာ Mr. Sebastian See- Schierenberg၊ Ms.Katherine Lewiston၊ ဦးအောင်မိုးကျော်၊ ဒေါ်ဒါလီခင်ဇော်၊ Mr. Roger´s Orphanage မိဘမဲ့ဂေဟာ (ရန်ကုန်) နှင့် Kachin Baptist Church (ရန်ကုန်)တို့မှ အမျိုးသား၊ အမျိုးသမီးငယ်လေးများက မြန်မာ - ဆွစ်ဇာလန်နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ် (၆၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းများ သီဆိုဖျော်ဖြေကြသည်။


ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ - ဆွစ်ဇာလန်နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ် (၆၀) ပြည့် အထိမ်းအမှတ်ဂုဏ်ပြုဆုတောင်းစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာ-ဆွစ်ဇာလန်နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ် (၆၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်း သီဆိုဖျော်ဖြေကြသူများအား အမှတ်တရပန်းစည်းပေးအပ်ပြီး နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ- ဆွစ်ဇာလန် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု နှစ်(၆၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်း သီဆိုဖျော်ဖြေကြသူများအား နှုတ်ဆက်စကားပြောကြားစဉ်** (သတင်းစဉ်)



# ထိုင်းတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများကိစ္စနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးမှုဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon Long နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ရေကြီးရေလျှံမှုသဘာဝဘေးကိစ္စ၊ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများကိစ္စ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးမှုအခြေအနေများနှင့် ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံလူမှုရေးဝန်ကြီးများအဆင့် တွေ့ဆုံဆွေးနွေးသွားမည့်အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

"စစ်တွေဘက်ကဆိုရင် ရာသီဥတုအခြေအနေကြည့်ပြီး သင်္ဘောကြီးတွေ၊ စက်လှေကြီးတွေနဲ့ ပင်လယ်ပြင်ကို ဖြတ်ရပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကိုရောက်ဖို့ ၁၀ နာရီလောက် အချိန်ပေးရပါတယ်။ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းကသွားမယ်ဆိုရင် နတ်မြစ်ကိုဖြတ်လိုက်ပြီး နှစ်နာရီလောက်ပဲ အချိန်ပေးရပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

လွန်ခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇူလိုင်လတွင် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၇၅၂၀၅ ဒသမ ၁၇၀ တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇူလိုင်လတွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၂၉၂၂၂ ဒသမ ၃၇၉ သန်း တင်ပို့နိုင်ခဲ့သည့်အတွက် ယခုဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၈၅၄၀၁၇ ဒသမ ၂၀၉ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်ဟု သိရသည်။

❄ *ကျောဖုံးမှ*

ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့မဆိပ်ကမ်းတံတားတွင် ကြိုဆိုကြကာ အစားအသောက်များ လှူဒါန်းကျွေးမွေးကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အလုပ်သမားများ၏ နေရပ်ဒေသများဖြစ်သည့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များသို့ပြန်နိုင်ရေး မော်တော်ယာဉ်စီးနင်းခများနှင့် လမ်းခရီးတွင် စားသောက်ရန်ကုန်ကျစရိတ်များအား ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။ ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ မြန်မာအလုပ်သမား ဝင်ရောက်မှုဦးရေ စုစုပေါင်း ၁၉၉၁ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

❍ *ကျောဖုံးမှ*

မြင်ရင်အံ့ဩသွားပါလိမ့်မယ်။ အခုခြေစမ်းပွဲက အတွေ့အကြုံကိုရယူပြီး လာမယ့်ပြိုင်ပွဲတွေမှာ အောင်မြင်မှုရအောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

အင်တာမီလန် ယူ-၁၈ အသင်း နည်းစနစ်ဒါရိုက်တာ ဘာဂါအလီက "ကျွန်တော်တို့က ရာသီအသစ်အတွက် ပြင်ဆင်တဲ့အနေနဲ့ လာရောက်ကစားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက ချန်ပီယံဆုရခဲ့တဲ့အတွက် ပိုကောင်းလာအောင် ပြင်ဆင်နေတာဖြစ်ပါတယ်။ မြန်မာအသင်းကစားပုံကို မသိပေမယ့် ပွဲကောင်းတစ်ပွဲဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ မြန်မာအသင်းနဲ့ level ကွာတယ်လို့ မထင်ပါဘူး။ မြန်မာအသင်းမှာ သူတို့ကစားဟန်ရှိပါတယ်။ နည်းစနစ်ရော ကစားပုံပါ မတူညီတဲ့အသင်းဆီက ကျွန်တော်တို့ အတွေ့အကြုံကောင်းတွေရနိုင်ပါတယ်။ ဘယ်လိုအတွေ့အကြုံတွေရမလဲဆိုတာကတော့ ခြေစမ်းပွဲကစားမှ သိနိုင်မှာပါ"ဟု ပြောသည်။

မြန်မာ ယူ-၁၈ အသင်းနှင့် အင်တာမီလန် ယူ-၁၈ အသင်းတို့၏ ခြေစမ်းပွဲကို ဩဂုတ် ၁၁၊ ၁၃ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

# အကဲဖြတ်တွင်း ပြည်သစ်(၁)ကို တွင်းယာယီပိတ်သိမ်းမှု ဆက်လက်ဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံ အနောက်ဘက်ကမ်းလွန်ရှိ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(PSC)ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ စမ်းသပ်ခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် MPRL E&P Pte.Ltd (လုပ်ကွက် A-6 ၏ PSC Operator )နှင့် အခြားအစုရှယ်ယာရှင်များဖြစ်သော Woodside Energy (Myanmar) Pte.Ltd နှင့် TOTAL E&P Myanmar ကုမ္ပဏီတို့သည် အကဲဖြတ်တွင်း ပြည်သစ်(၁)ကို ၂၀၁၇ ခုနှစ် ဇွန်၁၀ ရက်တွင် စတင်တူးဖော်ခဲ့ပြီး ဇူလိုင် ၁၅ ရက်တွင် ရည်မှန်းအနက် ၄၅၇၀ မီတာ ၁၄၉၉၃ ပေအထိ တူးဖော်နိုင်ခဲ့ကြောင်း ဩဂုတ် ၇ ရက်က နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးရုံးအတွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူတစ်ဦးက ပြောသည်။

အကဲဖြတ်တွင်း ပြည်သစ်(၁)တွင် တူးဖော်စဉ် Wireline Logging တိုင်းတာမှုမှရရှိသော အချက်အလက်များအရ အနက် ၃၅၄၂ မီတာတွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့် အသားတင်ထုတ်ယူရရှိနိုင်မည့် သဲကြောအထူ ၃၅ မီတာ၊ ၁၁၅ပေခန့်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။ ၎င်းသဲကြောအား သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု စမ်းသပ်ခြင်းကို ဆောင်ရွက်ခဲ့ရာ သဘာဝဓာတ်ငွေ့ တစ်နေ့လျှင် ပျမ်းမျှ ၅၀ ကုဗပေသန်းနှုန်း ထုတ်ယူရရှိ စမ်းသပ်တွေ့ရှိကြောင်း၊ အကဲဖြတ်တွင်း ပြည်သစ်(၁)ကို တွင်းယာယီပိတ်သိမ်းမှု လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းတူးဖော်ရေးသင်္ဘော (Drill-Ship) Dhirubhai Deep-water KG 2 (DDKG 2) သည် လုပ်ကွက်အမှတ် A-6 ၏ အနောက်ဘက်ခြမ်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုအလားအလာကို လေ့လာစူးစမ်းနိုင်ရန်အတွက် ရှာဖွေရေးတွင်း ပြည်သာယာ(၁)ကို ဆက်လက်တူးဖော်မည်ဖြစ်ရာ ယခု ဩဂုတ်လအတွင်း စတင်တူးဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ့ကမ်းလွန်လုပ်ကွက် A-6 တွင် MPRL E & P ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှု ၂၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံ Woodside Energy (Myanmar) Pte.Ltd မှ ၄၀ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံ TOTAL E & P Myanmar ကုမ္ပဏီမှ ၄၀ ရာခိုင်နှုန်းအချိုးကျပါဝင်ကာ ရှာဖွေ၊ တူးဖော်ခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ကွက်အမှတ် A-6 တွင် တူးဖော်ခဲ့သည့် တွင်းသုံးတွင်းအနက် ပထမဆုံးအောင်မြင်ခဲ့သည့် ပြည်သာ(၁)တွင်းမှအစပြု၍ သဘာဝဓာတ်ငွေ့ကို ရှာဖွေတွေ့ရှိခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် တူးဖော်ခဲ့သည့် ဒုတိယရှာဖွေရေးတွင်း ရွှေရည်ထွန်း(၁)မှလည်းကောင်း၊ ပြည်သစ်(၁)တွင်းတွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့် သဲကြောကို တတိယအကြိမ်မြောက်ဖြစ်လည်းကောင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း။

လုပ်ကွက်အမှတ် A-6 တွင် ရှာဖွေရေးတွင်း/ အကဲဖြတ်တွင်းများ ဆက်လက် တူးဖော်သွားမည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့ခိုအောင်းမှု ပမာဏသည် စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း၊ တွေ့ရှိပါက ဆက်လက်တူးဖော်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါရှာဖွေတွေ့ရှိမှုများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင် ထုတ်လုပ်ပေးနိုင်မည့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ရှင်းလင်းပြောကြားသည်။ အဆိုပါအခမ်းအနားတွင်နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများနှင့်ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။



**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့်တည်ခင်း

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီးတို့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-kyun နှင့် ဇနီး ဦးဆောင်သော ကိုရီးယားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးနှင့် လွှတ်တော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အပြန်အလှန်ဆုတောင်းစကားပြောကြားကြပြီး အတူတကွ ညစာသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များအား ပန်းခြင်းပေးအပ်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ **H.E. Mr. Chung Sye-kyun** နှင့် ဇနီးအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Parinya Khoonnasee နှင့် အဖွဲ့အား တွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၆)ကြိမ်မြောက် မြန်မာ-ထိုင်း **Senior Staff Talks** အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်မှ **Lt. Gen. Parinya Khoonnasee** နှင့် အဖွဲ့အား တွေ့ဆုံစဉ်

နေပြည်တော် ဩဂုတ် ၁၀

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် (၆)ကြိမ်မြောက် မြန်မာ-ထိုင်း Senior Staff Talks အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Parinya Khoonnasee နှင့် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က Senior Staff Talks အစည်းအဝေးသည် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အရေးပါသည့် ပူးပေါင်းလုပ်ဆောင်မှုများအတွက် များစွာ အထောက်အကူရစေသည့်အပြင် မိမိတို့နှစ်နိုင်ငံအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေပါကြောင်း၊ မိမိတို့တပ်မတော်နှစ်ရပ်အကြား ပုံမှန်ပြုလုပ်နေသည့် Township Border Committee၊ Regional Border Committee၊ Senior Staff Talks နှင့် High Level Committee အစည်းအဝေးများသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်စေပြီး ဒေသတွင်းနိုင်ငံများအတွက်ပါ စံနမူနာတစ်ရပ်ဖြစ်စေကြောင်း၊ ရိုးသားပွင့်လင်းမှုနှင့် ယုံကြည်မှုမှာ အရေးကြီးကြောင်း ဆွေးနွေးပြောကြားသည်။

ထိုင်း Senior Staff Talks အဖွဲ့ခေါင်းဆောင် Lt. Gen. Parinya Khoonnasee က (၆)ကြိမ်မြောက် Senior Staff Talks အစည်းအဝေးတွင် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုနှင့် ရလဒ်ကောင်းများရရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိသည်။

နံနက် ၇ နာရီမှစတင်၍ ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာ ကုန်သည်များသည် မဏိရတနာကျောက်စိမ်းဝင်းအတွင်း သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်မျက်ရတနာများကို လေ့လာကြည့်ရှုကြပြီး တင်ဒါများကို လွတ်လပ်စွာတင်သွင်းလျက်ရှိသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၄၄၀၁ မှ ၅၅၀၀ ထိ ကျောက်စိမ်းအတွဲ ၁၁၀၀ မှ တင်ဒါအောင်မြင်သူများစာရင်းကို ထုတ်ပြန်ကြေညာပြီး တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ ကျောက်စိမ်းအတွဲအမှတ် ၅၅၀၁ မှ ၆၅၆၁ ထိ ကျောက်စိမ်းအတွဲ ၁၀၆၁ တွဲ၏ တင်ဒါတင်သွင်းခြင်းကို ယနေ့ ညနေ ၅ နာရီခွဲတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်းနှင့် ဝယ်ယူခွင့်ရရှိသူများစာရင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းမှစတင်၍ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြသရောင်းချပွဲသို့ ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုမ္ပဏီ ၁၉၉၄ ခုနှင့် ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည် ၅၃၁၁ ဦး တက်ရောက်ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ယနေ့အထိ ကျောက်စိမ်းအတွဲအမှတ် ၁ မှ အတွဲအမှတ် ၅၅၀၀ ထိ ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၄၂၈၂ တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Chung Sye-kyun သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ Minister Counsellor H.E. Mr. Kim Jung Han နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

# တွေးခေါ်မြော်မြင်နိုင်မှုကို ဆန်းစစ်ဖော်ထုတ်သောမေးခွန်းများ ပိုမိုထည့်သွင်းမည့် ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာ

**ခိုင်ထွန်းကျော်**

**သင်ကြားသင်ယူမှုနှင့် စစ်ဆေးတိုင်းတာမှုလုပ်ငန်းများကို ချိတ်ဆက်အကောင်အထည်ဖော်ရာ၌ သင်ကြားသင်ယူမှုအပိုင်းတွင် ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းနိုင်မှုနှင့် ဝေဖန်ပိုင်းခြားနိုင်မှုအရည်အသွေးများပြည့်ဝလာအောင် လုပ်ဆောင်ပေးရမည်ဖြစ်သကဲ့သို့ စစ်ဆေးတိုင်းတာမှုအပိုင်းတွင် ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ပြဿနာဖြေရှင်းနိုင်မှုတို့ကို ဦးတည်စစ်ဆေးပေးနိုင်အောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။**

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာကို ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှုကို အားပြုသည့် အလေ့အထမှ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် လေ့လာသင်ယူမှုဖြစ်စဉ်အပေါ်တွင် အခြေခံ၍ ဖြေဆိုနိုင်မည့် အလေ့အထသို့ ပြောင်းလဲရန်အတွက် တွေးခေါ်မြော်မြင်နိုင်မှုကို ဆန်းစစ်ဖော်ထုတ်သောမေးခွန်းများကို ပိုမိုထည့်သွင်းရမည်ဖြစ်သည်။

စာမေးပွဲဆိုသည်မှာ သင်ကြားသင်ယူမှုနှင့် စစ်ဆေးတိုင်းတာမှုကို ချိတ်ဆက်ဆောင်ရွက်ရသောလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် သင်ကြားသင်ယူမှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်သည့်အခါ ကျောင်းသားကျောင်းသူများအတွက် အောက်ပါသင်ယူမှုရလဒ်များကို ရရှိရန် ရည်ရွယ်ပါသည်။ ယင်းတို့မှာ-

- (၂၁) ရာစုနှစ် ကျွမ်းကျင်မှုနှင့် အသိပညာများရရှိစေရန်
- ဘာသာရပ်အလိုက်၊ သင်ခန်းစာတစ်ခုချင်းအလိုက် သင်ရိုးအားလုံး ကျွမ်းကျင်စွာ လွှမ်းခြုံလေ့လာမှုရှိစေရန်
- ဘာသာရပ်သင်ရိုးတစ်ခုစီအတွက် လိုအပ်သည့် အသိပညာဗဟုသုတ (Knowledge)၊ ကျွမ်းကျင်မှု (Skill)၊ အတွေးအခေါ် အယူအဆ (Concept) နှင့် ကောင်းမွန်သောစိတ်နေစိတ်ထား (Attitude) များရရှိစေရန်
- ဖတ်စာအုပ်ကို အလွတ်ကျက်မှတ်၍ ဖြေဆိုမှုလျော့နည်းစေရန်
- ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှု (Critical Thinking) ဖွံ့ဖြိုးတိုးတက်လာစေရန်

တို့ဖြစ်သည်။

စစ်ဆေးတိုင်းတာမှုလုပ်ငန်းသည် အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်ခြင်း ရှိ၊ မရှိ လေ့လာဆန်းစစ်ရသည့် လုပ်ငန်းဖြစ်ပါသည်။ သို့ဖြစ်ရာ တွေးခေါ်မြော်မြင်မှုနှင့်ဆိုင်သောမေးခွန်းများ ထည့်သွင်းစစ်ဆေးခြင်းသည် လွန်စွာအရေးကြီးပါသည်။

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းလွှာပုံစံ (Question Format) လုံးဝပြောင်းလဲမည် မဟုတ်ပါ။** ဆိုလိုသည်မှာ မေးခွန်းတည်ဆောက်မှုပုံစံအနေဖြင့် ယခင်နှစ်များအတိုင်းဖြစ်ပါသည်။ သို့ရာတွင် ဘာသာရပ်တစ်ခုချင်းအပေါ်မူတည်၍ အချို့သော ဓမ္မဓိဋ္ဌာန်မေးခွန်း၊ မေးခွန်းတို၊ မေးခွန်းရှည်များကို ကျောင်းသုံးစာအုပ်ထဲက ပြဋ္ဌာန်းထားသည့်အတိုင်း တစ်ထပ်တည်းမေးမည် မဟုတ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အချို့သောမေးခွန်းများကို ကိုယ်ပိုင်အတွေးအခေါ်ဖြင့် စဉ်းစားဖြေဆိုကြရမည်ဖြစ်ပါသည်။

ယခင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာ၏ အချို့မေးခွန်းများတွင် ကျောင်းသား ကျောင်းသူတို့၏ စဉ်းစားတွေးခေါ်မှုထက် ရွေးချယ်ကျက်မှတ်မှုကို အားပေးသကဲ့သို့ဖြစ်နေပါသည်။ သို့ဖြစ်၍ နှစ်စဉ်မေးနေကျ ပုံစံတူမေးခွန်းများအစား တွေးခေါ်မြော်မြင်နိုင်မှုကိုအားပြုသော မေးခွန်းများကို ပိုမိုထည့်သွင်းခြင်းဖြင့် မေးခွန်း၏ အနှစ်သာရမြင့်မားလာမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူတို့၏ တတ်မြောက်မှုသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာတွင် ယခင်နှစ်များကကဲ့သို့ပင် Objective Type မေးခွန်းများ ပါဝင်မည်ဖြစ်သည့်နည်းတူ သင်ရိုးတစ်ခုလုံးကို ခြုံငုံ၍ စဉ်းစားတွေးခေါ်ဖြေဆိုရန်လိုအပ်သည့် မေးခွန်းများလည်း ပါဝင်မည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများသည်လည်း မိမိ၏တတ်မြောက်ကျွမ်းကျင်မှုအဆင့်နှင့်အညီ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်ကို အခက်အခဲမရှိ ဆက်လက်ဆည်းပူးကြပြီး အနာဂတ်နိုင်ငံတော်ကိုတည်ဆောက်မည့် တွေးခေါ်မြော်မြင်မှုမြင့်မားသော လူသားကောင်းများဖြစ်ထွန်းလာနိုင်မည် ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာပုံစံသစ်ကို ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါသည်။ အများပြည်သူ သိရှိနိုင်စေရန်အတွက် အနည်းဆုံးတစ်နှစ် ကြိုတင်အသိပေးမည်ဖြစ်ပါသည်။ ။

> **❑ နှစ်စဉ်မေးနေကျ ပုံစံတူမေးခွန်းများအစား တွေးခေါ်မြော်မြင်နိုင်မှုကို အားပြုသော မေးခွန်းများကို ပိုမိုထည့်သွင်းခြင်းဖြင့် မေးခွန်း၏ အနှစ်သာရ မြင့်မားလာမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူတို့၏ တတ်မြောက်မှုသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂရုံးခန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၀**



မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂရုံးခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတက္ကသိုလ်အတွင်းရှိ ကျောင်းသားသမဂ္ဂ အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားသမဂ္ဂအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားသမဂ္ဂရုံးခန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သည့်အတိုင်း အနာဂတ်ကိုပိုင်ဆိုင်သော ကျောင်းသားကျောင်းသူများအနေဖြင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားပြီး တိုင်းပြည်၏ ကောင်းကျိုးသယ်ပိုးနိုင်ရန်နှင့် နိုင်ငံတကာတွင်ရှိသော လူငယ်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူငယ်များဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာ တက္ကသိုလ်များတွင် ပညာသင်ယူနေသည့် ကျောင်းသားများတွင် အဖွဲ့အစည်းများရှိကြပြီး တက္ကသိုလ်ကျောင်းသားအချင်းချင်းပူးပေါင်းကာ သင်ယူနေသည့် ဘာသာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တက္ကသိုလ်၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်း ဆောင်ရွက်နေကြပါကြောင်း၊ မိမိတို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည်လည်း အချင်းချင်းတွေ့ဆုံ ပူးပေါင်းကူညီ ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းသားသမဂ္ဂရုံးခန်းကို ဖွင့်လှစ်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ဘွဲ့ရရှိသွားသည့်အခါတွင်လည်း နိုင်ငံတကာတွင်ရှိသော လူငယ်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူငယ်များအဖြစ် ကျရာအခန်းကဏ္ဍမှ ကိုယ့်ဒေသ၊ ကိုယ့်တိုင်းပြည်အတွက် တန်ဖိုးရှိသော ပူးပေါင်းဆောင်ရွက်မှုဖြင့် ပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂရုံးခန်း ဖွင့်လှစ်ပွဲ အမှတ်တရပစ္စည်းများ ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုဖွင့်ပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက အမှာစကား ပြောကြားရာတွင် နေ့စဉ်စားသုံးသည့် အစားအစာများတွင် လိုအပ်သည့်အာဟာရများပြည့်ဝနေရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထုအတွင်း အာဟာရပြည့်ဝအောင် ပြင်ဆင်ချက်ပြုတ်စားသုံးတတ်မှုနည်းပါးခြင်း၊ အချို့သောရောဂါပိုးများ ကူးစက်ခံရခြင်းနှင့် နာတာရှည်ရောဂါများကြောင့် အာဟာရချို့တဲ့ခြင်း၊ လွန်ကဲခြင်းများဖြစ်တတ်ကြောင်း၊ အထူးသဖြင့် ငါးနှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များသည် အာဟာရချို့တဲ့ အခံစားရဆုံးအုပ်စုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ အာဟာရအခြေအနေ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် အခြေခံအချက်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်းက ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် စနစ်မှန်သွားတိုက်နည်းအကြောင်း သရုပ်ပြသပြီး အထိမ်းအမှတ်ပန်းချီ ကာတွန်းဆုရရှိသူများ၊ စံပြမိခင်များအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့်တာဝန်ရှိသူများက အိုင်အိုဒင်းဆားများကို အရည်အသွေးစစ်ဆေးခြင်း၊ ပြခန်းအား လှည့်လည်ကြည့်ရှုခြင်း၊ ကလေးငယ်များအား ဗီတာမင်ဆေးလုံးနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို သန်ဓာတ်ဆေးနှင့် ဗီတာမင်ဘီဝမ်းဆေးများ ဖြန့်ဝေပေးခြင်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန် / ဆက်)**



# နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဝင်စာရင်းများကို ဥပဒေနှင့်အညီ ပိုမိုအဆင်ပြေနိုင်ရေးအတွက် ဆောင်ရွက်သွားရန် အစီအစဉ်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်သူများအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆)များကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနများသို့ သွားရောက်လုပ်ကိုင်သည့်နေရာတွင် အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြောကြားသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ ၆၆/၆)များကို ဥပဒေနှင့်အညီ အဆင်ပြေချောမွေ့စွာ ရရှိနိုင်ရေး ပိုမိုကြပ်မတ်၍ အလေးထားဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းအား မေးမြန်းစဉ် ဦးဝင်းဝင်းက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

### မတိုင်ကြားရဲ

ထို့ပြင် ဦးဝင်းဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆)များပြုလုပ်ရာတွင် သတ်မှတ်နှုန်းထားများထက် ငွေကြေးများ တောင်းခံနေကြောင်း၊ ငွေကြေးမပေးရပါက အကြောင်းအမျိုးမျိုးပြ၍ လိုအပ်ချက်များ ရှိနေသေးသည်ဟုဆိုကာ ရက်ချိန်းများပေး၍ အချိန်ကို လာဘ်စားနေသည်ဟု သိရှိရကြောင်း၊ သတ်မှတ်နှုန်းထားထက် ပိုတောင်းနေခြင်း၊ အချိန်ကို လာဘ်စားနေခြင်းများ ရှိနေသည့်အတွက် ခိုင်လုံသည့်အထောက်အထားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုင်ကြားနိုင်ကြောင်း ပြောသော်လည်း အထောက်အထားယူရန်ခက်ခဲကြောင်းနှင့် မတိုင်ကြားရဲဖြစ်နေပါကြောင်း လွှတ်တော်သို့ တင်ပြခဲ့သည်။

ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဝင်စာရင်းများကို ဥပဒေနှင့်အညီ ပိုမိုအဆင်ပြေချောမောနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည့် အထောက်အထား၊ အချက်အလက်များကို အတတ်နိုင်ဆုံးဖြေလျှော့ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မဖြစ်မနေကောက်ခံရမည့် အနည်းဆုံးလိုအပ်ချက်များကိုသာ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာ ကျောင်းများတွင် ၁၀ နှစ်ပြည့်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

မှတ်ပုံတင်ကတ်ပြားများကို နှစ်စဉ် ကျောင်းဖွင့်ချိန်များတွင် ဆောင်ရွက်ပေးနေပါကြောင်း၊ ယင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် ယခုအချိန်အထိ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မူလနေထိုင်ရာဒေသမှ အခြားဒေသသို့ ပြောင်းရွှေ့နေထိုင်ကြရာတွင် ၎င်းတို့မှာ ပြောင်းရွှေ့(ပုံစံ-၁၀)ထုတ်ယူခြင်း မရှိခဲ့သော်လည်း သက်ဆိုင်ရာ ရောက်ရှိသည့်ဒေသတွင် (ပုံစံ-၁၀) မပါဘဲ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ထုတ်ယူနိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ကွင်းဆင်းဆောင်ရွက်ပေး

အချို့ဒေသများတွင် အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရန်ကျန်သည့် လူဦးရေအများအပြားရှိသည့်အခါတွင် သက်ဆိုင်ရာ မြို့နယ်ရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပေါင်းစပ်၍ အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းအစီအစဉ်ကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုများ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းရရှိရေးအတွက် နည်းလမ်း ၄ သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၏ **မြောက်ဦးမြို့နယ်အတွင်း ပညာရေးကောလိပ် အသစ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍



မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်း

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ပညာရေးကောလိပ်တစ်ခုဖွင့်လှစ်ထားပါကြောင်း၊ ယင်းကောလိပ်တွင် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်း (DTEd)နှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ ဒီပလိုမာသင်တန်း(PPTT)များမှ နှစ်စဉ်သင်တန်းသား ၆၀၀ ခန့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း။

### လိုအပ်ချက်နှင့်အညီ

မြောက်ဦးခရိုင်အတွင်း ဆရာနှင့်ကျောင်းသားအချိုးမှာ သင့်တင့်မျှတမှု ရှိနေခြင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပညာရေးကောလိပ်အသစ်တစ်ခုအတွက် ဘဏ္ဍာငွေလျာထားမှုမရှိခြင်းတို့ကြောင့် လတ်တလော ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိပါကြောင်း၊ နောင်တွင်တိုးတက်လာမည့် ကျောင်းသားဦးရေနှင့် လိုက်လျောညီထွေစွာ ဆရာများလိုအပ်သည့်အခါ လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ခနဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းနှင့် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်တို့၏ ဘက်စုံပညာပြိုင်ပွဲများ ပြန်လည်ကျင်းပပေးရေး၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ရှိ တက္ကသိုလ်အားကစားရုံအား ပြုပြင်ပေးရေး၊ အိမ်အကူအမျိုးသမီးလုပ်သားများ၏အခွင့်အရေးများ ကာကွယ်ပေးရေး၊ မင်းတပ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံး တည်ဆောက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ဖြေကြားခဲ့ကြသည်။

ထို့နောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်းက **တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံထားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ကော်မတီ၏အစီရင်ခံစာကို တင်သွင်းသည်။

### အရေးယူဆောင်ရွက်ခြင်းမပြု

အစီရင်ခံစာတင်သွင်းရာတွင် ဦးထွန်းထွန်းဟိန်က အမျိုးသားလွှတ်တော်သည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ဖြင့် အရေးယူခံရလျှင် အာမခံရရှိရန်၊ ပုဒ်မ ၈၀ ပုဒ်မခွဲ (ဂ)အဖြစ် "ပုဒ်မ ၆၆ ပုဒ်မခွဲ (က)(ခ)နှင့် (ဃ)တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်သည့်ပြစ်မှုများအဖြစ်သတ်မှတ်သည်"ဟုလည်းကောင်း၊ ပုဒ်မခွဲ(ဃ)ကို "အသရေဖျက်ခံရသူ သို့မဟုတ် ၎င်းက ကိုယ်စားလှယ်လွှဲခံရသူက တိုင်တန်းချက်မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုနိုင်စေရန်" ဟုလည်းကောင်း ဖြည့်စွက်ပြင်ဆင်ထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ၏ ပြစ်ဒဏ်ကို သုံးနှစ်ထိထောင်ဒဏ်ဟု သတ်မှတ်မည့်အစား သုံးနှစ်အောက်ထောင်ဒဏ်ဟု ပြင်ဆင်လိုက်ပါက ပုဒ်မ ၆၆ ပါ ပြစ်မှုများသည် အာမခံပေးရမည့် ပြစ်မှုအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း ထည့်သွင်းတင်ပြသည်။

ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာထားသည်။ **ကျော်သူထက် (သတင်းစဉ်)**

---

# အကြွေစေ့သုံးလောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ်ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဘဏ္ဍာရန်ပုံငွေရရှိပါက

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **စလင်းမြို့မှ လက်ရှိအားကစားကွင်းကို အဆင့်မြှင့်တင်ပြုပြင်ပေးပြီး မိုးလုံလေလုံအားကစားကွင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စလင်းမြို့မှ လက်ရှိအားကစားကွင်းအား အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးလုံလေလုံအားကစားရုံနှင့် အထူးတန်းပွဲကြည့်စင်တည်ဆောက်ခြင်း လုပ်ငန်းများအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဦးစားပေးလုပ်ငန်းအလိုက် နှစ်စဉ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားတင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း၊ ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာ ဇော်လင်းထွဋ်၏ **အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များအား သက်ဆိုင်ရာ ဘာသာရပ်တစ်ခုချင်းစီအလိုက် အထူးပြုမဟာဘွဲ့လွန်ပညာများ ဆက်လက်သင်ကြားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များကို အထူးပြုမဟာဘွဲ့လွန်သင်တန်းများ တက်ရောက်ခွင့်ပြုပါက လက်ရှိတက်ရောက်နေသည့် သင်တန်းသားဦးရေထက်များပြားလာပြီး မဟာသိပ္ပံသင်တန်းများ သင်ကြားပို့ချပေးနိုင်သည့် သင်ကြားရေး ဆရာ၊ ဆရာမများနှင့် သင်ကြားရေးအထောက် အကူပြုပစ္စည်းများ ပိုမိုလိုအပ်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ ပြင်ပဆရာဝန်များအတွက် မဟာသိပ္ပံသင်တန်းများ သင်ကြားပို့ချပေးနိုင်မည့် အခြေအနေ အရပ်ရပ် ပြည့်စုံ၍ အဆင်သင့်ဖြစ်နိုင်မည့် ၂၀၁၉ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး အထွေထွေသွားရောဂါဒီပလိုမာရရှိပြီးသူ ပြင်ပသွားဆရာဝန်များ အပါအဝင် ဝင်ခွင့်ရရှိသူ (ဝန်ထမ်း + ပြင်ပ) စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့်ကို ခေါ်ယူတက်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးခင်ဇော်ဦးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်တို့ ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

### စိုးရိမ်စိတ်များဖြစ်ပေါ်

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၏ **ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း (Game) ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center) ဟုသဏ္ဍာန်ဆောင် အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြရသဖြင့် ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ ကျော်သန်းထွန်း(ကန်တုန်)နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ဝင်းမြင့်ချစ်တို့က ထောက်ခံဆွေးနွေးကြသည်။



ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)



ဒေါက်တာဝင်းမြင့်ချစ် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ဝင်းမြင့်ချစ်က လောင်းကစားနည်းများအနက် အကြွေစေ့သုံး လောင်းကစားမှုများသည် ယနေ့ကျောင်းသားလူငယ်များ အပါအဝင် လူကြီး၊ လူလတ်၊ လူငယ်၊ ကျားမ မရွေး တောရောမြို့ပါ နေရာအနှံ့အထိန်းမဲ့ ပြုလုပ်နေပါက တစ်ဦးချင်းစီ၏ စီးပွားပျက်ရာမှ တစ်မိသားစုလုံး၏ အကျိုးစီးပွားဆုံးရှုံးခြင်း ထိုမှတဆင့် မတရားမှုကို ထုံလာသည့် အကျင့်စာရိတ္တပျက်ယွင်းမှုသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို ယုတ်လျော့ခြင်း၊ ထိုထက်ပိုဆိုးသည်မှာ လောင်းကစားခြင်းနှင့် တစ်ဆက်တစ်စပ်တည်း ပူးပေါင်းပါဝင်လာသည့် လူဆိုးလူမိုက်အဖွဲ့များ၊ အကျင့်ပျက် တာဝန်ရှိသူများကြောင့် ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လျော့နည်းလာခြင်းများသည် နိုင်ငံသားတိုင်း မျှော်မှန်းထားသော ဒီမိုကရေစီနိုင်ငံတော်သို့သွားသည့် အကူးအပြောင်းကာလတွင် အဟန့်အတားဖြစ်နိုင်ပြီး အေးချမ်းမှုကို ပျက်ပြားနိုင်သည်အထိ ဖြစ်လာမည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အတွက် အဆိုရှင်၏ အဆိုတိုင်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း စသည်ဖြင့် ထောက်ခံအကြံပြုဆွေးနွေးသည်။

### ဆက်လက်ဆွေးနွေးသွားရန်

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ၄၂ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ကို ဩဂုတ် ၁၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော်**




# မဲခေါင်ဒေသလုံခြုံရေးညှိနှိုင်းဆောင်ရွက်မှုဗဟိုဌာန ဖွင့်ပွဲအခမ်းအနား ကျိုင်းတုံမြို့၌ ကျင်းပ

**နေပြည်တော်　ဩဂုတ်　၁၀**

ကျိုင်းတုံမြို့အမှတ်(၅)ရပ်ကွက်ရှိ Amazing Kyaingtong Hotel အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၀ ရက်က မဲခေါင်ဒေသလုံခြုံရေးညှိနှိုင်းဆောင်ရွက်မှုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ဇော်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သတင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မြဝင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မြင့်အောင်နှင့် တာဝန်ရှိသူများ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျိုင်းတုံမြို့ အမှတ်(၂၈)မူးယစ်တပ်ဖွဲ့စုရုံးဝင်းအတွင်းရှိ မဲခေါင်မြစ်ဝှမ်းဒေသ မူးယစ်သတင်းဖလှယ်ပေါင်းစပ်ညှိနှိုင်းရေးရုံးကို ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးနှင့် ကိုယ်စားလှယ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးကရုံးခန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၇နိုင်ငံတကာလူငယ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် အနုပညာပွဲတော်ကျင်းပမည်

**မုံရွာ　ဩဂုတ်　၁၀**

၂၀၁၇ ခုနှစ် နိုင်ငံတကာလူငယ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ ကျင်းပမည့် ကိုယ်တိုင်ဆင်နွှဲ Youth 4Peace အနုပညာပွဲတော်ကို ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီတွင် မုံရွာမြို့ ကန်သာယာလွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“ငြိမ်းချမ်းရေးသီချင်း ရှစ်ပုဒ်ဆိုမယ်။ ငြိမ်းချမ်းရေးကဗျာတွေကို လူငယ်တွေက ရွတ်ကြမယ်။ ပွဲအပြီးမှာ မြန်မာပြည်ငြိမ်းချမ်းပါစေလို့စုအော်ပြီး မိုးပျံပူဖောင်းအပြာရောင်တွေကို ကောင်းကင်ယံလွှတ်တင်ကြပြီး ကန်သာယာမှာ လူငယ်တွေ အမှိုက်ကောက်ကြမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်ကလုပ်မှာဖြစ်ပြီးမှန်းထားတာကတော့ ကဏ္ဍပေါင်းစုံက လူငယ် ၁၀၀ လောက်နဲ့ စုပေါင်း လုပ်ဖြစ်ကြမှာပါ” ဟု ကိုဇော်သူရိန်ထွန်းက ပြောပြသည်။ နိုင်ငံတကာလူငယ်များနေ့ ဂုဏ်ပြုအစီအစဉ်များကို မြန်မာနိုင်ငံနေရာအနှံ့တွင် ကျင်းပရန်စီစဉ်ထားရာ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ရေစကြို စသည့်ဒေသများတွင် ကျင်းပမည်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

*✻ ရှေ့ဖုံးမှ*

သင်တန်းများကို ဖွင့်လှစ်ကာ ဒေသခံလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ပြင်ဆင်ပေးလျက်ရှိသည်။ အခမ်းအနားကို ကလောမြို့ရှိ Hill Top Villa Hotel ၌ ကျင်းပခြင်းဖြစ်ပြီး တောင်ကြီးရုံးခွဲမှ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်နှင့် လုပ်ငန်းရှင်များ၊ အသင်း တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ညီနောင်အသင်းများနှင့် ဧည့်လမ်းညွှန်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယခုဖွင့်လှစ်မည့် သင်တန်းတွင် ဝါရင့်ဆရာများ သင်ကြားပေးမည်ဖြစ်သောကြောင့် သင်တန်းကို မပျက်မကွက်တက်ရောက်ကြရန်နှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို တက်ရောက်လျှင် အဆင်ပြေစေရန်အတွက် ယခုလို မိုးတွင်းကာလ ဧည့်သည်နည်းပါးချိန်တွင် ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း၊ ကလောဒေသသည် မြန်မာနိုင်ငံခရီးစဉ် ဒေသများအနက် အရေးပါသည့် ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ ခရီးစဉ်ဒေသဖွံ့ဖြိုးရေးအတွက် ယခင်က ဒေသဆိုင်ရာဧည့်လမ်းညွှန် (အခြေခံ) သင်တန်းသုံးကြိမ်အထိ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကာ သင်တန်းသား၊ သင်တန်းသူ ၃၃၁ ဦးအထိ လေ့ကျင့်သင်ကြားနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောကြားသည်။

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးသို့ ကလောမြို့နှင့် ပတ်ဝန်းကျင်ရှိ ဒေသများမှ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူ ၉၂ ဦး တက်ရောက်ကြမည် ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းများ ပေးအပ်ခြင်းအပြင် ကလောမြို့အတွင်းရှိ ဟိုတယ်များကို အဆင့်မြှင့်တင်ခြင်း၊ ဟိုတယ်ဝန်ထမ်းများအား ဝန်ဆောင်မှုအတွက် ပြင်ဆင်ပေးခြင်းနှင့် ခရီးစဉ်နေရာများ မြှင့်တင်ပေးခြင်းတို့ကို ဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များက ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသန္တရခရီးသွားလုပ်ငန်းများ၊ ရှုခင်းကြည့်၊ လေ့လာရေး စသည့် ခရီးစဉ်များအပြင် နောက်ပိုင်းတွင် တောတွင်းခရီးတိုများကြောင့် ပွင့်လင်းရာသီတွင် ကလောဒေသသို့ ခရီးသည်ဝင်ရောက်မှုမှာ ရှမ်းပြည်နယ်အတွင်း ဒုတိယအများဆုံး လာရောက်သည့် နေရာတစ်ခုအဖြစ် ရှိနေကြောင်း သိရသည်။



ပြည်တွင်း ပြည်ပခရီးသွားများ အပန်းဖြေစိတ်ကျေနပ်စေသည့် ရှမ်းပြည်နယ် ကလောမြို့ရှုခင်းကိုတွေ့ရစဉ်

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ်လ(၂)ရက်နေ့မှ (၈)ရက်နေ့အထိ ထွက်ရှိသော စာအုပ်များစာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | သမိုင်းကို ပြောပြခဲ့သော ကာတွန်းများ | အောက်တိုဘာ အောင်ကြီး | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂ | ရှင်မဟာရဋ္ဌသာရ | မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း | ၄၀၀၀ | ။ |
| ၃ | ဩ်-ချစ်တာချစ်တာ-သာခု၏တစု-၃ | သာခု | ၈၀၀၀ | ။ |
| ၄ | မြေကမ္ဘာရဲ့ မိခင်နတ်သမီး | မောင်နီဦး | ၄၀၀၀ | ။ |
| ၅ | ဆင်ပျံရှင်နှင့်ဝတ္ထုညွှန့်ပေါင်းချုပ် | ဒဂုန်ခင်ခင်လေး | ၅၀၀၀ | ။ |
| ၆ | အမရပူရဒေသ၊ အမရပူရခေတ်၊ အမရပူရလွှတ်တော်နှင့် အခြားသုတေသနဆောင်းပါးများ | ကိုပညာ(အမရပူရ) | ၂၀၀၀ | ။ |
| ၇ | ကမ္ဘာ့စာပေတစေ့တစောင်းနှင့် ကမ္ဘာ့ဝတ္ထုအညွှန်း | နတ်နွယ် | ၄၅၀၀ | ။ |
| ၈ | ကျွန်တော်မူးယစ်ဆေးသမား | ဦးမျိုးကြီး | ၁၅၀၀ | ။ |
| ၉ | ငါး (သို့မဟုတ်)အမှန်တရားတစ်ခုခု | ထွန်းဝေမြင့် | ၂၇၀၀ | ။ |
| ၁၀ | သည်အရွယ် | မောင်သိန်းတန် | ၂၅၀၀ | ။ |
| ၁၁ | လောကီထုပ္ပတ် လူတို့ဇာတ် | မြို့မကျောင်းဆရာဦးစံထွား | ၉၀၀၀ | ။ |
| ၁၂ | စာရေးခြင်းအတတ် | ရန်ကုန်ဘဆွေ | ၅၅၀၀ | ။ |
| ၁၃ | လယ်တီပဏ္ဍိတ | မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်း | ၂၀၀၀ | ။ |

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁၄ | ကျော်အောင်စံထား | မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၅ | လယ်တီဦးကောဝိဒ | ။ | ၁၅၀၀ | ။ |
| ၁၆ | နှလုံးသားဘဏ်တိုက်မှ ရွှေဆည်းလည်း ရတနာများ | စန္ဒရားလှထွဋ် | ၂၀၀၀ | ။ |
| ၁၇ | စာအုပ် (၁၈)အုပ် | သုခမိန်လှိုင် | ၂၀၀၀ | ။ |
| ၁၈ | အစိုးရကောင်းကြောင်း၊ မကောင်းကြောင်း | ချစ်ဝင်းမောင် | ၂၀၀၀ | ။ |
| ၁၉ | အတိတ်ကတစ်နာရီ | ဆရာရွှေပြည်အေး | ၃၀၀၀ | ။ |
| ၂၀ | နန်းမတော်မယ်နု | မော်ဘီဆရာသိန်း | ၁၈၀၀ | ။ |
| ၂၁ | စာကောင်းပေကောင်း | မောင်ထင် | ၁၅၀၀ | |
| ၂၂ | မြန်မာအတ္ထုပ္ပတ္တိ အကျဉ်းချုပ် | မောင်ထွန်းဘေ | ၂၅၀၀ | ။ |
| ၂၃ | ဆရာဇာတ်လမ်းစုံ | မောင်သင် | ၈၀၀၀ | ။ |
| ၂၄ | မြန်မာပြည်ပန်းချီဆရာများ | မောင်ကိုကို(အမရပူရ) | ၄၀၀၀ | ။ |
| ၂၅ | သီပေါမင်းပါတော်မူအရေးတော်ပုံ နှင့် အခြားစာပဒေသာ | ဦးဖိုးကျား | ၆၅၀၀ | ။ |
| ၂၆ | စာတမ်းနှင့် ဆောင်းပါး (၁၈)စောင် | ဒေါက်တာသန်းထွန်း | ၅၅၀၀ | ။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့ ဆဋ္ဌမအကြိမ်မြောက်ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁၀**

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ ဆဋ္ဌမအကြိမ် တရားဝင်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPNတို့၏ အစည်းအဝေးတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA ) လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက် (၉) ချက်အား ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်းနှင့် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်တို့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဒေါက်တာတင်မျိုးဝင်းက "ကျွန်တော်တို့ DPN နဲ့ အဆိုပြုထားတဲ့ အချက် (၉)ချက်ကလည်း တော်တော်လေးကို ပြီးမြောက်သွားပြီ ဖြစ်ပါတယ်။ ဒီကြားထဲမှာ ကျွန်တော်တို့ ငြင်းခုံကြသလို တူတဲ့အရာတွေကိုလည်း လွတ်လပ်စွာနဲ့ အတည်ပြုခဲ့ကြပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာလည်း ကျန်ရှိနေတဲ့ အချက်တွေကို အဓိကထားဆွေးနွေးနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အနေနဲ့လည်း ဒီမှာရှိတဲ့ ခေါင်းဆောင်တွေဆီကနေ ငြိမ်းချမ်းရေးခြေလှမ်းကို ဆွေးနွေးမှုအပြီးမှာ ရနိုင်လိမ့်မယ်လို့ ယုံကြည်နေကြောင်း စကားလက်ဆောင်ပါးလိုက်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဘယ်ကိုသွားသွား ရောက်တဲ့နေရာမှာ ငြိမ်းချမ်းရေးနဲ့ပဲ စပါတယ်။ ငြိမ်းချမ်းရေးရမှ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်မယ်။ ကျွန်တော်တို့ရဲ့ ပြည်သူတွေအားလုံး ယုံကြည်မျှော်လင့်နေကြတဲ့ ငြိမ်းချမ်းရေးမှာ အတူတကွပူးပေါင်းပါဝင်ကြပါစို့လို့ ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်က ယခုအကြိမ်ဆွေးနွေးမှုအား အမြင့်ဆုံးမျှော်လင့်ချက်ထား၍ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယခုအကြိမ်တွင် အခွင့်အရေး နည်းလမ်းကောင်းကို မိမိတို့ မဖန်တီးနိုင်ပါက ရှေ့လျှောက်ကြုံလာနိုင်သည့် အရာများက ပိုမိုရှုပ်ထွေးနိုင်သည်ဟု သုံးသပ်မိကြောင်း၊ အရေးကြီးသည်မှာ ယနေ့ ဆွေးနွေးမှုသည် မိမိတို့ကိုယ်စီကိုယ်စီ တိုင်းပြည်အပေါ်တွင်ထားရှိသည့် စိတ်ရင်းစေတနာပေါ်တွင် များစွာမူတည်နေသည်ဟု ယူဆကြောင်း၊ အပြောတစ်မျိုးတည်းဖြင့် လူများကို ယုံကြည်အောင်လုပ်ယူ၍မရကြောင်း၊ လက်တွေ့တွင် လူတိုင်းလူတိုင်း၏ ယုံကြည်မှုကို ရရှိရန် လုပ်ဆောင်မှုနှင့် ပြသဖို့လိုလာပြီဟု သုံးသပ်မိကြောင်း ပြောကြားသည်။

"တတိယအကြိမ်ကျင်းပမယ့် ပင်လုံညီလာခံ (ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -၂၁ရာစုပင်လုံ) မှာ ကျွန်တော်တို့ကို တန်းတူတက်ရောက်စေချင်တယ်ဆိုရင် ကျွန်တော်တို့ပါဝင်နိုင်တဲ့ အခင်းအကျင်းကို အခိုင်အမာသဘောတူထားဖို့လိုတယ်။ ယုံကြည်မှု တည်ဆောက်ထားဖို့လိုတယ်လို့ထင်တယ်။ ဒါဟာ တိုင်းပြည်တစ်ခုလုံး ငြိမ်းချမ်းရေးအတွက် ပထမအဆင့်အနေနဲ့ ကျွန်တော်တို့က စလှမ်းနေတယ်လို့ မြင်တယ်။ ငြိမ်းချမ်းရေးရရှိဖို့ သွားနှင့်သူတွေကို မသွားနဲ့လို့ တားလို့မရသလိုဘဲ မသွားနိုင်တဲ့ သူတွေကိုလည်း မကျန်ခဲ့နဲ့လို့ မှတ်ထားလို့ မရပါဘူး။ အရေးကြီးတာကတော့ အတူတကွသွားရေးပါပဲ။ ဖော်ဆောင်တဲ့အခါ အဆင်မချောခဲ့လို့ သွားနှင့်သူနဲ့ ကျန်ခဲ့သူရှိနေတာပါ" ဟု ခူဦးရယ်က ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အစည်းအဝေးတွင် DPN အနေဖြင့် တောင်းဆိုထားသည့် အချက်များအားလုံးကို အသေးစိတ် ရရှိနိုင်စေရန်အတွက် တစ်ချက်ချင်း ပြန်လည်ရှင်လင်းညှိနှိုင်းသွားရန် ငြိမ်းချမ်းရေးကော်မရှင်ထံသို့ တောင်းဆိုခဲ့သည်။

ခူဦးရယ်က "ဘယ်အချက်ကကျန်သေးတယ်။ ဘယ်အချက်တော့ ဆွေးနွေးပြီးပြီဆိုတာထက် တစ်ချက်ချင်း ကျွန်တော်တို့ နားလည်မှု တူညီနေပြီလား။ နှစ်ဖက်စလုံးက လက်ခံကြပြီလားဆိုတဲ့ တစ်ချက်ချင်းဆွေးနွေးတဲ့ ပုံစံကို ပြန်သွားချင်ပါတယ်။ ဆိုလိုတာက တကယ်ပဲ နှစ်ဖက်စလုံးက သဘောတူတာ ဟုတ်၊ မဟုတ် တိတိကျကျ စစ်ဆေးတဲ့သဘောနဲ့ သွားချင်တာဖြစ်ပါတယ်။ မဟုတ်ရင် တစ်ကြိမ်ပြီးတိုင်း နောက်တစ်ကြိမ်ကျရင် တစ်မျိုးပြန်ပြန်ပြီး အဆင်မချောလို့ ဝေါဟာရ တစ်လုံးတည်းနဲ့ ပြန်ပြောရတာမျိုးက အဆင်မပြေဘူးထင်တယ်။ ဒါဟာ ကြန့်ကြာမှုကို ဖြစ်စေတယ်လို့ နားလည်ပါတယ်" ဟု အဖွင့်နှုတ်ခွန်းစကားတွင် ပြောကြားခဲ့သည်။



**ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ ဆဋ္ဌမအကြိမ် တရားဝင်အစည်းအဝေးကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပစဉ်**

မတ် ၃ ရက်က ပြုလုပ်သည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN တို့၏ လေးကြိမ်မြောက် အစည်းအဝေးအပြီးတွင် တောင်းဆိုချက် (၉) ချက်ကို မူအားဖြင့် သဘောတူညီချက်များ ရရှိထားပြီးဖြစ်သည်။

ဦးလှမောင်ရွှေက "အစည်းအဝေးက ဒီနေ့ ၂ နာရီခွဲလောက်မှာ ပြီးတယ်။ ခိုင်မာအောင် လုပ်ဆောင်နိုင်ဖို့အတွက် ဒုတိယရှေ့နေချုပ် တက်တယ်။ ကျွန်တော်တို့ DPN ရဲ့အချက် ရှစ်ချက်ကို အသေးစိတ် ပြန်သုံးသပ်ဆွေးနွေးရာမှာတော့ တစ်ကနေ လေးအထိ နှစ်ဖက်စလုံး ကြေကြေညက်ညက် ဆွေးနွေးပြီးသွားပါပြီ။ ငါးကိုတော့ ပြောနေပြီ။ ကျန်တာတွေ ဆက်ပြီးတော့ မနက်ဖြန် မနက် ၉ နာရီမှာ ဆက်ဆွေးနွေးပါမယ်။ အဆင်ပြေပါတယ်" ဟု ယနေ့အစည်းအဝေးအပြီးတွင် ပြောသည်။

ယနေ့ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်မှ ဒေါက်တာတင်မျိုးဝင်း၊ ဦးသိန်းဇော်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ ဦးဝင်းမြင့် ( ဒုတိယရှေ့နေချုပ်)၊ ဦးအောင်ကြည်၊ ဦးနိုင်ငံလင်း၊ ဦးအောင်စိုး၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးဇော်ဌေး၊ ဒေါက်တာမင်းဇော်ဦးနှင့် ဦးလှမောင်ရွှေတို့ တက်ရောက်ကြသည်။

DPN မှ ခူဦးရယ်၊ နိုင်အောင်မငေး၊ စပ်ဆေအွန်၊ ဦးဘုန်းနိုင်၊ ဦးမင်းထွန်း၊ ဒေါက်တာ နိုင်ရွှေသိန်း၊ စိုင်းဟတ်ဟန်၊ ဦးထွန်းဇော်နှင့် နာဗစ်ဘွန်တို့ တက်ရောက်ပြီး လေ့လာသူများအဖြစ် PPWT မှ ကိုယ်စားလှယ် စိုင်းငင်း၊ ဒေါက်တာ ရွှေခါး၏နှင့် သောမတ်စ်တို့ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးကော်မရှင် နှင့် DPN တို့၏ ခြောက်ကြိမ်မြောက် ဒုတိယနေ့ အစည်းအဝေးကို ဩဂုတ် ၁၁ရက် နံနက် ၉ နာရီတွင် NRPC ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၌ H1N1 အခြေအနေတစ်ရပ်ကြောင့် ငှက်ပြခန်းများ ယာယီကန့်သတ်ထားသော်လည်း ကမ္ဘာ့ဆင်များနေ့ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၀**

လတ်တလောဖြစ်ပေါ်နေသော H1N1 အခြေအနေတစ်ရပ်ကြောင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၌ ငှက်ပြခန်းများ ယာယီကန့်သတ်ထားသော်လည်း နေ့စဉ်သတ်မှတ်ဖွင့်လှစ်ချိန်အတွင်း ပြည်သူများလေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်ပေးထားပြီး လာမည့်ဩဂုတ် ၁၂ ရက်(စနေနေ့)တွင် ကျရောက်သော ကမ္ဘာ့ဆင်များနေ့ အခမ်းအနားကို တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း စီမံခန့်ခွဲရေးဌာနမှ သိရသည်။

"ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို နေ့စဉ်ဖွင့်ပေးထားပါတယ်။ တချို့ပြည်သူတွေကြား ကောလာဟလပြောသလို တိရစ္ဆာန်ဥယျာဉ်ကို လုံးဝပိတ်ထားတာမဟုတ်ပါဘူး။ ဒါပေမယ့် အထက်ရဲ့ ညွှန်ကြားချက်အရတော့ ကျေးငှက်တွေထားတဲ့နေရာပြကွက်တွေကို အနည်းငယ်ကန့်သတ်ပေးထားတာတွေ ရှိပါတယ်။ ရာသီအပိုင်းအခြားအရ အချိန်အတိုင်းအတာတစ်ခုအထိ ကန့်သတ်ထားတဲ့ သဘောပါ။ ပြည်သူတွေအနေနဲ့ ကျန်တဲ့နေရာပြကွက်တွေကိုတော့ လှည့်လည်ကြည့်ရှုလို့ရပါတယ်" ဟု တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) မှ စီမံခန့်ခွဲမှုမန်နေဂျာ ဦးမျိုးကျော်သူက ပြောသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ရှိ ငှက်ပြခန်းအချို့အား ပြီးခဲ့သောရက်ပိုင်းအနည်းငယ်အတွင်းက သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ညွှန်ကြားချက်အရ ကာလအခိုက်အတန့်အထိ ပြည်သူများနှင့် အလှမ်းဝေးသော ဇရိယာတစ်ခု ကာရံတားဆီးပေးရန် ညွှန်ကြားခဲ့မှုကြောင့် ယခုအခါ ခုနစ်ပေမှ ၁၀ ပေအထိ အဆိုပါ ငှက်ပြကွက်နေရာများကို ကန့်သတ်ကာရံထားမှုများပြုလုပ်ခဲ့သည်။ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၌ ငှက်နှင့်သက်ဆိုင်သော ပြကွက်ပေါင်း ရှစ်နေရာရှိပြီး အဆိုပါနေရာပြကွက်များတွင် ကန့်သတ်ဗီနိုင်းများ ကပ်ထားကာ ကာလတစ်ခုအထိ ကန့်သတ်ထားဦးမည်ဖြစ်ကြောင်းနှင့် ညွှန်ကြားချက်တစ်စုံတစ်ရာရရှိမှသာ ပြည်သူများအနီးကပ်လေ့လာကြည့်ရှုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။



**ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းမှ ပြည်သူချစ် ဆင်မကြီးမိုမိုနှင့် အပေါင်းပါများအား နိုင်ငံခြားသားများ အစာကျွေးနေစဉ်**

ကမ္ဘာ့ဆင်များ အထိမ်းအမှတ်နေ့ကို ဩဂုတ် ၁၂ ရက်အဖြစ် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့ဆင်ထိန်းသိမ်းရေးအဖွဲ့က စတင်သတ်မှတ်ခဲ့ပြီး တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အနေဖြင့် ပြီးခဲ့သော ၂၀၁၆ ခုနှစ်တွင် ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီကနေ့ မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံတော်တော်များများမှာလည်း တောဆင်ရိုင်းတွေ အလွန်အကျွံအမဲလိုက်ခံနေရတယ်။ ဆင်အကောင်ရေကလည်း တစ်နေ့ထက်တစ်နေ့လျော့ကျလာတယ်။ ဒါကြောင့် ဆင်ကောင်ရေထိန်းသိမ်းရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကမ္ဘာ့ဆင်များနေ့အဖြစ် နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်ကို ဆင်ထိန်းသိမ်းရေးနိုင်ငံတကာအဖွဲ့အစည်းက သတ်မှတ်ခဲ့တာဖြစ်တယ်။ အဲဒီနေ့ကို ဆင်ထိန်းသိမ်းရေးအသိပညာပေးအနေနဲ့ ပြည်သူတွေကြားမှာ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် အသိပညာတွေပေးမယ်၊ ဟောပြောမယ်၊ ဒီလိုအသိပညာတွေပေးဖို့ ကမ္ဘာလုံးဆိုင်ရာကျင်းပတဲ့ ကမ္ဘာ့ဆင်များနေ့အဖြစ် သတ်မှတ်ခဲ့တာဖြစ်တယ်။ အဓိကတော့ ပြည်သူလူထုတွေ အသိပညာတိုးပွားအောင်၊ တောဆင်ရိုင်းတွေကို ကာကွယ်နိုင်အောင် ရည်ရွယ်ပြီးတော့ ကျင်းပတာဖြစ်တယ်" ဟု တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)မှ ဦးကြည်စိုးလွင် (General Manager- Education)က ပြောသည်။



**တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)မှ အထွေထွေမန်နေဂျာ ဦးကြည်စိုးလွင်**

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၌ လာမည့် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် ဒုတိယအကြိမ်ကျင်းပမည့် ကမ္ဘာ့ဆင်များနေ့အခမ်းအနား၌ ဆင်နှင့်ပတ်သက်သော အတွေ့အကြုံရင့် ဆရာကြီးများဖြစ်သည့် ဒေါက်တာ ဇော်မင်းဦး၊ INGO မှ ဆရာဦးအောင်မျိုးချစ်၊ ရန်ကုန်တိရစ္ဆာန် ဥယျာဉ်မှ အကြံပေးအရာရှိ ဒေါက်တာမြင့်သိန်းနှင့် အထွေထွေမန်နေဂျာ ဦးကြည်စိုးလွင်တို့က ဆင်ထိန်းသိမ်းရခြင်းအကြောင်းအရာ၊ ဆင်နှင့် လူများကြားပြဿနာ၊ လတ်တလောတောဆင်ရိုင်းများ အခြေအနေ၊ ဆင်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆင်ကောင်းကျိုး စသောအကြောင်းအရာများကို ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ပါရဂူတန်းတက်နေသော ပထမနှစ်ကျောင်းသား ၂၂ ဦး၊ ဒဂုံတက္ကသိုလ်မှ ဇီဝနည်းပညာကျောင်းသား ၂၀ နှင့် ဆရာမငါးဦးတို့အား ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်းလည်း သိရသည်။

**သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/၉လ)

# ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၁၀ အနက် H1N1 ပိုးတွေ့လူနာ ၁၉၄ ဦးရှိ၊ တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူ ၂၀ ရှိပြီဖြစ်

**နေပြည်တော် ဩဂုတ် ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကျန်းမာရေးပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဝေးပြေးယာဉ်များ၊ ဘတ်စ်ကားများ၊ မီးရထားများ၊ သင်္ဘောများ စသည်တို့တွင် ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်သော ကျန်းမာရေးပညာပေး Sticker များကပ်ခြင်း၊ လူအများမြင်သာသောနေရာများတွင် Vinyl များထောင်ခြင်းဖြင့် ပညာပေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်တွင် ခုခံကျကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါ၊ ဆီးချိုသွေးချိုစသည့် အခြားရောဂါအခံရှိသောသူများနှင့် ရာသီတုပ်ကွေးရောဂါပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် လတ်တလောပြင်းထန် အဆုတ်ရောင်ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီထိရောက်စွာ ကုသမှုခံယူသင့်သည်ဟု တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။

ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 သံသယလူနာ ၃၆ ဦးအား ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီအထိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ၁၁ ဦးတွေ့ရှိပြီး ဇူလိုင် ၂၀ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၁၀ အနက် H1N1 ပိုးတွေ့လူနာ စုစုပေါင်း ၁၉၄ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံး သူ စုစုပေါင်း ၂၀ ရှိကြောင်း။

ယနေ့ မွန်းလွဲ ၂ နာရီအထိအထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့အတွင်းလူနာ ရှစ်ဦး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၅၈ ဦး စုစုပေါင်း ၆၆ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း။

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် သေဆုံးသူ စုစုပေါင်း ၁၅ ဦးရှိကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

## ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ရှာဖွေရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိစဉ် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ ယနေ့ ညနေပိုင်းတွင် လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပိုက်ချတရွတ်ဆွဲရာမှရရှိသော အလျား ၁၀ ပေ ခုနစ်လက်မ၊ အနံ လေးပေ နှစ်လက်မ (GPS Antenna) ပါ လေယာဉ်အစိတ်အပိုင်းတစ်ခု**

## သထုံ၌နေထိုင်ခဲ့သူတစ်ဦးထံမှ ရာသီတုပ်ကွေး A(H1N1) ရောဂါတွေ့ရှိ

**သထုံ ဩဂုတ် ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း နေထိုင်ခဲ့သူတစ်ဦးထံမှ ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 Positive စတင်တွေ့ရှိခဲ့ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နေကြောင်း ဩဂုတ် ၁၀ ရက် နံနက်က မရမ်းကုန်းကျေးရွာ၊ ရွှေမာလာဘုရားဝင်းအတွင်း ပြုလုပ်သည့် ရောဂါကာကွယ်ခြင်းနှင့် ဖြစ်ပွားမှုထိန်းချုပ်ခြင်း အသိပညာပေးဆွေးနွေးပွဲမှ သိရသည်။

မရမ်းကုန်းကျေးရွာ ဂျိုးဖြူကုန်းပိုင်းတွင် နေထိုင်ခဲ့ပြီး ပဲခူးပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ၁၀ လသားအရွယ် ကလေးတစ်ဦးထံတွင် A(H1N1) pdm 09 Positive ဖြစ်သည်ကို သံသယရှိသဖြင့် ကျေးရွာနေပြည်သူလူထုအတွင်း ကူးစက်ဖြစ်ပွားမှုမရှိစေရေးနှင့် စိုးရိမ်စိတ်များ လျော့ပါးစေရန် အသိပညာပေးရှင်းလင်း ဆွေးနွေးခြင်းနှင့် ဖြစ်ပွားမှုထိန်းချုပ်ခြင်းများကို အမြန်ဆုံးဆောင်ရွက်နေကြောင်း သထုံခရိုင်ကျန်းမာရေးမှူး ဒေါက်တာသင်းသင်းအိက ပြောသည်။

သထုံခရိုင်အတွင်း လက်ရှိအချိန်အထိ ကျိုက်ထိုမြို့နယ်တွင် တစ်ဦး၊ သထုံမြို့နယ်တွင် တစ်ဦး စုစုပေါင်း နှစ်ဦး ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 Positive ဖြစ်ပွားနေပြီး ဖြစ်ပွားခဲ့သူများ၏နေအိမ်တွင်းရှိ အိမ်သုံးပစ္စည်းများနှင့် ဝန်းကျင်အား ပိုးသတ်ပေးခြင်း၊ မိသားစုဝင်များနှင့် ဝန်းကျင်ရှိလူများအား ကျန်းမာရေးမပြတ်စောင့်ကြည့် စစ်ဆေးပြီး ထူးခြားပါက ချက်ချင်းကုသမှုခံယူနိုင်ရန် စီစဉ်ထားခြင်းဖြင့် ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ခရိုင်ကျန်းမာရေးဌာနမှ သိရသည်။

**သက်ဦး (သထုံ)**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံ

**ပဲခူး ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးခရိုင်ရှစ်မြို့နယ်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲအခမ်းအနားကို ပဲခူးမြို့တော်ခန်းမ၌ ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တက်ရောက်လာသော အုပ်ချုပ်ရေးမှူးများအား အုပ်ချုပ်ရေးလုပ်ငန်းများနှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားများနှင့်တွေ့ဆုံပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ပြည်သူတွေ လိုအပ်ချက်များဖြစ်ပေါ်နေသည့် အခြေအနေများကို သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်သို့တင်ပြပြီး ပူးပေါင်းဆောင်ရွက်ရန်တို့ကိုမှာကြားခဲ့ကာ တက်ရောက်လာသူ အုပ်ချုပ်ရေးမှူးများမှ မိမိတို့ဆွေးနွေးလိုသည်များကို ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြို၊ သစ်ပင်များလဲကျ၍ လမ်းပိတ်ဆို့

**ဖရူဆို ဩဂုတ် ၁၀**

ကယားပြည်နယ် ဖရူဆိုမြို့နယ် ကေကောကျေးရွာအုပ်စု ဘွယ်ဒိုးသာကျေးရွာနှင့် ခါးဘယ်ကျေးရွာချင်းဆက်လမ်းပိုင်း၊ ဘွယ်ဒိုးသာကျေးရွာနှင့် တစ်မိုင်ခန့်အကွာ၌ ဩဂုတ် ၉ ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကမ်းပါးယံ မြေပြိုကျခြင်း၊ လမ်းပေါ်သို့ သစ်ပင်များလဲကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်း၍ တောင်ကမ်းပါးယံရှိ မြေသားများမှာ လမ်းပေါ်သို့ မြေပြိုကျပြီး သစ်ပင်များ လမ်းပေါ်သို့ လဲကျခြင်းတို့ကြောင့် လူ၊ တိရစ္ဆာန်နှင့် မော်တော်ယာဉ်များ ထိခိုက်မှုမရှိသော်လည်း မော်တော်ယာဉ်နှင့် လူများသွားလာမှု အဆင်မပြေမှုများ ရှိခဲ့ရာ အဆိုပါမြေများနှင့် သစ်ပင် သစ်ကိုင်းများအား စက်ယန္တရားများဖြင့် ဖယ်ရှားမှသာ သွားလာ၍ အဆင်ပြေနိုင်မည်ဖြစ်၍ ကေကောကျေးရွာအုပ်ချုပ်ရေးမှူးမှ ဖရူဆိုမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြထားကြောင်း သိရသည်။

ယင်းကျောက်လမ်းအပိုင်းအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ကယောရွှေပြည်ကုမ္ပဏီမှ ဖောက်လုပ်သည့်လမ်းဖြစ်ပြီး လက်ရှိတွင် အဆိုပါလမ်းအပိုင်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူထားသည့် ဧရိယာအတွင်းဖြစ်ကြောင်း သတင်းရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## မြစ်ကြီးနား-ဆဒုံး-ကန်ပိုက်တီးကားလမ်းပိုင်း မြေပြို၍ကားလမ်းပိတ်

**ဆဒုံး ဩဂုတ် ၁၀** - ကချင်ပြည်နယ် ဆဒုံးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကြီးနား-ဆဒုံး-ကန်ပိုက်တီးကားလမ်းပိုင်း မိုင်တိုင်အမှတ် (၂၉ နှင့် ၃၀) အကြားတွင် တောင်ပြိုပြီး ကားလမ်းပိတ်ဆို့သွား သောကြောင့် ခရီးသည်ယာဉ်နှင့် ကုန်တင်ယာဉ်များသည် တောင်ပြိုရာနေရာတွင် ရပ်နားထားပြီး တောင်ပြိုရာနေများတွင် လမ်းရှင်းလင်းရေးအဖွဲ့မှ ဘူဒိုဇာများဖြင့် ရှင်းလင်းနေကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စလင်းမြို့နယ်၌ ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေမှုအားကာကွယ်ပေးရန် အရေးတကြီးလိုအပ်နေ

**စလင်း ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်မကျွန်းကျေးရွာအုပ်စု ဆင်မကျွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ရွာလေးရွာခန့်သည် နှစ်စဉ်ရေတိုက်စားမှုကြောင့် အိမ်ခြေများစွာ ပြောင်းရွှေ့ခဲ့ရပြီးဖြစ်ကာ ဩဂုတ် ၁၀ ရက်အထိ ရွာသုံးရွာရွှေ့ပြောင်းခဲ့ရကာ ယခုအထိ ကမ်းပါးများဆက်တိုက်ပြိုကျနေသဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေကြောင်း ဆင်မကျွန်းကျေးရွာ ဘုန်းတော်ကြီးဦးဥတ္တရက မိန့်ကြားသည်။



**ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ကြစဉ်**

စလင်းမြို့နယ်အတွင်းမှ မြစ်ကမ်းပါးတစ်လျှောက်ရှိ ကျေးရွာများဖြစ်သည့် အခြင်းပြစ်၊ ရေလယ်ရွာမ၊ ရေလယ်ရွာသစ် စသည့် ကျေးရွာ သုံးရွာမှ အိမ်ခြေ ၅၀၀ ကျော်မှာ နှစ်ကြိမ်ဆက်တိုက်ရွှေ့ပြောင်းခဲ့ရပြီး ယခုအခါ ဆင်မကျွန်းကျေးရွာအုပ်စုနှင့် ဉယျာဉ်စုကျေးရွာများအထိ ရေတိုက်စားလာသဖြင့် ကျေးရွာနေအိမ်များ ရွှေ့ပြောင်းရကာ လယ်ယာမြေကေပေါင်းများစွာလည်းဆုံးရှုံးနေမှုကြောင့် ဩဂုတ် ၉ ရက်မှစကာ ကိုယ့်အားကိုယ်ကိုး သဲအိတ်များချကာ ရေဘေးကာကွယ်ရေးတာတမံများ လုပ်ဆောင်နေသော်လည်း ခေတ္တသာထိန်းထားနိုင်မည့် အနေအထားဖြစ်နေသည်ဟု ဆိုသည်။

"အခုကတော့ ဘုန်းဘုန်းတို့ ဘုန်းကြီးကျောင်းခြောက်ကျောင်းက တစ်ကျောင်းကို ငွေကျပ် ငါးသောင်း၊ ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဆယ်အိမ်စုတစ်စုကို ငွေကျပ်နှစ်သောင်းစုတော့ အခုငွေကျပ် သိန်း ၃၀ လောက်တော့ရတယ်။ လူတွေကိုလည်း လုပ်အားပေးခေါ်ပြီးတော့ အခုသဲအိတ်တွေနဲ့ ကာကွယ်နိုင်သလောက် ကာကွယ်နေပါတယ်" ဟု ရွာဦးကျောင်းဆရာတော် ဦးဥတ္တရက မိန့်ကြားသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသည့် သဘာဝဘေးအန္တရာယ်များအနက် ကမ်းပြိုဘေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ၂၀၁၆ ခုနှစ်ခန့်မှစ၍ နိုင်ငံအဝန်း ပိုမိုဖြစ်ပွားလာလျက်ရှိသည်ကို တွေ့ရှိရသည်။ မှတ်တမ်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကမ်းပြိုဘေး (၁၇၈) ကြိမ်ဖြစ်ပွားခဲ့ကာ ၂၀၁၇ခုနှစ် ဧပြီမှ ဇူလိုင် ၃၁ ရက်အထိ (၁၈၈) ကြိမ် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသဖြင့် ယခုနောက်ပိုင်းတွင် ပိုမိုဖြစ်ပွားလာလျက်ရှိသည့် ဘေးအန္တရာယ်တစ်ခုဖြစ်နေကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အခြားသောဘေးအန္တရာယ်များအတွက် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ပင် ကမ်းပြိုဘေးကြောင့် နေအိမ်ပျက်စီးဆုံးရှုံးရသော ပြည်သူများ၊ ကမ်းပြိုမည့်အန္တရာယ်ကြောင့် နေအိမ်များကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ရသော ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ပြိုကျပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး၊ မိသားစုသုံးပစ္စည်းများနှင့် သေဆုံးသူများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ဖြစ်ပွားခဲ့သော ကမ်းပြိုဘေး (၁၈၈) ကြိမ်အတွက် ပစ္စည်းတန်ဖိုးနှင့် ငွေသားစုစုပေါင်း ငွေကျပ် ၃၃၆ ဒသမ ၂၆ သန်း ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း- ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

# အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများ တရားဝင်ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရန် လုပ်ဆောင်နေ

နေပြည်တော် ဩဂုတ် ၁၀

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် UN Women တို့ ပူးပေါင်း၍ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအိမ်အကူများအား ကာကွယ်ပြဋ္ဌာန်းထားသည့် မူဝါဒများ၏ အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ခြင်း စာတမ်းမိတ်ဆက်ခြင်း အခမ်းအနားကို ဩဂုတ် ၉ ရက်က နေပြည်တော် Hotel Amara ၌ ကျင်းပခဲ့သည်။**



အဆိုပါ ဆွေးနွေးပွဲကို ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် လုပ်ကိုင်နေသည့် အိမ်တွင်းအထောက်အကူပြုအလုပ်သမားများ၏ လက်ရှိအခြေအနေများကို လေ့လာ၍ အသိပညာပေးမှု မြှင့်တင်ရန်၊ အစီရင်ခံစာကို အပြီးသတ်ပြုစုရေးသားရန်နှင့် သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်သူများမှ အကြံပြုချက်များ ရယူရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေက ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ခန့်ရှိသည့်အနက် ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားဦးရေသည် ၂၁၄ သန်းခန့်ရှိကြောင်း၊ အမျိုးသမီးအလုပ်သမားဦးရေသည် ထက်ဝက်ခန့်ရှိပြီး အာရှဒေသတွင် အမျိုးသမီးအလုပ်သမား ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ရွှေ့ပြောင်းသွားလာစီးဆင်းမှုများအရ အာဆီယံနိုင်ငံများတွင် အမျိုးသမီးရွှေ့ပြောင်းသွားလာမှုသည် ၄၇ ရာခိုင်နှုန်းရှိပြီး လက်ရှိတွင် အမျိုးသား အမျိုးသမီး ကဏ္ဍမတူညီမှုကြောင့် ဒေသတွင်း အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများအတွက် အားနည်းချက်အဖြစ် ဦးတည်နေသည်ကို တွေ့မြင်ရကြောင်း။

အမျိုးသားနှင့် အမျိုးသမီးလုပ်ခ လစာကွာဟချက်ကြောင့် အမျိုးသမီးလုပ်သားအင်အားပါဝင်မှု နှုန်းအနေဖြင့် မြင့်မားနေပြီး အမျိုးသမီး ရွှေ့ပြောင်းသွားလာမှုအင်အား အတိအကျ စာရင်းမရှိသော်လည်း တရားမဝင်လမ်းကြောင်းနှင့် မလုံခြုံသည့် လမ်းကြောင်းတို့မှ ပိုမိုရွှေ့ပြောင်းသွားလာလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အိမ်တွင်းအထောက်အကူပြု အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများ၏ သတင်းအချက်အလက်များ ကောက်ယူခြင်း၊ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်း၊ တရားဝင်ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များရရှိစေရန် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရေးအတွက် ဝန်ကြီးဌာနတစ်ခုတည်းသာမက နှစ်နိုင်ငံအစိုးရဝန်ကြီးဌာနများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ရန်လိုကြောင်း၊ **"မည်သည့် အမျိုးသမီးနှင့် အမျိုးသမီးငယ်များ နောက်ချန်မနေစေရေး"** ဆောင်ပုဒ်နှင့်အညီ တက်ညီလက်ညီဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် Head of UN Women (Myanmar), Dr.Jean D"Cunha က နှုတ်ခွန်းဆက် စကားပြောကြားခဲ့သည်။ ထို့နောက် **ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအိမ်အကူများအား ကာကွယ်ပြဋ္ဌာန်းထားသည့် မူဝါဒများ၏ အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ခြင်းစာတမ်း**ကိုမိတ်ဆက်ခဲ့ကြပြီး အစည်းအဝေးသို့ တက်ရောက်သူများမှလည်း အတွေ့အကြုံများအပေါ် မူတည်၍ အမြင်ခြင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# နေရာအခက်အခဲကြောင့် အန္တရာယ်ရှိကျောင်းဆောင်ဟုသတ်မှတ်ထားသောအဆောင်များတွင် ကျောင်းသားများစာသင်ကြားနေရ

**ဖျာပုံ ဩဂုတ် ၁၀**

ဖျာပုံမြို့အထက(၁)ကျောင်းဆောက်လုပ်ခဲ့သည့်သက်တမ်းမှာ နှစ်၁၀၀ကျော်၊ အထက(၂)နှင့် အထက(၃)ကျောင်းများဆောက်လုပ်ခဲ့သည့်သက်တမ်းမှာနှစ် ၅၀ ကျော်ကြာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းသုံးကျောင်းသည် ဆောက်လုပ်ခဲ့သည့်နှစ်များ ကြာမြင့်ခဲ့ပြီဖြစ်၍ အသုံးပြုထားသည့်သစ်များမှာ ဟောင်းနွမ်းဆွေးမြေ့နေ၍ အန္တရာယ်ရှိနိုင်သည့်အတွက် ပညာရေးဌာနမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ယင်းကျောင်းအဆောက်အအုံများကို ကွင်းဆင်းစစ်ဆေးပေးရန် တာဝန်ရှိသူတို့ကို ဖွဲ့စည်းပေးထားကြောင်း မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းထံမှ သိရသည်။

မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းက ဇွန် ၈ ရက်တွင် ယင်းကျောင်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ အထက (၁)၊ အထက(၂)နှင့် အထက(၃)တို့တွင် ကျောင်းဆောင်တစ်ဆောင်စီတို့ကိုအန္တရာယ်ရှိ အဆောက်အအုံများအဖြစ် သတ်မှတ်ထားခဲ့ကြောင်း၊ သာမန်အချိန်တွင်



ရုတ်တရက်အန္တရာယ် မရှိနိုင်သော်လည်း ငလျင်လှုပ်ခြင်းနှင့် မိုးသက်လေပြင်းကျသည့်အချိန်များတွင် အလွယ်တကူအန္တရာယ်ကျရောက်နိုင်ကြောင်း စစ်ဆေးရေးအဖွဲ့က မှတ်ချက်ပြုထားကြောင်း ၎င်းကပြောသည်။

အန္တရာယ်ရှိ အဆောက်အအုံများတွင် အထက(၁)၌သတ်မှတ်ထားသည့်အန္တရာယ်ရှိ အဆောင်မှအပ အထက(၂)နှင့်အထက(၃) အဆောင်များတွင် နေရာအခက်အခဲကြောင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်ရှိ အဆောင်များတွင် စာသင်ကြားလျက်ရှိကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်အန္တရာယ်ရှိအဆောင်များဖျက်သိမ်းပြီး အထက(၁)တွင်အလျားပေ ၁၂၀၊ အနံပေ ၃၀ အာရ်စီနှစ်ထပ်ကျောင်းဆောင်အတွက်ခွင့်ပြုငွေကျပ်သိန်း ၁၆၉ ဒသမ ၂၀၊ အထက(၂)တွင် အလျားပေ ၁၇၀၊ အနံပေ ၃၀ အာရ်စီနှစ်ထပ်ကျောင်းဆောင်အတွက်ခွင့်ပြုငွေကျပ်သိန်း ၁၇၀ ဒသမ ၃၀နှင့် အထက(၃)ကျောင်းဆောင်အတွက် အလျားပေ ၁၂၀၊ အနံပေ ၃၀ အာရ်စီနှစ်ထပ်ကျောင်းဆောင်အတွက် ခွင့်ပြုငွေကျပ်သိန်း ၁၆၉ဒသမ ၂၀တို့အား ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်လျာထားသတ်မှတ်ထားပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

အန္တရာယ်ရှိကျောင်းဆောင်များအား အမြန်ဖျက်သိမ်းပြီး ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်လျာထားငွေများအား ကြိုတင်ရရှိနိုင်ရေးနှင့် ကျောင်းဆောင်သစ်များ အမြန်ဆောက်လုပ်နိုင်ရေးအတွက် ပညာရေးဌာနမှတာဝန်ရှိသူများ၊ ကျောင်းသားမိဘအုပ်ထိန်းသူများနှင့် အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ဆင်သတ်ဖြတ်သူများ ဆက်လက်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၀

**တောဆင်ရိုင်းများအား ဖမ်းဆီးသတ်ဖြတ်ပြီး ယင်းတို့၏ အစိတ်အပိုင်းများကို ရောင်းဝယ်ဖောက်ကားနေသည့် ဆင်သတ်ဖြတ်သူ (ဆင်မုဆိုး) များကို သစ်တောရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက်က ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။** (အောက်ပုံ)

ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက်က ငပုတောမြို့နယ် ဒီပါကွက်သစ်ကျေးရွာ အုပ်စုနေ ဝေယံ (ခ) ကုလား (ထွက်ပြေးတိမ်းရှောင်) ၏ နေအိမ်မှ အရှည်သုံးပေခန့်၊ ကိုင်း ၁၈ လက်မခန့်ရှိ သားရေကြိုး လေးပေတပ် ဒူးလေးတစ်လက်၊ အရှည် ၁၈ လက်မခန့်ရှိ အဆိပ်သုတ်လိမ်းထားသည့် ဝါးမြားတံငါးချောင်း၊ အရှည် ၁၈ လက်မ ခန့်ရှိ ဝါးမြားတံသုံးချောင်း၊ Max Plus အချိုရည်ဘူးအသေးဖြင့် ထည့်ထားသည့် အဆိပ်ရည်နှစ်ဘူး၊ အဆိပ်ခြင်တွယ်ရာတွင်သုံးသည့် ပင်နီစလင်ပုလင်းအသေး တစ်လုံးတို့ကို လည်းကောင်း၊ မဲခရဲကြိုးဝိုင်း အကွက်အမှတ် (၂၉၈)၌ ပွေးဒို၏နေအိမ်တွင် အရှည်သုံးပေခန့်၊ ကိုင်း ၁၈ လက်မခန့်ရှိ သားရေကြိုးငါးပင်တပ် ဒူးလေးတစ်လက်၊ အရှည် ၁၈ လက်မခန့်ရှိ အဆိပ်မြား ၁၅ ချောင်းတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ငပုတောမြို့နယ် တင်းမချောင်းရွာတွင် နေထိုင်သည့် ဦးခွားလေး၏ နေအိမ်တွင် အရှည်နှစ်ပေ ခြောက်လက်မ၊ ကိုင်း ၂၃ လက်မခန့်ရှိ သားရေကြိုး ငါးပင်တပ် ဒူးလေးတစ်လက်၊ အရှည် ၁၈ လက်မခန့် ဝါးမြားတံ ၁၁ ချောင်း၊ အဆိပ်ရည်တစ်ဘူးတို့ကို သိမ်းဆည်းရမိပြီး အဆိုပါနှစ်ဦးကို မသင်္ကာသူအဖြစ် ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ပူးပေါင်းအဖွဲ့သည် ဆက်လက်ကွင်းဆင်းစစ်ဆေး၍ ဆင်သတ်သူများအား ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# လေဘေးဒဏ်သင့်မိသားစုများအား နေအိမ်များဆောက်လုပ်လှူဒါန်း

**ပုဏ္ဏားကျွန်း ဩဂုတ် ၁၀**

ရခိုင်ပြည်နယ်အတွင်း မေလ ၃၀ရက်က တိုက်ခတ်ခဲ့သည့် မိုရာဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အနှံ့အပြား၌ လူနေအိမ်ခြေများနှင့် စာသင်ကျောင်းများပျက်စီးခဲ့သည်။ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာ၌ဇွန် ၁၂ရက်ကလည်း တိုက်ခတ်ခဲ့သည့် လေဆင်နှာမောင်းကြောင့်နေအိမ် ၅၂ လုံး ပျက်စီးကာ လူနှစ်ဦးသေဆုံးပြီး ခြောက်ဦးဆေးကုသမှုခံယူခဲ့ရသည်။

အဆိုပါသဘာဝဘေးဒဏ်များကြောင့် အိုးအိမ်မဲ့ဖြစ်သွားခဲ့ကြသော ယိုးတရုတ်ကျေးရွာမှဒုက္ခသည် မိသားစုများအတွက် ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်းက ငွေကျပ် ၂၅ သိန်း လှူဒါန်းခဲ့ပြီးဖြစ်သလို ယခုအခါ အိုးမဲ့အိမ်မဲ့နှင့် ခိုကိုးရာမဲ့ဖြစ်နေသော မိသားစုနှစ်စုအတွက် ဩဂုတ် ၈ ရက်က နေအိမ်နှစ်လုံးဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဒုက္ခရောက်နေကြသူများထဲမှ ဦးမောင်ကြည်မိသားစုနှင့် ဒေါ်ဦးမယေ မိသားစုတို့မှာ ခိုကိုးရာမဲ့ဘဝသမားများဖြစ်နေ၍ ၎င်းတို့ကိုပထမအကြိမ်အဖြစ် နေအိမ်နှစ်လုံးဆောက်လုပ်လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

ဦးမောင်ကြည်မိသားစုမှာ လေဆင်နှာမောင်းတိုက်ခတ်ရာတွင် မိခင်နှင့် ဇနီးပါ သေဆုံးခဲ့ရပြီး သမီးငယ်နှင့်အတူ ဆွေမျိုးတော်စပ်သူတစ်ဦး နေအိမ်တွင် ယာယီခိုလှုံနေထိုင်နေရသူဖြစ်ကြောင်း၊ ဒေါ်ဦးမယေမိသားစုမှာလည်း မိုရာမုန်တိုင်းကြောင့် ခိုကိုးရာမဲ့ဘဝသို့ ရောက်ရှိခဲ့ကာ ကလေးငါးဦးနှင့်အတူ ဆွေမျိုး တစ်ဦး၏အိမ်တွင် နေထိုင်ရသူဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

# ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ H1N1 ရောဂါအကြောင်း ရှင်းလင်း

**ပဲခူး ဩဂုတ် ၁၀**

ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမတွင် ဩဂုတ် ၉ ရက်က ခေတ္တပဲခူး ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်စိုးက ရဲတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား ဗိုင်းရပ်ပိုးနှင့် စပ်လျဉ်း၍ကူးစက်ခံရမှု မရှိစေရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်သည့် ရောဂါလက္ခဏာများနှင့် ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း စနစ်တကျလိုက်နာနေထိုင် ဆောင်ရွက်ရန်ချပြရှင်းလင်းခဲ့ပါသည်။

အခမ်းအနားသို့ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် လုံခြုံရေးတပ်ဖွဲ့မှ အရာရှိ ၂၀ ဦး၊ အခြားဆင့် ၄၅ ဦး၊ စာရေးဝန်ထမ်း ၁၂ ဦးစုစုပေါင်း ၇၇ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ထီးချိုင့်၌ ထီလက်မှတ်အတုပြုလုပ်၍ ငွေထုတ်ယူသူအား ဖမ်းဆီးရမိ

**ကသာ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၌ ထီလက်မှတ်အတုပြုလုပ်၍ ငွေထုတ်ယူသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့ အမှတ် (၄)ရပ်ကွက်နေ ဦးဌေးအောင်သည် မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေထီဆိုင်ကို ၁၉၉၉ ခုနှစ်ကတည်းကစ၍ ဖွင့်လှစ်ရောင်းချခဲ့ရာ ဇူလိုင် ၉ ရက် နံနက် ၉ နာရီခန့်က အောင်အောင်ဆိုသူက (၄) ကြိမ်မြောက် အောင်ဘာလေထီလက်မှတ်မှ ရှေ့နှစ်လုံးတူ ငါးသောင်းဆု ၁၀ ဆုအတွက် ငွေကျပ် ငါးသိန်း ထုတ်ပေးလိုက်ရာ ပေါက်ဂဏန်းမှာ ဇ ၁၉၉၇၃၀ မှ ဇ ၁၉၉၇၃၉ ဖြစ်ကြောင်း သိရသည်။ ယင်းနေ့ နံနက် ၁၁ နာရီခန့်တွင် ထပ်မံ၍ (၄)ကြိမ်မြောက် အောင်ဘာလေထီလက်မှတ်မှ ရှေ့ဂဏန်းလေးလုံးတူ ငွေကျပ်နှစ်သိန်းဆု ၁၀ ဆုအတွက် ငွေကျပ် သိန်း ၂၀ ထုတ်ပေးလိုက်ရာ ပေါက်ဂဏန်းမှာ ကဖ ၇၆၃၈၃၀ မှ ကဖ ၇၆၃၈၃၉ ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၁ ရက်က အဆိုပါ ထီလက်မှတ်များကို မန္တလေးမြို့ ပင်ရင်းထီဆိုင်သို့ ပို့ဆောင်ခဲ့ရာ အဆိုပါလက်မှတ်များမှာ အတုပြင်ဆင်ထားကြောင်း အကြောင်းပြန်လာသဖြင့် ထီးချိုင့်ထီဆိုင်ပိုင်ရှင် ဦးဌေးအောင်မှာ ငွေကျပ် ၂၅ သိန်း အလိမ်ခံခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၈ ရက် နံနက် ၁၀နာရီခန့်တွင် ၎င်းထံ ထီလက်မှတ်အတုပြုလုပ်၍ ငွေထုတ်ယူသူကို ထီးချိုင့်မြို့ အမှတ် (၂)ဈေးအနီး "ချစ်မိတ်ဆွေစားသောက်ဆိုင်" အနီး တွေ့ရှိရ၍ ရဲစခန်းသို့ အကြောင်းကြားပြီး ဖမ်းဆီးစစ်ဆေးရာ ၎င်းလက်ထဲမှ (၅)ကြိမ်မြောက် အောင်ဘာလေ ထီလက်မှတ် ဏ ၅၄၆၄၃၀ မှ ဏ ၅၄၆၄၃၉ ရှေ့ဂဏန်းသုံးလုံးတူ တစ်သိန်းဆုထုတ်ယူရန် ပြုပြင်ထားသော ထီလက်မှတ်အတုနှင့်အတူ ဖမ်းမိထားသဖြင့် အောင်အောင်(ခ)ဆန်းလင်းနိုင် ရေတွင်းကုန်းကြီးကျေးရွာ မော်ဘီမြို့နယ် ရန်ကုန်မြို့နေသူအား ထီးချိုင့်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ရဲထွဋ်အောင်နှင့် အဖွဲ့က ဖမ်းဆီး၍ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လူအောင် (ကသာ)**

## ဈေးကုန်တန်းရွာသားနှစ်ဦး ပျောက်ဆုံးနေ ပန်းတောပြင်အလယ်ရွာမှ ရွာသားအား တစ်ရွာတည်းနေသူများက ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဩဂုတ် ၁၀**

မောင်တောမြို့နယ် ဈေးကုန်တန်းကျေးရွာသားနှစ်ဦးသည် အလယ်သံကျော်ချောင်းဝရှိ ငါးဖမ်းလှေပေါ်မှ ငါးများသယ်ရန် သွားရောက်စဉ် ဩဂုတ် ၈ ရက်က ပျောက်ဆုံးသွားကြောင်းနှင့် ပန်းတောပြင်အလယ်ရွာမှ ရွာသားတစ်ဦးအား တစ်ရွာတည်းနေသူများက ဩဂုတ် ၉ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

**ပြန်ရောက်လာခြင်းမရှိ**

ဖြစ်စဉ်မှာ ဈေးကုန်တန်းကျေးရွာနေ မာမွတ်ချားနှင့် ကာလာမျာတို့ နှစ်ဦးသည် ဩဂုတ် ၈ ရက် နံနက်ပိုင်းက လေယာဉ်ကွင်းကျေးရွာရှိ အလယ်သံကျော်ချောင်းဝ၌ ဆိုက်ကပ်ထားသည့် ငါးဖမ်းလှေပေါ်မှ ငါးများသယ်ရန် အိမ်မှထွက်သွားရာ အိမ်သို့ ပြန်ရောက်လာခြင်းမရှိသဖြင့် အလယ်ချောင်း နယ်မြေစခန်း၌ အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နယ်မြေရှင်းရှာဖွေ**

ထို့ပြင် ပန်းတောပြင်အလယ်ရွာနေ ဆူလ်တန်သည် ဩဂုတ် ၉ ရက် နံနက်ပိုင်းက မောင်တောမြို့သို့သွားရောက်စဉ် တစ်ရွာတည်းနေ ဟာမိတ်ဟူဆိန်း အပါအဝင် ရွာသားခုနစ်ဦးက ဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟာမိတ်ဟူဆိန်းအပါအဝင် ခုနစ်ဦးအား ဖမ်းဆီးရမိရေး နယ်မြေရှင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## တရားမဝင်တင်ဆောင်လာသော နွားထီးငါးကောင် ကျောက်တံခါးမြို့၌ ဖမ်းဆီးရမိ

**ကျောက်တံခါး ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၀/၀ နှင့် ၁ )အကြား သာယာကုန်းကျေးရွာအနီး၌ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီက တရားမဝင်တင်ဆောင်လာသော ယာဉ်တစ်စီးပေါ်၌ နွားထီးငါးကောင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သာယာကုန်းကျေးရွာအနီး၌ တာဝန်ရှိသူများစောင့်ဆိုင်းနေစဉ် မန္တလေးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အေးကျော်(၃၁ နှစ်) သမန်းခင်းကျေးရွာ ဖြူးမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် အောင်ထွေး (၃၉ နှစ်) စိုက်တန်းခင် ကျေးရွာ ဖြူးမြို့နယ်နေသူတို့ လိုက်ပါလာသော ယာဉ်အမှတ်၄ခ/---- TOYOTA DYNA ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်နွားထီး ငါးကောင် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၃၃ သိန်းခန့်ရှိပြီး အဆိုပါနွားများအား ဖြူးမြို့နယ် ကညွတ်ကွင်းမြို့မှဝယ်ယူကာ ဒိုက်ဦးမြို့နယ်သို့ သယ်ယူမည်ဖြစ်ကြောင်း သိရပြီး ယာဉ်နှင့် နွားများအား ကျောက်တံခါးမြို့မရဲစခန်းသို့ သယ်ယူမောင်းနှင်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ အေးကျော်နှင့် အောင်ထွေးတို့ကို ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

## ငါးတန်းကျောင်းသူအား ခြိမ်းခြောက်၍ ဓာတ်ဆီလောင်းမီးရှို့သူကို ဖမ်းမိ

**ရေး ဩဂုတ် ၁၀**

မွန်ပြည်နယ် ရေးမြို့နယ် ကိုင်းတောကျေးရွာ ခြံတစ်ခြံ၌ ဇူလိုင် ၁၆ ရက်က ဖြစ်ပွားခဲ့သည့် (၁၃ နှစ်)အရွယ် ငါးတန်းကျောင်းသူ မသီတာစန်းအား မဖွယ်မရာခြိမ်းခြောက်ပြောဆို၍ ဓာတ်ဆီပက်ဖျန်း မီးရှို့ကာ ထွက်ပြေးတိမ်းရှောင်နေသူအား ဖမ်းဆီးရမိခဲ့ပြီးဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ပြစ်မှုကျူးလွန်သူ မျိုးမြင့်ဦး (ခ) မြင့်ဦး (၄၄ နှစ်)မှာ ၎င်း၏နေအိမ်တွင်ရှိနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဖမ်းဆီးခဲ့ရာ ဩဂုတ် ၉ ရက်ညနေ ၄ နာရီခွဲက ဖမ်းဆီးရမိခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

မျိုးမြင့်ဦးမှာ (၁၃ နှစ်)အရွယ် ငါးတန်းကျောင်းသူ မသီတာစန်းအား မဖွယ်မရာ ပြုလုပ်ရန် ခြိမ်းခြောက်ကာ ဓာတ်ဆီလောင်းမီးရှို့ရာမှ မသီတာစန်းမှာ မော်လမြိုင်ဆေးရုံသို့ တက်ရောက်ကုသစဉ် ဇူလိုင် ၃၀ ရက်က သေဆုံးခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

## ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ သစ်ခွဲသားမျိုးစုံ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၆၁၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၈၁ သန်းခန့် စုစုပေါင်း တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၅၉၂ သန်းခန့် အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၉ ရက်က သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုပြုလုပ်စဉ် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Toyota Caldina ယာဉ်တစ်စီး၊ Ipsum ယာဉ်တစ်စီး၊ Mark II ယာဉ်တစ်စီးတို့အား မိုင်တိုင်အမှတ် (၁၉၅) မိုင် (၆)ဖာလုံတွင် မသင်္ကာဖွယ် ရပ်တန့်ထားသည်ကို တွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းသစ်ခွဲသား အချောင်း ၂၀၀ (၀ ဒသမ ၄၁၆၆ တန်)၊ပိတောက်ခါးရွှေသစ် ၄၆ ချောင်း (၀ ဒသမ ၆၁၇၆ တန်)၊ တမလန်းခါးရွှေသစ် ၄၁ ချောင်း (၀ ဒသမ ၅၁၁၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၆၃၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့၊ ဗိုလ်တစ်ထောင်ကွက်သစ် နေ(ဘ)ဦးမြင့်သိန်း၏သား မြို့မ အလက နေ စတုတ္ထတန်းမှ မောင်ရှိုင်းမြင့်အောင်၏အမည်မှန်မှာ မောင်ရှိုင်းမြင့်သူ ဖြစ်ပါကြောင်း။

**မောင်ရှိုင်းမြင့်သူ**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အထက (၁)နဝမတန်းမှ မခင်သူဇာ ကျောင်းဝင် နံပါတ် (၄၁၃/၁၆)၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်သိန်း ၁၀/ကမရ(နိုင်) ၀၈၅၄၇၆ ဖြစ်ပါကြောင်း။

**ဦးအောင်ကြည်သိန်း**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အထက ပုတီးကုန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ပိုင်စိုးဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးမိုးထက် ၇/သကန(နိုင်)၀၉၈၄၈၅ ဖြစ်ပါကြောင်း။

**ဦးစိုးမိုးထက်**

### ဖခင်အမည်မှန်

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် (အထက) တောင်ကလေး သတ္တမတန်းမှမောင်ဝေလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိန် ၁၀/ကမရ(နိုင်)၀၀၃၅၂၃ ဖြစ်ပါကြောင်း။

**ဦးအောင်စိန်**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း သစ္စေး တက္ကသိုလ်ဝင်တန်းကျောင်းသူ မနန်းအိခိုင်၏ဖခင် ဦးတင်မောင်မြင့်၏ အမည်မှန်မှာ ဦးမောင်မြင့် ဖြစ်ပါကြောင်း။

**ဦးမောင်မြင့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နတ်မောက်မြို့နယ်၊ ကပေါင်းကုန်းကြီး ကျေးရွာနေ အထက(၁) နတ်မောက်မှ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ခဲ့သော မသက်ထားလှိုင်၏မိခင် ဒေါ်အေးစိန် ၈/နမန(နိုင်)၀၁၄၉၄၄နှင့် ဒေါ်ခင်ခင်ညို သည် တစ်ဦးတည်းသာဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(ခွဲ) ဖိုးခေါင်စုကျောင်း နဝမတန်းမှ မောင်ချစ်လင်းကို၏ ဖခင်အမည်မှန်မှာ ဦးကြည်ဆွေဖြစ်ပါသည်။

**ဦးကြည်ဆွေ**
**၇/လပတ(နိုင်)၁၄၅၂၁၂**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၈-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၂၇တွင် ဦးအေးကျော် ၁၂/ကမရ(နိုင်)၀၅၆၀၉၀နှင့် အများသိစေရန် ကြော်ငြာတွင် တရားရုံးတွင် အမှုရင်ဆိုင်နေရသော တရားပြိုင် ဦးအေးကျော်အစား တရားခံ ဦးအေးကျော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/1312 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်မြောက်ကွက်၊ အကွက်အမှတ် ၂၈၊ ဦးပိုင်အမှတ် က/၂၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး ၃ လမ်း၊ အိမ်အမှတ် ၁၈၊ မြေအကျယ်အဝန်းဧရိယာ ၀ ဒသမ ၀၄၁ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ခေါ်ယဉ်နွဲ့ထံမှ နှစ်ဦးသဘောတူ အဆက်အစပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးသိန်း ၁၂/သလန(နိုင်) ၀၀၆၇၄၈၊ ဒေါ်ခင်စန်း ၁၂/သလန(နိုင်)၀၀၆၇၄၇တို့မှ ၎င်းတို့သာပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းနိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၂၃)**
**အမှတ် ၁၄/က၊ ဒုတိယထပ်၊ တိုက်အမှတ် ၈၃၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၆၂၅၈၊ ၀၉-၇၈၅၀၇၆၂၅၈**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြင်ထိန်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတံတား(ရတနာပုံ) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် လိုအပ်သော M24 S.10.T Bolt & Nut(88075 Sets)ကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေဖြင့်)လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါပေးသွင်းမည့် ပစ္စည်းများသည် ဂျပန်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး အရည်အသွေးပြည့်မီကြောင်း ဂျပန်နိုင်ငံမှ Certificate မူရင်းကို ညွှန်ကြားရေးမှူး(မြို့ပြ)တည်ဆောက်ရေးအဖွဲ့(၁)ထံတွင် ၁၄-၉-၂၀၁၇ ရက် နောက်ဆုံးထား တင်ပြရမည်။

| | | |
|---|---|---|
| ၁။ | **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - ၁၄-၈-၂၀၁၇ရက် နံနက် ၉နာရီ |
| ၂။ | **တင်ဒါပိတ်မည့်ရက်/ အချိန်** | - ၁၄-၉-၂၀၁၇ရက် ၁၅း၀၀နာရီ |
| ၃။ | **တင်ဒါဖွင့်မည့်ရက်/ အချိန်** | - ၁၅-၉-၂၀၁၇ရက် ၁၄း၀၀နာရီ |
| ၄။ | **တင်ဒါ/တင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဧရာဝတီတံတား(ရတနာပုံ) |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဧရာဝတီတံတား (ရတနာပုံ)ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တည်ဆောက်ရေးအဖွဲ့(၁)**
**ဖုန်း-၀၉-၂၆၅၄၆၁၀၉၅၊ ၀၉-၇၉၆၄၈၄၆၆၈**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/2207, Toyota Corolla EE 103, S/W ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင် ၁၂/မဂဒ(နိုင်)၀၁၂၈၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရေတာရှည်၊ တောင်ငူ၊ ဒိုက်ဦး၊ လက်ပံတန်း၊ မင်းလှ၊ ကြို့ပင်ကောက်၊ ပေါက်ခေါင်း၊ ပေါင်းတည်မြို့နယ်များတွင် စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၈-၂၀၁၇ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၉-၉-၂၀၁၇ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာနှင့် အသေးစိတ်သိလိုသည့် အချက်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး စက်မှုလယ်ယာဦးစီးဌာန ပဲခူးမြို့၏ ဖုန်း-၀၉-၈၆၅၁၆၆၁၊ ၀၉-၂၅၀၂၉၉၀၅၆၊ ၀၅၂-၂၂၂၁၀၄၂၊ ၀၅၂-၂၂၂၁၂၆၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ပျောက်ဆုံးခြင်း

ဦးအောင်ချည် ၁၂/မဂဒ(နိုင်)၁၁၄၀၀၂ ဝယ်ယူထားသော Toyota ALPHARD ကိုယ်ထည်ဘောင်အမှတ် ANH 10-0026006 ယာဉ်၏ customs Import Duty ဆောင်ထားသော (ID အမှတ်- 747757)စာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၅၀၀၂၇၅၇**

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးထောင့်ကန်၊ မြေကွက်အမှတ် ၃၁၄၊ မြေကွက်တည်နေရာအမှတ် ၂၄၃၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်(ဒေါ်သောင်းကြည်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ၁၂/သဃက (နိုင်)၀၉၂၅၇၇အမည်ပေါက်ဒေါ်သောင်းကြည်(မိခင်)နှင့် ဦးစိန်လှိုင်(ဖခင်)တို့ ကွယ်လွန်၍ သားသမီးများဖြစ်ကြသော ဦးကြည်လှ၊ ဦးစန်းမောင်၊ ဦးအောင်မင်းစိန်၊ ဒေါ်ဝင်းဝင်းသန်း၊ ဒေါ်သက်သက်မာတို့တွင် သားဦးအောင်မင်းစိန် ကွယ်လွန်သဖြင့်(ဇနီး)ဒေါ်သန်းသန်းအေး ၁၂/စခန(နိုင်)၀၃၀၅၁၉၊ဦးကြည်လှ ၁၂/သဃက(နိုင်)၀၄၇၆၈၁၊ ဦးစန်းမောင် ၁၂/သဃက (နိုင်)၀၉၂၄၃၈၊ ဒေါ်ဝင်းဝင်းသန်း ၁၂/သဃက(နိုင်)၀၉၃၈၆၂၊ ဒေါ်သက်သက်မာ ၁၂/သဃက(နိုင်)၀၉၂၅၀၁တို့က သား/သမီး/ယောက္ခမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်များ၊ ဒေါ်သောင်းကြည် အမည်ပေါက် နှစ် ၆၀ဂရန်တင်ပြ၍(ပိုင်ဆိုင်+စွန့်လွှတ်) စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးခဲ့ရာနှစ်ထပ်အုတ်ညှပ်တစ်လုံးတွင် လျှောက်ထားသူတစ်ဦးနေထိုင်သဖြင့် အဆိုပါလျှောက်ထားမှုနှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# တရုတ်နိုင်ငံက ပိုင်ဆိုင်သည်ဟု အငြင်းပွားနေသည့် ရေပိုင်နက်အနီးတွင် အမေရိကန်ဖျက်သင်္ဘောခုတ်မောင်း

**ဝါရှင်တန် ဩဂုတ် ၁၀**

တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံကတည်ဆောက်ခဲ့သည့်လူလုပ်ကျွန်းတစ်ခု၏ ၁၂ မိုင်အကွာခန့်၌ ကြာသပတေးနေ့က အမေရိကန်ရေတပ်ဖျက်သင်္ဘောတစ်စင်းက လွတ်လပ်စွာပင်လယ်ရေကြောင်းသွားလာခွင့်ကို ဖော်ပြသည့် လှုပ်ရှားမှုတစ်ခုကို ပြုလုပ်ခဲ့ကြောင်း အမေရိကန်အာဏာပိုင်များက ရိုက်တာသတင်းတစ်ရပ်သို့ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏အစိုးရအဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်နှင့်နျူကလီးယားလက်နက်အစီအစဉ်များကို ကိုင်တွယ်ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံက ပူးပေါင်းပါဝင်လာရေးကြိုးပမ်းလျက်ရှိပြီး လုံခြုံစိတ်ချရသည့်အခြေအနေတစ်ခုရရှိနိုင်ရန် အလေးအနက်ဆောင်ရွက်နေသည်ဖြစ်ရာ ထိုသို့ကြိုးပမ်းမှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း ထိုသို့ရေကြောင်းလှုပ်ရှားမှုလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အမေရိကန်ဖျက်သင်္ဘော USS S.McCain သည် ကျွန်းငယ်များ၊ ရေတိမ်သောင်ခုံများအကြားမှ ဖြတ်သန်းလျက် စပရက်လေကျွန်းစုအတွင်းရှိ မစ်ချိဖ်ကျောက်တန်းအနီးတွင် ခုတ်မောင်းခဲ့ကြောင်း အမည်မဖော်လိုသူအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။ တောင်တရုတ်ပင်လယ်အတွင်းရှိ အဆိုပါဒေသသည် တရုတ်နိုင်ငံက ၎င်းပိုင်ဆိုင်သည့် ရေပိုင်နက်ဖြစ်သည်ဟုဆိုကာ အိမ်နီးချင်းနိုင်ငံများနှင့် အငြင်းပွားမှုများဖြစ်ပေါ်နေသည့် နေရာဖြစ်သည်။

နှစ်စဉ် အမေရိကန်ဒေါ်လာ ၅ ထရီလီယံတန်ဖိုးခန့်ရှိသည့် ကုန်စည်များကိုတင်ဆောင်လျက် သင်္ဘောများဖြတ်သန်းနေသည့် ယင်းရေပိုင်နက်ကို တရုတ်နိုင်ငံကဲ့သို့ပင် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများကလည်း ပိုင်ဆိုင်ကြောင်းအငြင်းပွားလျက်ရှိသည်။ **(ရိုက်တာ)**


ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်းက USS S.McCain ဖျက်သင်္ဘော ခုတ်မောင်းခဲ့မှုကို တွေ့ရစဉ်

# ကျူးကျော်ရန်စသည့် အပြုအမူများကို ရပ်တန့်ရန် မြောက်ကိုရီးယားကို ဂျိမ်းမက်တစ်သတိပေး

**ဝါရှင်တန် ဩဂုတ် ၁၀**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားဒုံးကျည်အစီအစဉ်များအတွက်လုံးပမ်းနေမှုနှင့် ရန်စကျူးကျော်သည့်အပြုအမူများကို ရပ်တန်းကရပ်သင့်ပြီဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်ကပြောကြားခဲ့ကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့တွင် ဖော်ပြခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် ကာကွယ်ရေးဝန်ကြီး မက်တစ်ကမြောက်ကိုရီးယားအား ထိုသို့ သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားသည် နျူကလီးယားလက်နက်ပိုင်ဆိုင်နိုင်ရေးစမ်းသပ်မှုများကို အဆုံးသတ်သင့်ပြီဖြစ်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ ပြည်သူများအပေါ်တွင်အဖျက်လုပ်ရပ်များပြုလုပ်ရန် ဆောင်ရွက်မှုမှန်သမျှကို ရပ်တန်းကရပ်သင့်ကြောင်း မက်တစ်က ပြောကြားခဲ့သည်။




အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုကိုဖြေရှင်းရန် သံခင်းတမန်ခင်းကိစ္စများမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်နေပြီး မဟာမိတ်ဖွဲ့ထားသည့်စုပေါင်းတပ်မတော်အင်အားစုများသည် ပိုမိုတိကျသေချာပြီး အလျှော့မပေးသည့်ကာကွယ်ရေးဆောင်ရွက်ချက်မှန်သမျှကို ချမှတ်လျက်ရှိကြောင်း မက်တစ်က ပြောကြားခဲ့ကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

# လျှင်လှုပ်ခတ်မှုဖြစ်ပွားခဲ့သည့် တရုတ်နိုင်ငံစီချွမ်တွင် ကယ်ဆယ်ရေးဆက်လက်ဆောင်ရွက်

**ပေကျင်း ဩဂုတ် ၁၀**

တရုတ်နိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များလာရောက်သည့် အထင်ကရနေရာတစ်ခုတွင် အင်္ဂါနေ့က ငလျင်အကြီးအကျယ်လှုပ်ခတ်ခဲ့မှုကြောင့် လူ၁၉ ဦးသေဆုံးခဲ့ပြီး ရာနှင့်ချီ၍ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်သတင်းမီဒီယာတွင် ဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက်တွင် ဒေသဆိုင်ရာအာဏာပိုင်များသည် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ပြင်းအား ၇ ဒသမ အဆင့်ရှိသည့်မြေငလျင်သည် အင်္ဂါနေ့ ညနေပိုင်းတွင် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ကုန်းတွင်းပိုင်းရှိ Jiuzhaigou အပန်းဖြေစခန်းကို ဗဟိုပြုလျက်လှုပ်ခတ်သွားခဲ့ခြင်းဖြစ်သည်။

ဒေသအုပ်ချုပ်ရေးအဖွဲ့သည် လက်ရှိတွင် ကမ္ဘာလှည့်ခရီးသည် ၆၀၀၀၀ နီးပါးကို ကယ်ထုတ်ပြီး လုံခြုံစိတ်ချရသည့်နေရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**



# အီရန်တွင်တိုက်ခိုက်မှုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည့် အိုင်အက်စ်အဖွဲ့၏ ရုပ်သံဖိုင်ထွက်ပေါ်

**တီဟီရန် ဩဂုတ် ၁၀**


အိုင်အက်စ်စစ်သွေးကြွအုပ်စုက အီရန်နိုင်ငံ တီဟီရန်မြို့တွင် တိုက်ခိုက်မှုအသစ်များပြုလုပ်သွားမည်ဟု ခြိမ်းခြောက်ပြောဆိုထားသည့် ဗွီဒီယိုဖိုင်တစ်ခုကို ယမန်နေ့က ထုတ်ပြန်ခဲ့ကြောင်းသတင်းရင်းမြစ်များတွင် ဖော်ပြခဲ့သည်။

အာမက်သတင်းဌာနတံဆိပ်ပါသည့် ဗွီဒီယိုဖိုင်တွင် အိုင်အက်စ်စစ်သွေးကြွအုပ်စုက မျက်နှာဖုံးအမည်းရောင်ဝတ်ဆင်ပြီး အေကေ-၄၇ သေနတ်ကိုင်ဆောင်ထားသည့် ခေါင်းဆောင်ဖြစ်ဟန်တူသူက ထိုသို့ ခြိမ်းခြောက်စကားပြောလိုက်ခြင်းဖြစ်သည်။

ဗွီဒီယိုဖိုင်တွင် အခြားမျက်နှာဖုံးအမည်းရောင်စွပ် စစ်သွေးကြွများက အာရပ်လူမျိုးများကို ဆန့်ကျင်ကြောင်း ပြောကြားခဲ့ပြီး ၎င်းတို့ကိုလည်းတိုက်ခိုက် သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အီရန်နိုင်ငံကို အိုင်အက်စ်စစ်သွေးကြွတို့က ၎င်းတို့၏ ရန်သူအဖြစ်သတ်မှတ်ထားသည်။ အဆိုပါစစ်သွေးကြွအုပ်စုသည် ဇွန် ၇ ရက်က အယာတိုလာခါမေနီ၏ ဂူဗိမာန်နှင့် တီဟီရန်မြို့ရှိ ပါလီမန်အတွင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အနည်းဆုံး လူ ၁၈ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အီရန်တော်လှန်ရေးတပ်ဖွဲ့ကလည်း ဇွန် ၁၈ရက်က ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းနှင့် အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်နေသူ ဒါဇင်ပေါင်းများစွာကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း အီရန်အာဏာပိုင်များက ပြောခဲ့သည်။
**(ဆင်ဟွာ)**



# ချီကာဂိုတွင် ပစ်ခတ်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံး

**ချီကာဂို ဩဂုတ် ၁၀**

အမေရိကန်နိုင်ငံမြောက်ပိုင်း ချီကာဂိုမြို့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းရဲတပ်ဖွဲ့က မကြာသေးမီက ပြောခဲ့သည်။

သေနတ်သမားတစ်ဦးသည် ချီကာဂိုမြို့ရှိ စီးတီးစင်တာတောင်ဘက် ၉ ကီလိုမီတာဝေးသော ဘရွန်ဇ်ဘယ်လီ အိမ်ရာတစ်ခုအပြင်ဘက်ရှိ လူများကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ သေနတ်သမား၏ ပစ်ခတ်မှုကြောင့် အသက် ၂၈ နှစ်အရွယ်ရှိ အယ်လ်ဖရက် မစ်ချယ်၏ကျောကို ကျည်ဆံမှန်ကာ ဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။ သေနတ်ပစ်ခတ်မှုတွင် ဒဏ်ရာရရှိခဲ့သူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် အသက်အန္တရာယ်မစိုးရိမ်ရကြောင်း၊ ၎င်းတို့အနက် ငါးဦးမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

ဒေသခံရဲတပ်ဖွဲ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းလျက်ရှိပြီး သေနတ်ပစ်ခတ်သူများကို ယခုချိန်အထိ ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်းသိရသည်။ အမေရိကန်နိုင်ငံ ချီကာဂိုမြို့သည် ရာဇဝတ်မှုများနှင့် နာမည်ကျော်ကြားလျက်ရှိပြီး ၂၀၁၆ခုနှစ်တွင် လူသတ်မှု ၇၆၂မှု၊ ပစ်ခတ်မှု ၃၅၅၀မှုနှင့် သေနတ်ပစ်ခတ်ခံရသူ ၄၃၃၁ ဦးရှိကြောင်း ရဲဘက်ဆိုင်ရာမှတ်တမ်းများအရ သိရသည်။ **(ဆင်ဟွာ)**

# ထရန့်ရဲ့နည်းဗျူဟာအစုံ၊ ဥရောပခေါင်းဆောင်များရဲ့ ကြိုးစားမှုအဖုံဖုံ

ကလျာမိုးမြင့်

"ဥရောပနိုင်ငံသားတွေရဲ့ အနာဂတ်နဲ့ ကံကြမ္မာအတွက် တိုက်ပွဲဝင်ရမယ်ဆိုတာကို နားလည်ဖို့လိုတယ်"။

ဒီစကားဟာပြီးခဲ့တဲ့ မေလအတွင်းက ဂျီဆဲဗင်းထိပ်သီးအစည်းအဝေးအပြီးမှာ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်က ၎င်းကို ထောက်ခံသူတွေကို ပြောကြားခဲ့တဲ့စကားဖြစ်ပါတယ်။

အဲဒီ အစည်းအဝေးအတွင်းမှာ ဂျာမနီနိုင်ငံက ထုတ်တဲ့ကားများစွာကို အမေရိကန်ပြည်ထောင်စုသို့ ရောင်းချခဲ့တဲ့အတွက် အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ ဂျာမနီနိုင်ငံကို တော်တော်လေး အခြေအနေမကောင်းတော့တဲ့ နိုင်ငံတစ်ခုအဖြစ် သမုတ်ခဲ့ပြီး ဂျာမနီနိုင်ငံကလည်း ဒေါ်နယ်ထရန့်ကို ဂျီဆဲဗင်းထိပ်သီးအစည်းအဝေးအတွင်းမှာ ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ကန့်လန့်တိုက်နေတဲ့ တစ်ဦးတည်းသောသဘောထားကွဲလွဲသူအဖြစ် ရှုမြင်ခဲ့ပါတယ်။

ဝန်ကြီးချုပ် အန်ဂျလာမာကယ်ဟာ အခြေအနေဆိုးရွားနေတဲ့ အတ္တလန္တိတ် ဖြတ်ကျော်ဆက်ဆံမှုကို ဥရောပအတွက် အောင်ပွဲတစ်ခုအဖြစ်သို့ ရောက်ရှိလာအောင် ကြိုးပမ်းနေသူဖြစ်ပါတယ်။ နိုင်ငံခြားဆက်ဆံမှုဆိုင်ရာ ဥရောပကောင်စီ ဒါရိုက်တာ မာ့က်လီယိုနတ်က ဥရောပသမဂ္ဂ စတင်တည်ထောင်ခဲ့ပြီးတဲ့နောက်မှာ ဒေါ်နယ်ထရန့်ဟာ ဥရောပနိုင်ငံတွေရဲ့ ပိုမိုနက်ရှိုင်းတဲ့ ပေါင်းစည်းမှုအပေါ်မှာ သိပ်သဘောမကျတဲ့ ပထမဆုံးသော အမေရိကန်ခေါင်းဆောင်တစ်ယောက်ပဲလို့ ဖွင့်ဟပြောကြားခဲ့ပါတယ်။

အန်ဂျလာမာကယ်အနေနဲ့ ယခုအချိန်မှာ ပြန်လည်ဖော်ထုတ်လိုက်တဲ့ ၎င်းပ်လျှိုးနေသောအကြောင်းအရာတစ်ရပ်ကတော့ ဥရောပနိုင်ငံတွေဟာ အမေရိကန်ပြည်ထောင်စုရဲ့ အားပေးထောက်ခံမှုကြောင့် မဟုတ်ဘဲ အမေရိကန်ရဲ့ရန်လိုမှုကြောင့် အတူတကွပြန်လည်ပေါင်းစည်းလာရမယ်ဆိုတဲ့အချက်ကို ထုတ်ဖော်လိုခြင်းပဲဖြစ်ပါတယ်။

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်ဟာ ထရန့်နဲ့အပြိုင်အဆိုင်ဝင်ရောက်လာတဲ့ ပြင်သစ်သမ္မတ မက်ခရွန်ရဲ့ ကျောထောက်နောက်ခံပေးမှုကိုလည်း ရရှိထားပါတယ်။ မက်ခရွန်ဟာ အမေရိကန်သမ္မတချုပ်ကိုင်ထားတဲ့အရာတွေကို မမျှော်လင့်ဘဲ ရယူသွားနိုင်သလို သူကိုယ်တိုင်ကလည်း နိုင်ငံတကာ နိုင်ငံရေးပြကွက်အတွင်းမှာ ဥရောပခေါင်းဆောင်တစ်ယောက် ဖြစ်လာချင်နေတယ်လို့ ဝေဖန်ခံရသူ ဖြစ်ပါတယ်။



ဒေါ်နယ်ထရန့်ကရော ဥရောပမှာ ထောက်ခံမှုရရှိထားသူလားဆိုရင် ရရှိထားသူတစ်ယောက်လို့ ပြောနိုင်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာ ထရန့်က ဆွီဒင်နိုင်ငံဟာ ရွှေ့ပြောင်းသွားလာသူ ဒုက္ခသည်ထောင်ပေါင်းများစွာကို ရက်ရက်ရောရော လက်ခံခဲ့တဲ့အတွက် အကြမ်းဖက်တိုက်ခိုက်မှုများစွာရဲ့ သားကောင်ဖြစ်လာလိမ့်မယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။ ဒါပေမယ့် ဆွီဒင်မှာ ၎င်းပြောသလို ဘယ်လိုတိုက်ခိုက်မှုမျိုးမှ မဖြစ်ပွားခဲ့ဖူးသေးတဲ့အတွက် ထရန့်ကိုလူတွေက လှောင်ပြောင်သရော်ခဲ့ကြပါတယ်။ ဒါပေမယ့် အဲလိုပြောပြီး မကြာခင်မှာပဲ တိုက်ခိုက်မှုတွေရှိလာပါတယ်။ မကြာသေးမီက ရောက်ရှိလာတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေ အပါအဝင် ဆွီဒင်နိုင်ငံသားတွေဟာ ရဲတွေနဲ့ ဒုက္ခသည်လူငယ်တွေကြားမှာ ဖြစ်ပွားတဲ့ တိုက်ခိုက်မှုတွေအကြောင်းကို စတင်ပြီး ပြောဆိုသံတွေကို ကြားလာရပါတယ်။

အဲဒီလိုတွေဖြစ်လာပြီးနောက် ဆွီဒင်ဝန်ကြီးချုပ်က ကျွန်ုပ်တို့မှာ စိန်ခေါ်မှုတွေရှိလာပြီ။ ဒါကို မယုံမရှိကြနဲ့လို့ ပြောကြားခဲ့ပါတယ်။ ဒီလိုဖြစ်ပျက်လာမှုတွေက အခုအချိန်မှာ ဆွီဒင်ရဲ့ ဒုတိယအကြီးဆုံးနိုင်ငံရေးပါတီအဖြစ်နဲ့ Moderate ပါတီကိုအမှီလိုက်လာနေတဲ့ လက်ယာစွန်းရောက် ဆွီဒင်နိုင်ငံသား ဒီမိုကရက်တစ်ပါတီဝင်တွေကို ပေါ်ထွက်လာစေပြီး ရွှေ့ပြောင်းသွားလာသူတွေ ဝင်ရောက်လာမှုကို ဆန့်ကျင်တဲ့ ဒီမိုကရက်တစ်ပါတီဝင်တွေနဲ့ ပူးပေါင်းဖို့ စဉ်းစားသင့်တယ်လို့ ပါတီခေါင်းဆောင်တွေကို ယုံကြည်လာစေခဲ့ပါတယ်။

ထရန့်ကို ထောက်ခံမှုပေးမယ့် နောက်ထပ်တစ်နေရာရာ ရှိနေနိုင်ပါသေးတယ်။ ဥရောပသမဂ္ဂရဲ့ အဓိကနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယေဘုယျစီးပွားရေး တိုးတက်ဖြစ်ထွန်းမှုရှိမလာသေးတဲ့ အီတလီဟာ မြောက်အာဖရိက ကနေ မြေထဲပင်လယ်ကိုဖြတ်ပြီး အီတလီကမ်းခြေတွေမှာ စုပုံများပြားလာနေကြတဲ့ ရွှေ့ပြောင်းသွားလာသူအရေအတွက် မြင့်တက်လာနေတာကို ဆူးငြောင့်ခလုတ်တစ်ခုအနေနဲ့ ထင်မြင်နေတဲ့ နိုင်ငံဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ ပြီးခဲ့တဲ့ဇွန်လအတွင်းက ကြယ်ငါးပွင့်လှုပ်ရှားမှုအဖွဲ့မှ နိုင်ငံရေးခေါင်းဆောင် ဘက်ပီဂရီလိုဟာ ဒေသတွင်းရွေးကောက်ပွဲတွေမှာ ရှုံးနိမ့်မှုတွေရှိခဲ့သော်လည်း အဖွဲ့ဟာ ဆန္ဒမဲရဲ့ သုံးဆယ်ရာခိုင်နှုန်းကို ရရှိထားဆဲဖြစ်ပြီး ဒီမိုကရက်တစ်ပါတီထက်အနည်းငယ် ရှေ့ရောက်နေဆဲဖြစ်ပါတယ်။ ကြယ်ငါးပွင့်လှုပ်ရှားမှုအဖွဲ့ဟာလည်း ရွှေ့ပြောင်းသွားလာသူတွေနဲ့ ပတ်သက်ပြီး သဘောထားတင်းမာတဲ့အုပ်စုဖြစ်ပြီး တစ်ပိုင်းစီပြိုကွဲနေတဲ့ အဖွဲ့ပေါင်းများစွာကို အောင်မြင်စွာ ပြန်လည်ပေါင်းစည်းနိုင်ရေး၊ တည့်မတ်စွာလှုပ်ရှားနေတဲ့အဖွဲ့ဖြစ်ပါတယ်။ လာမယ့်နှစ်မှာ ကျင်းပမယ်လို့ ယူဆရတဲ့ ရွေးကောက်ပွဲအပြီးမှာ အစိုးရအဖွဲ့နေရာကို လွှဲပြောင်းရယူဖွယ်ရာရှိတယ်လို့ နာမည်ကျော်ကြားလျက်ရှိပါတယ်။

ဒီအချက်တွေကလည်းပဲ ထရန့်ရဲ့ သမ္မတအဖြစ် ဆောင်ရွက်မှုအပေါ်မှာ ကြိုဆိုလက်ခံမှုရှိတဲ့ သဘောထားမျိုးပြသနေပါတယ်။ အီတလီနိုင်ငံမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစ်ကိုနီနဲ့လည်း မကြာခဏ ခိုင်းနှိုင်းပြောဆိုလာခဲ့တာကြာပါပြီ။ နှစ်ဦးလုံးဟာ စီးပွားရေးနယ်ပယ်ထဲကနေ နိုင်ငံရေးလောကထဲ ဝင်ရောက်လာကြသူတွေဖြစ်ပြီး တစ်ဦးဟာဆိုရင် နိုင်ငံရေးအရ အမြင့်ဆုံးနေရာရရှိဖို့အတွက် အရည်အချင်းပြည့်မီသလို စီပွားရေးအရ အောင်မြင်မှုကိုလည်း အခိုင်အမာရရှိထားသူဖြစ်ပြီး တစ်ဦးကတော့ ၎င်းရဲ့ မီဒီယာပိုင်းဆိုင်ရာ အတွေ့အကြုံက ၎င်းကို များပြားလှစွာသော လူထုပရိသတ်ကြီးနဲ့တိုက်ရိုက်စကားပြောဆိုခွင့်ရရှိစေခဲ့ပါတယ်။

ထရန့်နဲ့ သဘောထားချင်းတိုက်ဆိုင်မှုရှိတဲ့ ဥရောပအစိုးရအဖွဲ့တွေထဲမှာ ပိုလန်ဟာထိပ်ဆုံးက ဖြစ်နေပါတယ်။ ပြီးခဲ့တဲ့လအတွင်းက ဝါဆောမှာ ထရန့်ပြောကြားခဲ့တဲ့ မိန့်ခွန်းကို လက်ရှိအာဏာရနေတဲ့ Law and Justice ပါတီက အူလှိုက်သည်းလှိုက်လက်ခံခဲ့ပါတယ်။ ပိုလန်နိုင်ငံရဲ့ တရားစီရင်ရေးစနစ်ကို လွှဲပြောင်းလက်ခံရယူဖို့ အစီအစဉ်နဲ့ပတ်သက်ပြီး ဘယ်လိုအကိုးအကားအထောက်အထားမျိုးမှ မပါဘဲ ပြောဆိုခဲ့ရာမှာလည်း များစွာချီးကျူးခံခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ဝါဆောမှာ ထရန့်ပြောဆိုပြုမူခဲ့တာတွေကို ထရန့်ရဲ့ပြည်တွင်းဦးစီးဌာနက ဝေဖန်ခဲ့ပါတယ်။

နောက်ထပ်ထရန့်ကို လက်ခံသူတစ်ဦးကတော့ ဟန်ဂေရီဝန်ကြီးချုပ်ဗစ်တာ အော်ဗန်ပါ။ အော်ဗန်ဟာ ထရန့်ရဲ့ ရွေးကောက်ပွဲအနိုင်ရရှိမှုကို ဝမ်းသာလိုက်လှဲကြိုဆိုခဲ့သူဖြစ်ပြီး နယ်စပ်လုံခြုံရေးခိုင်မာမှုကို အာပေးထောက်ခံတဲ့သူ၊ ရွှေ့ပြောင်းသွားလာသူတွေ ဝင်ရောက်မှုကို ပိတ်ဆို့ တားဆီးသူလို့ ထင်မြင်နေသူဖြစ်ပါတယ်။

ဥရောပသမဂ္ဂမှ ခွဲထွက်ရေးဖြစ်စဉ်အတွက် ရှုန်းကန်လှုပ်ရှားနေရတဲ့ ဗြိတိန်နိုင်ငံဟာ အဖွဲ့ဝင်နိုင်ငံအဖြစ် ကျန်ရှိနေသေးသော်လည်း ဥရောပသမဂ္ဂရဲ့တစ်ဖက်ခြမ်းမှာ သီးခြားရပ်တည်နေတဲ့ အနေအထားမျိုးရှိနေပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ ကတိပေးခဲ့တဲ့အတိုင်း ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကို ဆက်လက် ဆောင်ရွက်မယ်ဆိုရင် ဗြိတိန်ဟာ ဥရောပသမဂ္ဂဈေးကွက်သို့ ဝင်ရောက်ခွင့်ဆုံးရှုံးသွားခြင်းကို ကုစားနိုင်မယ့် ကုန်သွယ်ရေးစာချုပ်အတွက် အမေရိကန်ပြည်ထောင်စုကို အကြီးအကျယ်မှီခိုအားထားရတော့မှာ ဖြစ်ပါတယ်။

ဥရောပနိုင်ငံတွေဟာ လွတ်လပ်စွာကုန်သွယ်မှု၊ ရာသီဥတုပြောင်းလဲမှုနဲ့ နေတိုးအဖွဲ့ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး သဘောထားတွေကွဲပြားနေပေမယ့် လူဝင်မှုကြီးကြပ်ရေး၊ နယ်စပ်လုံခြုံမှုခိုင်မာရေး၊ လိင်ကူးပြောင်းဆိုင်ရာ အခွင့်အရေးကိစ္စရပ်တွေမှာတော့ လုံလောက်တဲ့ သဘောတူညီမှုတွေ ရရှိထားပါတယ်။

ဩဇာအာဏာအကြီးဆုံးခေါင်းဆောင်နှစ်ဦးဖြစ်ကြတဲ့ ပြင်သစ်သမ္မတ မက်ခရွန်နဲ့ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်တို့ဟာ အကြောင်းအရာအများစုမှာ ထရန့်နဲ့ဆန့်ကျင်နေပါတယ်။ ဒါပေမယ့် ကာကွယ်ရေးဆိုင်ရာ အကြောင်းပြချက်အတွက်ဖြစ်စေ၊ အနည်းဆုံးတော့အမေရိကန်နဲ့ ဖော်ရွေတဲ့ ဆက်ဆံရေးမပျက်ယွင်းဖို့ ဆက်လက်ထိန်းထားဖို့လိုအပ်နေဦးမှာ ဖြစ်ပါတယ်။ ဒီခေါင်းဆောင်နှစ်ဦးလုံးဟာ စီးပွားရေးနဲ့နိုင်ငံရေးမှာသာမက နိုင်ငံတကာအလယ်မှာ ရပ်တည်မှုအပိုင်းမှာပါ တစ်ဦးကိုတစ်ဦးက ဥရောပရဲ့ ယန္တရားကို လည်ပတ်စေဖို့အတွက် မော်တာအဖြစ် လုပ်ဆောင်ပေးမယ့် မဟာမိတ်လို့ ထင်မြင်နေကြပါတယ်။

ဒါပေမယ့် နှစ်ဦးစလုံးဟာ ဥရောပအတွင်းမှာ အယုံအကြည်ကင်းမဲ့မှုတွေနဲ့ အတိုက်အခံပြုသူတွေကို ရင်ဆိုင်နေရဆဲဖြစ်ပြီး အဲဒီထဲမှာ အများစုကထရန့်ရဲ့ ထောက်ခံမှုကို ရရှိထားသူတွေ ဖြစ်ပါတယ်။ ဒီအချက်တွေက ခေါင်းဆောင်နှစ်ဦးကို နောင်နှစ်များစွာကြာတဲ့အခါ အတ္တလန္တိတ်ဒေသရဲ့ နှစ်ဖက်စလုံးမှာ ကြီးမားတဲ့အကျိုးဆက်တွေ ဖြစ်ပေါ်လာဖို့အတွက် သိမ်မွေ့နက်နဲတဲ့ ကြိုးစားရုန်းကန်မှုတွေ ပေါ်ပေါက်လာအောင် ဖန်တီးပေးနေသလိုပါပဲ။ **(ရိုက်တာ)**

**ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ ကတိပေးခဲ့တဲ့အတိုင်း ဥရောပ သမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကို ဆက်လက်ဆောင်ရွက်မယ်ဆိုရင် ဗြိတိန်ဟာ ဥရောပ သမဂ္ဂဈေးကွက်သို့ ဝင်ရောက်ခွင့်ဆုံးရှုံးသွားခြင်းကို ကုစားနိုင်မယ့် ကုန်သွယ်ရေး စာချုပ်အတွက် အမေရိကန်ပြည်ထောင်စုကို အကြီးအကျယ် မှီခိုအားထားရတော့မှာ ဖြစ်ပါတယ်**



## ဗီယက်နမ်၌ အွန်လိုင်းဖြင့် ဆင်ဆာလုပ်ငန်းဆောင်ရွက်မည်

**ဟန္နိုင်း ဩဂုတ် ၁၀**

လာမည့် ၂၀၃၀ခုနှစ်မတိုင်မီတွင် ပြုလုပ်သွားမည့် ဆိုက်ဘာရာဇဝတ်မှုကျူးလွန်ခြင်းကို ကာကွယ်ရေးမြှင့်တင်မှုစီမံချက်၏ တစ်စိတ်တစ်ပိုင်းနေဖြင့် ပိတ်ဆို့မှု၊ စုစည်းမှုနှင့် အင်တာနက်ပေါ်တွင် သတင်းအချက်အလက်လိမ်လည်မှုဖြစ်စဉ်များကို ဖော်ထုတ်မည့် ဆော့ဖ်ဝဲပါရှိသည့် အွန်လိုင်းဆင်ဆာစနစ်ကို ဗီယက်နမ်နိုင်ငံ၌ မကြာမီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆင်ဆာစနစ်၌ သတင်းအချက်အလက် လိမ်ညာဖော်ပြသည့် ဝက်ဘ်ဆိုက်များအား ကွန်ပျူတာများကလက်ခံခြင်း တားဆီးပေးမည့်ဆော့ဖ်ဝဲနှင့် မသမာသူများက ဆိုက်ဘာ ရာဇဝတ်မှုကျူးလွန်မည့်နည်းလမ်းများကို စိစစ်သွားမည့် စုံစမ်းစစ်ဆေးရေးစနစ်ကို အဆင့်မြှင့်တင်ထားကြောင်း သိရသည်။
**(ဆင်ဟွာ)**

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

(ခ) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ ပုဒ်မ ၁၁ ပါ ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့်မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်းကြေညာရမည်။

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ တရားရုံး၏အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်တို့ကို လက်ခံရရှိလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်းကြေညာရမည်။

(ဃ) (၁) ပုဒ်မခွဲ(က)ပါ တရားမဝင်ကြောင်းကြေညာခြင်းအတွက် တောင်းဆိုချက်ကို မည်သည့်အချိန်တွင်မဆို လျှောက်ထားနိုင်သည်။

(၂) မရိုးမဖြောင့်သောသဘောဖြင့် မှတ်ပုံတင်ခဲ့ခြင်းမဟုတ်လျှင် ပုဒ်မခွဲ (ခ)ပါ တရားမဝင်ကြောင်း ကြေညာခြင်းအတွက် တောင်းဆိုချက်သည် မှတ်ပုံတင်သည့်နေ့ရက်မှ ငါးနှစ်သက်တမ်းကျော်လွန်ပြီးနောက် လျှောက်ထားခြင်း မပြုနိုင်။

(င) တရားမဝင်ကြောင်းကြေညာသည့် အကြောင်းအရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင် အဆိုပါကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် တရားမဝင်ကြောင်း ကြေညာရမည်။

(စ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို တရားမဝင်ကြောင်း ကြေညာခြင်းဖြစ်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ တရားမဝင်ကြောင်း ကြေညာခြင်းကို အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၄၉။ (က) အမှတ်တံဆိပ်အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ မှတ်ပုံတင်အရာရှိသည် အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည် -

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့် သက်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ဦးစီးဌာနတွင် လျှောက်ထားသည့်နေ့မှစ၍ သုံးနှစ်အတွင်း လုံးဝအသုံးမပြုခြင်းနှင့် အဆိုပါအသုံးပြုမှုပျက်ကွက်ခြင်းအတွက် လုံလောက်သော အကြောင်းပြချက်မရှိခြင်း၊

(၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ် အသုံးပြုခြင်းအား တစ်ဆက်တည်း သုံးနှစ်ကြာ ဆိုင်းငံ့ထားခြင်းနှင့် အဆိုပါဆိုင်းငံ့ထားခြင်းအတွက် လုံလောက်သော အကြောင်းပြချက်မရှိခြင်း၊

(၃) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်သည် ကုန်ပစ္စည်း၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန်တို့ကို ဖော်ပြသည့် ညွှန်းပြချက်များ သို့မဟုတ် မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျအသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံ ဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာသည့် ညွှန်းပြချက်များ သီးသန့်ပါဝင်လာခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အမှတ်တံဆိပ်အသုံးပြုခြင်းတွင် အောက်ပါတို့ပါဝင်သည် -

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ထူးခြားသောလက္ခဏာများအား ပြောင်းလဲခြင်းမရှိဘဲ ကွဲပြားသော ပုံစံတစ်ခုအဖြစ် အသုံးပြုခြင်း၊

(၂) တင်ပို့ရန် ရည်ရွယ်၍ ကုန်ပစ္စည်းများပေါ်တွင် အမှတ်တံဆိပ်ကို ကပ်ခြင်း သို့မဟုတ် ယင်းကုန်ပစ္စည်းကို ထုပ်ပိုးထားခြင်းအပေါ်တွင် အမှတ်တံဆိပ်ကို ကပ်ခြင်းတို့အပါအဝင် နိုင်ငံတော်တွင် အသုံးပြုခြင်း။

(ဂ) ဤဥပဒေအရ အမှတ်တံဆိပ် အသုံးပြုသည့်ကာလ၊ သဘောသဘာဝ သို့မဟုတ် နယ်ပယ်တို့အပါအဝင် အမှတ်တံဆိပ်အား အသုံးပြုမှုကို သက်သေပြရန် လိုအပ်လျှင် အဆိုပါသက်သေပြရန် တာဝန်သည် အမှတ်တံဆိပ်ပိုင်ရှင်နှင့်သာ သက်ဆိုင်ရမည်။

(ဃ) ပယ်ဖျက်စေသည့် အကြောင်းအရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင် အဆိုပါကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင်ပယ်ဖျက်စေရမည်။

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးပါက အဆိုပါ မှတ်ပုံတင်ခြင်းသည် တရားဝင်ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(စ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ ပယ်ဖျက်ပြီးကြောင်းကို အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)နှင့် ငြိစွန်းသဖြင့် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်သည့် သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်သည့် အမှတ်တံဆိပ်ကို အသုံးမပြုရ။

## အခန်း(၁၅)
## ဒေသဆိုင်ရာအညွှန်း

၅၁။ သက်ဆိုင်ရာကုန်ပစ္စည်းကို ထုတ်လုပ်သောဒေသအတွင်းရှိ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ကိုယ်စားပြုသည့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုသည် ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်လိုပါက မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) သဘာဝထွက်ကုန် သို့မဟုတ် သဘာဝသယံဇာတများဖြင့် ကုန်ပစ္စည်းထုတ်လုပ်သူများ၊

(ခ) စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်သူများ၊

(ဂ) လက်မှုပစ္စည်း သို့မဟုတ် စက်မှုပစ္စည်းဆိုင်ရာ ထုတ်ကုန်ထုတ်လုပ်သူများ၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိတွင် ဖော်ပြထားသူများ၏ ကိုယ်စားနိုင်ငံတော်တွင်း အခွင့်ရအာဏာပိုင်များအားလုံး။

၅၂။ (က) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါအချက်များ ပါဝင်သော သတ်မှတ်သည့်နည်းလမ်းနှင့်အညီ လျှောက်ထားရမည်-

(၁) လျှောက်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၂) မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ဒေသဆိုင်ရာအညွှန်း၊

(၃) လျှောက်ထားသည့် ဒေသဆိုင်ရာအညွှန်း ထွက်ရှိရာဒေသ၊

(၄) ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ကုန်ပစ္စည်း။

(ခ) အဆိုပါလျှောက်လွှာများနှင့်အတူ အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုန်ပစ္စည်း၏ ထူးခြားသော အချက်အလက်များ သို့မဟုတ် အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှု၊

(၂) ကုန်ပစ္စည်း၏ တိကျစွာ သတ်မှတ်ထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် ဝိသေသလက္ခဏာများ၊ မူရင်းဒေသနှင့် ထုတ်လုပ်မှုနည်းစနစ်တို့အကြား ဆက်စပ်မှု၊

(၃) သတ်မှတ်သည့် အခြားအချက်များ။

(ဂ) လျှောက်ထားရာတွင် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။

၅၃။ ဒေသဆိုင်ရာအညွှန်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းနေပါက မှတ်ပုံတင်ခွင့်မရှိစေရ -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ) ပါ ဒေသဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) အဆိုပါဒေသဆိုင်ရာအညွှန်းကို သုံးစွဲမည့်ကုန်ပစ္စည်းသည် နိုင်ငံတော်ရှိ အများသုံး ဝေါဟာရတွင် ယေဘုယျအသုံးအနှုန်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်နေခြင်း၊

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရား ကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်နေသော ဒေသဆိုင်ရာအညွှန်းတစ်ရပ်ဖြစ်နေခြင်း။

၅၄။ အကျိုးသက်ဆိုင်သူ မည်သူမဆို သို့မဟုတ် မည်သည့်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမဆို အောက်ပါအကြောင်းပြချက်များဖြင့် ဒေသဆိုင်ရာအညွှန်းအား မှတ်ပုံတင်ထားခြင်းကို တရားမဝင်ကြောင်း ကြေညာရန် သို့မဟုတ် ပယ်ဖျက်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ) ပါ ဒေသဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) ပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) ပါ ချမှတ်ထားသော အချက်အလက်များနှင့် သက်ဆိုင်သည့် လိုအပ်ချက်များနှင့်ကိုက်ညီစေရန် သေချာစွာ ဆက်လက်လုပ်ဆောင်နိုင်မှုမရှိခြင်း၊

(ဂ) မူရင်းထွက်ရှိရာနိုင်ငံတွင် အကာအကွယ်ပြုလုပ်မထားသော သို့မဟုတ် ကာကွယ် ခြင်းရပ်စဲသွားသော သို့မဟုတ် အဆိုပါနိုင်ငံတွင်အသုံးမပြုတော့သော ပြည်ပ ဒေသဆိုင်ရာအညွှန်းများ၊

(ဃ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရားကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်နေသော ဒေသဆိုင်ရာ အညွှန်းတစ်ရပ်ဖြစ်နေခြင်း။

၅၅။ (က) မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသော ဒေသအတွင်း ၎င်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသူများကသာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်းကို သုံးစွဲခွင့်ရှိရမည်။ သို့ရာတွင် အဆိုပါ ကုန်ပစ္စည်းများသည် မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ဖော်ပြထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားသော ဝိသေသလက္ခဏာများနှင့် ပြည့်စုံရမည်ဖြစ်သည်။

(ခ) သံတူကြောင်းကွဲဖြစ်နေသည့် ဒေသဆိုင်ရာအညွှန်းများတွင် မှတ်ပုံတင်ပြီးသော ဒေသဆိုင်ရာအညွှန်းအမည်နှင့် နောက်ပိုင်းတွင်မှ မှတ်ပုံတင်သည့် သံတူကြောင်းကွဲ ဒေသဆိုင်ရာ အညွှန်းအမည်တို့အကြား လက်တွေ့ကျင့်သုံးမှုတွင် သိသာထင်ရှားသော ကွဲပြားခြားနားမှုရှိသည့်အခါမှသာ သက်ဆိုင်ရာ ထုတ်လုပ်သူများအား သာတူညီမျှပြုမှုဆက်ဆံရန်နှင့် စားသုံးသူများအား ထင်ယောင်ထင်မှား မဖြစ်စေရန် လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစား၍ အကာအကွယ်ပေးရမည်။

(ဂ) မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်း၏ အခွင့်အရေးရရှိသူသည် အောက်ပါကိစ္စရပ်များကို ကာကွယ်တားဆီးပိုင်ခွင့်ရှိသည် -

(၁) ကုန်ပစ္စည်း၏ ဒေသဆိုင်ရာအညွှန်းနှင့် စပ်လျဉ်း၍ အများပြည်သူကို လှည့်ဖြားရန်အလို့ငှာ မူရင်းဒေသမှန်မှမဟုတ်ဘဲ အဆိုပါဒေသမှ ထွက်ရှိသောပစ္စည်းဖြစ်ကြောင်း ဖော်ပြ၍ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၂) တရားမျှတမှုမရှိသည့် ယှဉ်ပြိုင်မှုတစ်ရပ်ကို ဖြစ်စေသော မှတ်ပုံတင်ထားသည့် ဒေသဆိုင်ရာအညွှန်းကို အသုံးပြုခြင်းတစ်ရပ်ရပ်၊

(၃) ကုန်ပစ္စည်း၏ မူရင်းဒေသကို ညွှန်ပြရာတွင် ဖြစ်စေ၊ ဒေသဆိုင်ရာ အညွှန်းကို ဘာသာပြန်ဆို၍ အသုံးပြုရာတွင်ဖြစ်စေ၊ အမျိုးအစား၊ အုပ်စု၊ ပုံစံ၊ တုပခြင်း သို့မဟုတ် အလားတူ ဖော်ပြချက်များဖြင့် ဒေသဆိုင်ရာအညွှန်းကို တွဲဖက်အသုံးပြုထားရာတွင် ဖြစ်စေ၊ အငြင်းပွားနေသော ဒေသဆိုင်ရာ အညွှန်းဖြင့် ဖော်ပြထားသောဒေသမှ မဟုတ်သည့် ကုန်ပစ္စည်းများအတွက် ဒေသဆိုင်ရာအညွှန်းကို အသုံးပြုခြင်း။

(ဃ) ကုန်ပစ္စည်းမူရင်းထွက်ရှိရာ နယ်ပယ်၊ ဒေသ သို့မဟုတ် နယ်မြေကို တိကျမှန်ကန်စွာဖော်ပြထားသော်လည်း အခြားနယ်ပယ်မှထွက်ရှိသော ကုန်ပစ္စည်းအဖြစ် အများပြည်သူကိုမှားယွင်းစွာဖော်ပြထားသော အခြားဒေသဆိုင်ရာအညွှန်းများသည် ပုဒ်မခွဲ (က)နှင့် (ဂ)ပါ အခွင့်အရေးများမရရှိစေရ။

*(ဆက်လက်ဖော်ပြပါမည်)*

# မိုးစပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းနည်းပညာ ဆွေးနွေး

**ဒိုက်ဦး ဩဂုတ် ၁၀**

၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ်၇ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကုက္ကိုင်းကျေးရွာအုပ်စု ကျေးတောစုကျေးရွာ တောင်သူ ဦးထွန်းတင်၏ မျိုးစေ့ထုတ်စံပြစိုက်ကွင်း၌ ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးရှိ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများ၊ မျိုးစေ့ထုတ်လုပ်ငန်းကို စိတ်ပါဝင်စားသော ပုဂ္ဂလိကများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုအခြေအနေများ၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး၊ နည်းပညာပိုင်း ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများကို အသေးစိတ်ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က တိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးရာသီစပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုနှင့် ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း၊ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်ခင်စန်းမြင့်က မျိုးစေ့ထုတ်လုပ်မှုနည်းပညာများ၊ ဆောင်ရန်၊ ရှောင်ရန်များ၊ ဌာနဝန်ထမ်းများက ကွင်းဆင်း စစ်ဆေးကူညီပေးနေမှုများ၊ မျိုးကွဲ နုတ်ပယ်ခြင်းနှင့် ပေါင်းမြက်နှိမ်နင်းခြင်း၊ မျိုးစေ့စံချိန်စံညွှန်း သတ်မှတ်ချက်များ ပြည့်မီအောင် ဆောင်ရွက်ရမည့် နည်းလမ်းများကို အသေးစိတ်ရှင်းလင်းတင်ပြကြပြီးနောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများသည် ပျိုးသက်နုကောက်ကွက်ကြဲ (SRI) စနစ်ဖြင့်စိုက်ပျိုးထားသည့် မိုးစပါး မျိုးသန့် ရောမင်း၊ ဆင်းသုခနှင့် ပေါ်ဆန်းရင် ၁၁၅ ကေအား ကွင်းဆင်းကြည့်ရှုကြပြီး **(အပေါ်ပုံ)** စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် အင်ဂျင်စက်တပ်ပေါင်းလိုက်ကိရိယာသုံးစွဲမှု၊ လက်တွေ့သရုပ်ပြမှုများကို ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်း-သိမ့်သိမ့်မိုး၊ ဓာတ်ပုံ-သိန်း**



ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၈၁)

# လျှောက်လဲချက်အနှစ်သာရ



## ဦးဟန်ညွန့် (ဥပဒေ)

**ယနေ့ရုံးချိန်း**

---တရားရုံးမှာ ယနေ့ရုံးချိန်းရှိသည်။ လျှောက်လဲချက်ပေးရမည်။ ဘာအတွက်လျှောက်လဲချက်လဲ။ အမှုအား လက်ခံသင့်၊ မသင့် ကြားနာရန်ဖြစ်သည်။ ထောက်ခံသင့်ကြောင်း လျှောက်လဲချက်ပေးရန်သာဖြစ်သည်။ အပြီးသတ်ကြားနာရန် (Final Argument)မဟုတ်သေး။

**ကြိုတင်သတိပေး အမှုခေါ်စာရင်း**

တရားရုံးက ကြေညာထုတ်ပြန်ထားသော ကြိုတင်သတိပေးအမှုခေါ်စာရင်းကို ကြည့်ပါ။ အမှတ်စဉ်၊ ကြားနာမည့်နေ့၊ အမှုအမျိုးအစား၊ အမှုအမှတ်၊ အယူခံတရားလို၊ အယူခံတရားလို၏ရှေ့နေ၊ အယူခံတရားပြိုင်၊ အယူခံတရားပြိုင်၏ ရှေ့နေ မှတ်ချက်စသည်ဖြင့် ဇယားတွင် ဖော်ပြပြီး ဖြစ်သည်။ရှင်းရှင်းကလေးပါပဲ။

တရားသူကြီးတစ်ဦးရှေ့တွင် ၉နာရီခွဲအချိန်ချိန်းဆိုသော ရက်သတ္တပတ်တစ်ပတ်အတွက် (တရားမဆိုင်ရာ၊ ရာဇဝတ်ဆိုင်ရာ) ကြိုတင်သတိပေးအမှုခေါ်စာရင်းဖြစ်ပါသည်။ မြင်သာသည့်နေရာတွင် ကြေညာထားသည်။ Web site က ထုတ်လွှင့်သည်များလည်း(တရားလွှတ်တော်ချုပ်အဆင့်တွက်)ရှိသည်။ မှတ်ချက်အနေနှင့် ရေးသားလျှောက်လဲချက်သုံးစောင်စီ တင်သွင်းရပါမည်။ (လိုင်စင် အမှတ်ပါရမည်)စသည်ဖြင့် ကြိုတင်သတိပေးသည်။

**သက်ဆိုင်သူများ**

သက်ဆိုင်သူများ၊ အမှုသည်များ၊ ရှေ့နေများသည် ဆိုင်ရာကြားနာမည့်နေ့စွဲအလိုက် သွားရောက်ရန်၊ ဆောင်ရွက်ရန်သာ ဖြစ်ပါသည်။ မှတ်ချက် ဇယားကွက်ကိုတော့ သေသေချာချာကြည့်ပါ။ ဘာလုပ်ရမှာလဲ။ လက်ခံသင့်၊ မသင့်လား၊ ကြားနာဖို့လား၊ မမှားစေချင်။ ရေးသားလျှောက်လဲချက်သုံးစောင်မမေ့ဖို့ လိုင်စင်အမှတ်ပါဖို့တွေကိုတော့ ပြောစရာမလိုတော့ပါ။

**တရားခွင်ရှေ့ရောက်ပါပြီ**

တရားသူကြီးကြွရောက်ပြီး ရှေ့နေများ၊ သက်ဆိုင်သူများအားလုံးသည် တရားခွင်ရှေ့ရောက်ပါပြီ။ အစီအစဉ်အတိုင်း အမှုခေါ်ပါသည်။ မိမိအလှည့်ခေါ်လျှင် လျှောက်လဲချက် တင်ရုံပါပဲ။ ဘာအတွက်လျှောက်လဲရမည်လဲဆိုတာကိုဖြင့် **သတိမူဖို့** အထူးအရေးကြီးလှပါသည်။ အမှုအား လက်ခံသင့်၊ မသင့် ကြားနာရန် ခေါ်ခြင်းဖြစ်ပါသည်။ သို့သော်ငြား----။

**ရှည်လျားထွေပြား**

ထိုနေ့က ရှေ့နေက ရှည်လျားထွေပြားလျှောက်လဲချက်ပေးပါသည်။ အချက်အလက်တွေ ထပ်တလဲလဲပြောပါသည်။ အသေးစိတ်ပြောနေပါသည်။ ဤအမှုအား ပဏာမအဆင့်အနေနှင့် လက်ခံပေးရန်သာ ပြောရမည်ဖြစ်ပါသည်။ သို့သော်ငြားနစ်ကြော့၊ သုံးကြော့ပင် အဓိကမကျသည့် အချက်များကိုဟောနေ၊ ပြောနေပြန်ပါသည်။ လိုရင်းမရောက်ပါ။ အမှုကို လက်ခံသင့်သော အဓိကအချက်များမပြောပါ။ ဥပဒေရေးရာ ထောက်မပြပါ။ သူ့အမှုသည် အကြိုက်ပြောနေဟန်တူပါသည်။ သူ့အမှုသည်က အရှည်ကြီးပြောပေးဖို့ မှာလိုက်ဟန်တူပါသည်။ တရားခွင်ထက်မှ တရားသူကြီးအား အားနာဟန်မတူပါ။ တော်သင့်၊ ရပ်သင့်ကြောင်း အမူအရာဖြင့် ပြသသော တရားသူကြီး၏ အရိပ်အကဲကိုလည်း သူမြင်တွေ့ဟန်မတူပါ။ ဖွင့်တားမှ သိမည်လား။

**သူ့ဘေးကမိတ်ဆွေများ**

အမှတ်စဉ်အစီအစဉ်အရ သူ့ဘေးက လျှောက်လဲရန် စောင့်ဆိုင်းနေကြသော မိတ်ဆွေရှေ့နေကြီးများကိုပင် အားမနာပါ။ နာရီတကြည့်ကြည့်နှင့်။ တော်သင့်၊ ရပ်သင့်ပြီဟု သတိပေးဖွယ်မြင်ကွင်းကိုလည်း(ဦးလေရှည်ရှေ့နေကြီး) မမြင်မတွေ့ပါ။ သူအာတွေ့နေရှာပါသည်။ အချိန်တွေတော့ ကုန်လှပြီ။ မီးရထား၊ လေယာဉ်၊ မော်တော်ယာဉ်တွေ မီပါဦးမည်လား။ ရပ်ဝေးက အမှုသည်တွေ ဒီနေ့ပြန်နိုင်ပါ့မည်လား။




လိုတိုရှင်းပြောရန်သင့်ပါလျက် **လျှောက်လဲချက်**ကို **လျှောက်တလွဲချက်** ပေးနေသည်မှာဖြင့် အမြင်မတင့်တယ်ပါ။ ပညာရှိရှေ့နေကြီးသတိမမေ့စေလိုပါ။ ဆရာလုပ်တာတော့ မဟုတ်ရပါ။ လက်ခံသင့်ကြောင်း ထိထိမိမိ၊ လိုရင်းတိုရှင်း လျှောက်လဲစေချင်တာပါ။ တားမြစ်ခြင်း၊ နှောင့်ယှက်ခြင်း မဟုတ်ရပါ။ သူလည်းသိမှာပါ။

**ရှေ့နေ၏ အခွင့်အရေး**

ရှေ့နေ၏ အခွင့်အရေးမို့ ငါပြောချင်တာပြောမည်။ ငါလျှောက်လဲချင်တာ လျှောက်လဲခွင့်ရှိသည်။ အမှုသည်၏ အကြိုက်လိုက်ရမည်။ ဆိုင်တာမဆိုင်တာမသိ။ ပြောစရာရှိတာတော့ ပြောရမှာပေါ့။ အားရပါးရ ကိုယ်ပြောချင်တာ မပြောခဲ့ရ၍ အမှုရှုံးလျှင် အမှုသည်က ဘာပြောမည်လဲ။ ထိုထိုသော ရှေ့နေများလည်းရှိမည်။ ဥပဒေနှင့်အညီဆိုသော အချက်ကို မမေ့ဖို့တော့လိုမည်။ လိုတာထက်ပိုနေသလား။ စဉ်းစားပေးပါ။

**လျှောက်လဲခွင့်မရဘဲ**

မည်သည့်အမှုသည်ကမျှ လျှောက်လဲပြောဆိုခွင့်မရဘဲ အမိန့်စီရင်ချက်မချရပါ။ တရားမျှတမှုမထိခိုက်စေရပါ။ တရားစီရင်ပိုင်ခွင့်၏ အဓိကအရေးပါသော အစိတ်အပိုင်း တစ်ရပ်ပါ။ ထို့ကြောင့် လျှောက်လဲခွင့်ပေးနေခြင်းဖြစ်ပါသည်။ လျှောက်လဲခွင့်ရသည့်အခါ စနစ်တကျ လျှောက်လဲစေချင်ပါသည်။ လျှောက်လဲချက် ပီသစေချင်တာပါ။ လျှောက်တလွဲချက် မဖြစ်စေချင်တာပါ။ လိုတိုရှင်းထိထိမိမိအကျိုးရှိစေချင်တာပါ။ ဦးတည်ချက်ပေါက်မြောက် အောင်မြင်စေချင်တာပါ။ စေတနာနှင့်ပါ။

**ယုံကြည်မှုအပြည့်**

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်နှင့် အချက်အလက်စုံ၊ ဥပဒေအကိုးအကားပြည့်ဝစွာ စနစ်တကျ တင်ပြ လျှောက်လဲကြရပါမည်။ တရားသူကြီးက အထင်ကြီး၊ လေးစား၊ သတိထားကာ ရှေ့နေကြီး၏ လျှောက်လဲချက်ကို မပျက်မကွက် အရေးတယူ ဖြစ်စေချင်လှသည်ပါ။ အမှုလက်ခံရေးဖြစ်၍ အမှုလက်ခံစေချင်သည်ပါ။ အမှုလက်ခံရေးအဆင့်မှာ [အမှုအောင်နိုင်ခြင်း၊ ပြီးပြတ်ခြင်း]ကို မမျှော်လင့်စေလိုသေးပါ။ တစ်ဆင့်ပြီးမှ တစ်ဆင့် တက်လှမ်းစေချင်တာပါ။ လောဘကြီးနေတာများလား။

**ဖော်ပြမထားသောအချက်**

တရားမအယူခံမှုများတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂ နှင့်အညီ လိုက်နာဖို့လိုကြောင်း ရှေ့နေကြီးများ သိပြီးသားပါ။ (တရားရုံး၏ ခွင့်ပြုချက်အရမှတစ်ပါး အယူခံတရားလိုသည် အယူခံလွှာတွင် ဖော်ပြမထားသော ကန့်ကွက်သည့် အကြောင်းပြချက်ကို ထောက်ခံတင်ပြခြင်းမပြုရ)ဟု ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သင့်ပါသည်။ တရားရုံး၏ ခွင့်ပြုချက်သည် လွန်စွာအရေးပါကြောင်း ဥပဒေလောကသားတိုင်း သိရှိပါသည်။ တရားသူကြီးက သဘောကောင်း၍ မတားမြစ်ပါလျှင်လည်း ရှေ့နေကြီးများက သတိထားသင့်ပါသည်။

**ရုံးတော်၏ အချိန်ကို လေးစားသောအားဖြင့်**

တရားရုံးတော်၏အချိန်ကို လေးစားသောအားဖြင့် အမှုဖြစ်စဉ်အကျဉ်း၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်ချက်၊ တင်ပြချက်ဆိုပြီး အနှစ်ချုပ်ရေးသားလျှောက်လဲချက် တင်လေ့ရှိပါသည်။ လေ့လာတွေ့ရှိချက်အပိုင်းတွင် သက်သေထွက်ချက်များ၏ အဓိကအနှစ်သာရများ တင်ပြလေ့ရှိပါသည်။ သုံးသပ်ချက်အပိုင်းတွင် ဥပဒေအကိုးအကား၊ စီရင်ထုံးစသည်များ တင်ပြလေ့ရှိပါသည်။ အချိန်နာရီ မကြာလင့်စေဘဲ ထိထိမိမိ၊ နှစ်နှစ်ကာကာ၊ ရေရေရာရာတင်ပြသော ရှေ့နေကြီးများ၊ ဥပဒေအရာရှိများ၏ လျှောက်လဲချက်များကို တရားသူကြီးများသာမက မိတ်ဆွေရှေ့နေအချင်းချင်းပင် စံပြု နမူနာယူတတ်ကြပါသည်။ အချင်းချင်း လေးစားအားထားမိပါသည်။ လူငယ်ရှေ့နေများအတွက် ဗဟုသုတရကြပါသည်။

**နိဂုံးချုပ်၍မရ**

အချို့ရှေ့နေကြီးများသည် "နိဂုံးချုပ်ပါတော့မည်" ဟု ပြောပြီးမှ နိဂုံးချုပ်၍မရဘဲ တဝဲလည်လည် ဖြစ်နေတတ်ပါသည်။ အချက်အလက်တွေထပ်နေပြီး ချွေးတရွှဲရွှဲနှင့်။ ကိုယ့်စကားကို နိဂုံးချုပ်၍ မရပါ။ စိတ်က နိဂုံးချုပ်ချင်သော်လည်း နှုတ်က နိဂုံးမချုပ်နိုင်ဖြစ်ရပါသည်။ ပြောချင်လွန်းအားကြီးပြီး ကိုယ့်နောက်ကိုမနိုင်ဖြစ်သည့်သဘောပါ။ တရားခွင်ထဲမှာ အများကလည်း ဂရုစိုက်နားထောင်နေ။ တရားခွင်၏ အရှိန်။ ပညာရှိရှေ့နေများ၏ ဂုဏ်သိက္ခာ။ ကိုယ့်အသံကိုပြန်ကြောက် နေသည့်ပမာ။ ကိုယ်ဖတ်နေသည့် စာရွက်ပေါ်က စာသားများကိုပင် ကိုယ်မမြင်တော့ဘဲ တဝဲလည်လည် ဖြစ်နေတတ်ကြပါသည်။ မယုံမရှိနှင့်။ ကိုယ်တွေ့ပါခင်ဗျာ။ သင်ခန်းစာယူပါသည်။

**ရေးသားလျှောက်လဲချက်ပါ**

ရေးသားလျှောက်လဲချက်ဖြစ်သည့်အတွက် တရားသူကြီး၏ လက်ထဲမှာ မိမိရေးသားတင်သွင်းထားသော လျှောက်လဲချက်က ရှိပြီးသားပါ။ တင်ပြပြီးသားပါ။ တရားရေးအကြံပေးအရာရှိနှင့် အမှုတွဲအတွက်လည်း ရေးသားလျှောက်လဲချက်များ ကြိုတင်တင်ပြ ပေးပို့ပြီးသားပါ။ တင်ပြပြီးသား ရေးသားလျှောက်လဲချက်ထဲတွင် မပါဝင်သော အချက်အလက် (အသစ်များ) ထပ်မံပြောဖို့ ကြိုးစားနေပါသလား။ သင့်၊ မသင့်၊ ရှေ့နေကြီးစဉ်းစားစေချင်သည်ပါ။ မိမိဘေးက မိမိမိတ်ဆွေရှေ့နေကြီးများကိုလည်း အလှည့်ပေးပါဦး။ အချိန်ကို လေးစားပေးပါဦး။ တရားသူကြီးများကလည်း ဥပဒေနှင့်အညီ တားမြစ်သင့်က တားမြစ်ကြပေဦးမည်။

**ဥပဒေနှင့်အညီ ခုခံချေပခွင့်**

ဥပဒေနှင့်အညီ ခုခံချေပခွင့်သည် အစဉ်အမြဲရှိပါသည်။ ခုခံချေပခွင့်အတွက် အချိန်လည်းမကုန်၊ ဥပဒေနှင့်လည်းညီ၊ အများသူငါကိုလည်း မထိခိုက်၊ မိမိအမှုသည်အတွက်လည်း အကျိုးရှိ။ ထိထိမိမိ လျှောက်လဲချက်များ၊ (သူ့နေရာနှင့်သူ) တန်ဖိုးရှိစေချင်လှပါသည်။ လိုတိုး၊ ပိုလျှော့ချိန်ဆစေချင်ပါသည်။

**ရှေ့နေအိုကြီးများ၏လမ်းညွှန်**

အတွေ့အကြုံများလှသော ရှေ့နေအိုကြီးများ၏ လမ်းညွှန်သင်ပြမှုများဖြင့် လူငယ်ရှေ့နေများအား လက်တွဲခေါ်ပေးကြပါ။ သင်ပြထောက်ကူပေးကြပါဟုလည်း မေတ္တာရပ်ခံပါရစေ။ တရားသူကြီးများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးကြမည်ဟု မျှော်လင့်ပါသည်။

**စေတနာ**

(၁) ရုံးတော်၏ အချိန်ကို လေးစားသောအားဖြင့် -

(၂) အမှုသည်များအား ဥပဒေနှင့်အညီ ခုခံချေပခွင့် ထိထိမိမိရစေလိုသော စေတနာဖြင့်-

(၃) ရှေ့နေအချင်းချင်း လေးစားခင်မင်မှုဖြင့်- လက်တွေ့ဖြစ်ရပ်များမှတစ်ဆင့် သင်ခန်းစာယူမိသောလျှောက်လဲချက် အနှစ်သာရအပေါ် ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ....။

**မည်သည့်အမှုသည်ကမျှ လျှောက်လဲပြောဆိုခွင့်မရဘဲ အမိန့်စီရင်ချက်မချရပါ။ တရားမျှ တမှုမထိခိုက်စေရပါ။ တရားစီရင်ပိုင်ခွင့်၏ အဓိကအရေးပါသော အစိတ်အပိုင်း တစ်ရပ်ပါ။ ထို့ကြောင့် လျှောက်လဲခွင့်ပေးနေခြင်း ဖြစ်ပါသည်။ လျှောက်လဲခွင့်ရသည့်အခါ စနစ်တကျလျှောက်လဲစေချင်ပါသည်**



## တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ဆင်ထီးတစ်ကောင် ထပ်မံမွေးဖွား

**နေပြည်တော် ဩဂုတ် ၁၀**

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ၌ အသက် (၂၄နှစ်ရှစ်လ) အရွယ်ရှိ ဆင်မဇာငယ်ထွေးမှ ဆင်ထီးလေး တစ်ကောင်ကို ဩဂုတ် ၇ ရက်က မွေးဖွားခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ဆင်ပြကွက်တွင် ဆင်ထီးငါးကောင်၊ ဆင်မကိုးကောင်ရှိသည့်အနက်မှ ဆင်ထီးမြမောင်(၂၄နှစ်ရှစ်လ)နှင့် ဆင်မ ဇာငယ်ထွေး (၂၄နှစ် ရှစ်လ) မှ ဩဂုတ် ၇ ရက် နံနက် ၅ နာရီတွင် ဆင်ထီးလေး (မောင်မေတ္တာ) ကို အောင်မြင်စွာမွေးဖွားခဲ့ပြီး ဆင်မိခင်နှင့် ကလေးမှာ ကျန်းမာလျက်ရှိသည်။

ဇူလိုင် ၂၉ ရက်(ကမ္ဘာ့ကျားများ) နေ့ကလည်း ဆင်မလေးတစ်ကောင်မွေးဖွားခဲ့ကြောင်း တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) အုပ်ချုပ်ရေးမှူး ဦးသိန်းမင်းအောင်ထံမှ သိရသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် နို့တိုက်သတ္တဝါ ၃၅၁ မျိုး၊ ကျေးငှက်မျိုး ၃၁၂ မျိုး၊ တွားသွားတိရစ္ဆာန် ၆၈ ကောင် စုစုပေါင်း ၇၃၁ ကောင်ရှိကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-TMA**

## ပိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုပြုလုပ်ရန်ဆွေးနွေး

**ပေါင်းတည် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်တု ထုဆစ်မှုနှင့် ပန်းခြံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ရှင်းလင်းပွဲကို ဩဂုတ်လပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ပြုလုပ်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ပန်းခြံအမည်အား မဲစနစ်ဖြင့် ရွေးချယ်ကြရာ ငြိမ်းချမ်းရွှေတည် ပြည်သူ့ပန်းခြံကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## ရေးမြို့နယ်၌ ငါးဖမ်းလှေများ ဝင်/ထွက် စစ်ဆေး

**ရေး ဩဂုတ် ၁၀**

မွန်ပြည်နယ် ရေးမြို့နယ်ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီပင်လယ်လုပ်ငန်းခွင်ဝင်ရောက်ထွက်ခွာမည့် ငါးဖမ်းစက်လှေများအား ပြည်နယ်အစိုးအရအဖွဲ့၏ ညွှန်ကြားချက်များနဲ့အညီ မြို့နယ်ငါးဖမ်းစက်လှေ အဝင်/ အထွက်စိစစ်ရေးကော်မတီမှ ဩဂုတ် ၅ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။ ရေးမြို့နယ် ပင်လယ်ပြင်အတွင်း ငါးဖမ်းစက်လှေ ၁၉၂ စင်းရှိသည့်အနက် ၁၅၆ စင်းတို့ စတင်မထွက်ခွာမီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်တို့အပါအဝင် စစ်ဆေးရေးအဖွဲ့က နေ့စဉ်ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်-ရေး**

စိတ်လှုပ်ရှားဖွယ်စောင့်ဆိုင်းနေကြတဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေက စတင်ပြီ။ အသင်းတိုင်းက ကြိုတင်ပြင်ဆင်မှုတွေ အကောင်းဆုံး လုပ်ဆောင်ပြီး ရာသီသစ်ကို စတင်တော့မှာလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာတော့ အခြားအသင်းတွေထက် ပိုပြီး အင်အားဖြည့်တင်းမှုအပိုင်းကို အားစိုက်လုပ်ဆောင်ထားတာက မန်စီးတီးအသင်းလို့ ပြောရမယ်။ မန်စီးတီးမန်နေဂျာ ဂွာဒီယိုလာအနေနဲ့ ဖလားလက်မဲ့ရာသီကို ဖြတ်ကျော်ခဲ့ရတာကြောင့် ဒီနှစ်ရာသီမှာတော့ ပြီးခဲ့တဲ့ရာသီလိုမဖြစ်စေရေးအတွက် အပြင်းအထန်ကြိုးစားနေတယ်လို့ ပြောရမယ်။ ဒါကြောင့် ဒီနှစ်ရာသီဟာ မန်စီးတီး မန်နေဂျာ ဂွာဒီယိုလာအတွက် ဖလားလက်မဲ့ရာသီ ကုန်ဆုံးတော့မလားဆိုတာကလည်း စိတ်ဝင်စားစရာလို့ ပြောရမှာပါ။



# လှမ်းမျှော်ကြည့်မိတဲ့ ချန်ပီယံလျှောက်လမ်းပေါ်က မန်စီးတီး

အောင်က

**မန်စီးတီးနဲ့ ဆုဖလားမျှော်လင့်ချက်**

လက်ရှိအချိန်မှာတော့ မန်စီးတီးအသင်းအတွက် ဆုဖလားမျှော်လင့်ချက်ဆိုတာဟာ မရေရာသေးတဲ့အရာလို့ ပြောရဦးမယ်။ ဂွာဒီယိုလာအနေနဲ့ အသင်းကို အတောင့်တင်းဆုံး ပြင်ဆင်နေတယ်ဆိုတာကတော့ သေချာတယ်။ ဒါပေမယ့် သူဟာ အသင်းကို အကောင်းဆုံး အသင်းအဖြစ်ရောက်ရှိဖို့ ဘယ်လောက်တောင် တည်ဆောက်ရဦးမလဲဆိုတာကတော့ မသိနိုင်ပါဘူး။ ဒီနှစ်ရာသီမှာ မန်စီးတီးအသင်းအနေနဲ့ အကောင်းဆုံး ပြင်ဆင်မှုတွေ ပြုလုပ်ထားတယ်လို့ ပြောနိုင်ပေမယ့် အခြားထိပ်တန်းအသင်းတွေကလည်း ပြင်ဆင်မှုတွေ အပြင်းအထန် ပြုလုပ်ထားပါတယ်။ ဒါကြောင့် ဂွာဒီယိုလာအတွက်က ပြီးခဲ့တဲ့နှစ်ကို သင်ခန်းစာယူတတ်ဖို့တော့ လိုအပ်တယ်လို့ပြောရမယ်။

သူဟာ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်အသင်းတို့နဲ့အတူ အောင်မြင်မှုတွေ ရယူနိုင်ခဲ့တာက သေချာပေမယ့် မန်စီးတီးအသင်းမှာတော့ အောင်မြင်မှုက မသေချာသေးဘူး။ မန်စီးတီးအသင်းမှာက သူလိုချင်တဲ့ပုံစံမျိုးကို အံဝင်အောင် ကစားနိုင်ခြင်း မရှိသေးဘူးလို့တောင် ပြောရမယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့ရာသီက အဓိကအားနည်းချက်က ခံစစ်ပိုင်းလို့လည်း ပြောရမယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ သူဟာ အသင်းရဲ့ခံစစ်ပိုင်းအတွက် လိုအပ်တဲ့ကစားသမားတွေကိုရောင်းထုတ်ပြီး ခံစစ်ကစားသမား သုံးဦးကို ပေါင်သန်း ၁၂၀ ကျော်အသုံးပြုပြီး ခေါ်ယူထားခဲ့တာ ဖြစ်တယ်။ ရာသီအကြိုခြေစမ်းပွဲတွေရဲ့ရလဒ်တွေအရဆိုရင်တော့ မန်စီးတီးအသင်းရဲ့အခြေအနေဟာ တိုးတက်မှုတွေနဲ့အတူ ကောင်းမွန်တဲ့ဘက်ကို ဦးတည်နေတယ်လို့ ဆိုရမယ်။

**စောင့်ကြည့်ရမယ့်ကစားသမားများ**

ဒီနှစ်ရာသီမှာ မန်စီးတီးအသင်းအနေနဲ့ လက်ရှိအချိန်အထိ ကစားသမား ငါးဦးခေါ်ယူထားပြီး ခေါ်ယူထားတဲ့ကစားသမားတိုင်းကလည်း ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတွေလို့ ပြောရမှာပါ။ ဒါပေမယ့် မန်စီးတီးအသင်းနဲ့အတူ စိတ်ဝင်စားစွာ စောင့်ကြည့်ရမယ့် ကစားသမားက အသင်းရဲ့ကပ္ပတိန် ကွန်ပနီလို့ ပြောရမှာပါ။ ပြီးခဲ့တဲ့ရာသီက မန်စီးတီးအသင်းအနေနဲ့ ထင်သလောက် ရလဒ်တွေမကောင်းခဲ့တာဟာ ကွန်ပနီရဲ့ ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်ခဲ့ရလို့ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာသာ ကွန်ပနီအနေနဲ့ ကြံ့ခိုင်မှုအပြည့်နဲ့ အသင်းမှာ ကစားနိုင်ခဲ့မယ်ဆိုရင်တော့ ဂွာဒီယိုလာအနေနဲ့ ပရီမီယာလိဂ် ဆုဖလားကို ရယူနိုင်ဖို့အတွက် ကောင်းကောင်းမျှော်လင့်နိုင်တဲ့ အခြေအနေမှာ ရှိနေတယ်လို့ ပြောရမှာပါ။

မန်စီးတီးအသင်းရဲ့ ဆုဖလားမျှော်လင့်ချက်အတွက် စဉ်းစားစရာကောင်းတဲ့ နောက်တစ်ဦးက လူငယ်ကစားသမား ဂါဘရီရယ်ဂျီဆပ်စ် ဖြစ်ပါတယ်။ ဂျီဆပ်စ်ဟာ လက်ရှိအချိန်မှာလည်း အလားအလာရှိတဲ့ လူငယ်ကစားသမားတစ်ဦးလို့လည်း ပြောရမှာပါ။ သူ့ရဲ့အဆုံးသတ်ပိုင်းသေချာမှုနဲ့ နည်းစနစ်ပိုင်းကောင်းမွန်မှုတွေကြောင့်လည်း မန်စီးတီးအသင်းကို ရောက်ရှိခဲ့စဉ်ကတည်းက ပုံမှန်နေရာရရှိနေခဲ့တာလည်း ဖြစ်ပါတယ်။ သူ့အနေနဲ့ အသင်းမှာပုံမှန်ပွဲထွက်ခွင့်ရရှိပြီး ပွဲတိုင်းနီးပါး ပါဝင်ကစားခွင့်သာ ရရှိခဲ့မယ်ဆိုရင်တော့ ဂိုး ၂၀ နဲ့အထက် သွင်းယူနိုင်တဲ့ ကစားသမားတစ်ဦးလို့တောင် မျှော်လင့်လို့ရနိုင်ပါတယ်။

**မန်စီးတီးရဲ့အားသာချက်**

ဒီနှစ်ရာသီမှာ မန်စီးတီးအသင်းရဲ့ အင်အားဖြည့်တင်းမှုက သိသာတယ်။ ကစားသမားကောင်းတွေကို ထိန်းထားပြီး မလိုအပ်တဲ့ကစားသမားတွေကို ရောင်းထုတ်ခဲ့တယ်။ ဒ့ါအပြင် အသင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ နောက်တန်းခံစစ်အတွက် ကစားသမားကောင်းတွေကို ဖြည့်တင်းခဲ့တယ်။ ကွင်းလယ်နဲ့ ဂိုးသမားနေရာအတွက်လည်း ဖြည့်တင်းခဲ့တာကြောင့် မန်စီးတီးအသင်းရဲ့ အခြေအနေဟာ အကောင်းဆုံးရှိခဲ့တယ်လို့ ပြောရမယ်။ လက်ရှိအချိန်အထိလည်း ကစားသမားသစ် ထပ်မံခေါ်ယူဖို့ ပြင်ဆင်နေတုန်းဖြစ်တယ်။ ဒါကြောင့် သူ့ရဲ့ အင်အားနဲ့ ဆိုရင် ဘယ်အသင်းကိုမဆို အကောင်းဆုံးရင်ဆိုင်နိုင်တဲ့ အခြေအနေမှာရှိနေတယ်လို့ ပြောရမယ်။

ဒါကြောင့်လည်း ဒီနှစ်ရာသီဟာ မန်စီးတီးအသင်းအတွက်တော့ လက်ရှိစုဖွဲ့မှု ကစားသမားအင်အား၊ ဂွာဒီယိုလာရဲ့ နည်းစနစ်ပိုင်းကောင်းမွန်မှုတွေနဲ့ ပေါင်းစုလိုက်ရင် ပရီမီယာလိဂ်ချန်ပီယံဆုဟာ လက်တစ်ကမ်းအကွာမှာ ရှိနေတဲ့အသင်းလို့ ပြောရမှာပါ။ ဒါပေမယ့် ပြိုင်ဆိုင်မှုပြင်းထန်လွန်းတဲ့ ပရီမီယာလိဂ်မှာတော့ အသင်းတိုင်းရဲ့အားအင်ကို လျှော့တွက်လို့မရတာကြောင့် ချန်ပီယံလျှောက်လမ်းပေါ်က မန်စီးတီးအသင်းရဲ့အနာဂတ်ကိုသာ လှမ်းမျှော်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

## ပဲလေ့စ်အသင်းနှင့် ပတ်သက်သည့်သတင်းများကို အသင်းဥက္ကဋ္ဌ ငြင်းဆို

အာဆင်နယ်အသင်း ကပ္ပတိန်ဟောင်း တိုနီအဒမ် ဦးဆောင်သည့် ပူးပေါင်းအဖွဲ့တစ်ဖွဲ့သည် ပရီမီယာလိဂ်ကလပ် ခရစ္စတယ်လ်ပဲလေ့စ်အသင်းအား ဝယ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့ပြီဟု သတင်းများထွက်ပေါ်နေခြင်းကို ပဲလေ့စ်အသင်းဥက္ကဋ္ဌ စတိဗ်ပါရစ်က ငြင်းဆိုလိုက်သည်။

အင်္ဂလန် ဗဟိုခံစစ်မှူးဟောင်း တိုနီအဒမ်၊ ချယ်လ်ဆီးအသင်း အမှုဆောင်အရာရှိဟောင်း ပေါလ်စမစ်တို့ ကျောထောက်နောက်ခံပြုထားသည့် ဥရောပ ရင်းနှီးမြှုပ်နှံသူများအဖွဲ့တစ်ဖွဲ့သည် ပဲလေ့စ်အသင်းကို ပေါင်သန်း ၂၀၀ ဖြင့်ဝယ်ယူရန် သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်းတွင် Daily Star သတင်းစာက ရေးသားဖော်ပြခဲ့သည်။ ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့် ၂၀၁၆-၁၇ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရမှတ် ၄၁ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့် ၁၄ နေရာတွင် ရပ်တည်ခဲ့သည့်အသင်း ဖြစ်သည်။

ပဲလေ့စ်အသင်းဥက္ကဋ္ဌ စတိဗ်ပါရစ်က "တိုနီအဒမ် ဦးဆောင်တဲ့ အဖွဲ့က ပဲလေ့စ်အသင်းကို ဝယ်ယူမယ်ဆိုတဲ့သတင်းက မှန်ကန်မှုမရှိပါဘူး။ ပဲလေ့စ်အသင်းကို ရောင်းချဖို့အတွက် စီစဉ်နေတာ၊ ဆွေးနွေးနေတာမျိုးလည်း မရှိဘူး။ ကျွန်တော်က ပဲလေ့စ်နဲ့ အာဆင်နယ်အသင်းတို့ ကစားခဲ့တဲ့ပွဲတစ်ပွဲမှာ တိုနီအဒမ်နဲ့ ၁၀ စက္ကန့်လောက် လက်ဆွဲနှုတ်ဆက်ပြီး ဟယ်လိုလို့ တစ်ခါပြောခဲ့ဖူးပါတယ်။ အဲဒါကလွဲလို့ ကျွန်တော်နဲ့ တိုနီအဒမ်တို့ကြားမှာ တွေ့ဆုံတာမျိုး မရှိခဲ့ပါဘူး"ဟု ပြောခဲ့သည်။

ပဲလေ့စ်အသင်းသည် ၂၀၁၇-၂၀၁၈ ခုနှစ် ပရီမီယာလိဂ် ရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ၂၀၁၈ ခုနှစ် မတ် ၁၂ ရက်တွင် တန်းတက်ဟက်ဒါဖီးလ်အသင်းအား အိမ်ကွင်း၌ လက်ခံကစားရမည် ဖြစ်သည်။

**ထက်အောင်**

## နေမာ၏နေရာအတွက် ဘာစီလိုနာအသင်း အားဖြည့်မှုပြုလုပ်ဖွယ်မရှိ



ဘာစီလိုနာအသင်းအနေဖြင့် ယခုနွေရာသီ ကစားသမား အပြောင်းအရွှေ့ ဈေးကွက်ကာလအတွင်းတွင် အသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သူ တိုက်စစ်မှူး နေမာအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပီအက်စ်ဂျီအသင်းသို့ ရောင်းချခဲ့သော်လည်း နေမာ၏နေရာအတွက် အစားထိုးခေါ်ယူမှု ပြုလုပ်ဖြစ်ဖွယ်မရှိကြောင်း ဘာစီလိုနာအသင်းနည်းပြ အာနက်စတို ဗယ်လ်ဗာဒီက ထုတ်ဖော်ပြောဆိုလိုက်သည်။

စပိန်လူမျိုးနည်းပြ ဗယ်လ်ဗာဒီသည် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၈ ခုနှစ် အထိ ဘာစီလိုနာအသင်းတွင် တိုက်စစ်မှူးတစ်ဦးအဖြစ် ပါဝင်ကစားခဲ့သူဖြစ်ကာ ပြီးခဲ့သည့် မေ ၂၉ ရက်တွင် ဘာစီလိုနာအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။

ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် အဲဗာတန်အသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းဖြင့် ခေါ်ယူခဲ့သူ တောင်ပံတိုက်စစ်ကစားသမား ဂျူလိုဖြူသည် တောက်ပသည့် ကစားသမားတစ်ဦးဖြစ်လာကာ နေမာ၏နေရာတွင် အစားဝင်နိုင်သူတစ်ဦးဖြစ်လာရန် အလားအလာရှိသည်ဟု နည်းပြ ဗယ်လ်ဗာဒီက ယူဆထားသည်ဟုဆိုသည်။ အသက် ၂၃ နှစ်အရွယ်ရှိ စပိန်တိုက်စစ်မှူး ဂျူလိုဖြူသည် ဇူလိုင် ၇ ရက်တွင် ဘာစီလိုနာအသင်းက ဘရာဇီးကလပ် ချာပီကိုယန်စီအသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော Trofeo Joan Gamper ဖလားပွဲတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ကာ မက်ဆီနှင့် ဘက်စကွက်တို့ ဂိုးသွင်းယူနိုင်ရန် နှစ်ကြိမ်ဖန်တီးပေးနိုင်ခဲ့သည်။ အဆိုပါ ပွဲသည် တိုက်စစ်မှူး နေမာအား ရောင်းချခဲ့ပြီးနောက် ဘာစီလိုနာအသင်း ပထမဆုံးအကြိမ်ကစားခဲ့သော ပွဲဖြစ်သည်။

နည်းပြ ဗယ်လ်ဗာဒီက "နေမာဟာ ဘာစီလိုနာအသင်းအတွက် အရေးပါတဲ့ ကစားသမားဖြစ်ခဲ့သူပါ။ ဒါပေမယ့် သူက အခု ဘာစီလိုနာအသင်းမှာ မရှိတော့ပါဘူး။ ကျွန်တော်တို့အနေနဲ့ ရှေ့ကိုပဲ မျှော်ကြည့်ရမှာဖြစ်ပါတယ်။ နောက်ပြန်ကြည့်နေတာ မျိုးကို ကျွန်တော်စိတ်မဝင်စားပါဘူး။ လက်ရှိအသင်းမှာရှိနေတဲ့ ကစားသမားတွေအပေါ်မှာပဲ အာရုံစိုက်ပြီး နိုင်ပွဲတွေရရှိဖို့အတွက် ကြုံတွေ့ရမယ့် ပြဿနာတွေကို ဖြေရှင်းသွားမှာပါ။ ကျွန်တော့်ဆီမှာ စွမ်းဆောင်ရည်ကောင်းမွန်တဲ့ ကစားသမားတွေ ရှိနေပါတယ်။ ဘာစီလိုနာအသင်းက အခြားအသင်းတွေလိုပဲ ဈေးကွက်အပေါ် အာရုံစိုက်မှုရှိပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ လက်ရှိအသင်းစုဖွဲ့မှုအပေါ်မှာသာ အဓိက အာရုံစိုက်ထားပြီး ကျန်တာတွေကတော့ လေထဲကအရာတွေသာ ဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**

## ဘိုင်ယန်နည်းပြ အန်ဆယ်လော့တီအား ကစားသမားဟောင်း အက်ဖန်ဘတ် သတိပေးစကားဆို



လာမည့် ၂၀၁၇-၂၀၁၈ ခုနှစ် ဘောလုံးရာသီသည် နည်းပြ ကားလော့စ်အန်ဆယ်လော့တီ၏ ဘိုင်ယန်မြူးနစ်အသင်း နည်းပြဘဝ နောက်ဆုံးရာသီဖြစ်လာနိုင်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းကပ္ပတိန်ဟောင်း စတီဖန်အက်ဖန်ဘတ်က ထုတ်ဖော် ပြောဆိုလိုက်သည်။ ဂျာမန်ဗဟိုကွင်းလယ်ကစားသမားဟောင်း အက်ဖန်ဘတ်က ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် တိုက်စစ်ကစားသမား သောမတ်မူလာအား ဆက်ထိန်းထားရန် တောင်းဆိုမှု ပြုလုပ်လိုက်သည်။

အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီ (၅၈နှစ်)သည် ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဘိုင်ယန်မြူးနစ် အသင်းနည်းပြသစ်အဖြစ် သုံးနှစ်သက်တမ်းရှိစာချုပ်ဖြင့် ခန့်အပ်ခံခဲ့ရသူဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းအား ဘွန်ဒက်လီဂါချန်ပီယံဆုဖလား ရယူနိုင်ရန် ဦးဆောင်နိုင်ခဲ့သူ ဖြစ်သည်။ သို့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်အထိသာ တက်ရောက်နိုင်ခဲ့ပြီး ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်၌ ဒေါ့မွန်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အရှုံးနိမ့်ခဲ့ရသည်။

"လာမယ့်ရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ပြီးခဲ့တဲ့ရာသီမှာ ကြုံတွေ့ခဲ့ရတဲ့ အနေအထားမျိုး ဒါမှမဟုတ် အဲဒီထက် ဆိုးရွားတဲ့အခြေအနေဖြစ်ခဲ့ရင် ၂၀၁၇-၂၀၁၈ ခုနှစ်ရာသီက အန်ဆယ်လော့တီအတွက် ဘိုင်ယန်မြူးနစ်အသင်းနည်းပြဘဝ နောက်ဆုံးရာသီဖြစ်လာနိုင်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းမှာ ကစားသမားတွေကို အပြောင်းအလဲပြုလုပ်သလို တစ်ခါတစ်ရံမှာ နည်းပြတွေကိုလည်း အပြောင်းအလဲပြုလုပ်ပါတယ်"ဟု အက်ဖန်ဘတ်က ပြောခဲ့သည်။

ဂျာမာန်ကစားသမား သောမတ်မူလာအနေဖြင့် ဘိုင်ယန်အသင်းမှ ထွက်ခွာသင့်ပါသလားဟု မေးမြန်းမှုကို အက်ဖန်ဘတ်က "မထွက်သင့်ပါဘူး။ ဘာကြောင့် ထွက်ရမှာလဲ။ ဘိုင်ယန်ကနေ ရှဝိန်းစတိုက်ဂါ၊ ဖီးလစ်လမ်းတို့ ထွက်ခွာသွားပြီးတဲ့နောက်မှာ သောမတ်မူလာက ဘိုင်ယန်အသင်းကို ကိုယ်စားပြုတဲ့ ကစားသမားဖြစ်လာသူပါ။ သူ့ကို အသင်းကနေ ထွက်ခွာခွင့်ပြုခဲ့မယ်ဆိုရင် ဒါဟာ ကြီးမားတဲ့အမှား ဖြစ်ပါလိမ့်မယ်။ မူလာဟာ မယုံကြည်နိုင်လောက်တဲ့ ခြေစွမ်းအဆင့်အတန်းမျိုးနဲ့ နှစ်များစွာကစားခဲ့သူပါ"ဟု ဖြေဆိုခဲ့သည်။

**ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ်(၁)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၁-၈-၁၇)** | | | |
| နံနက် ၁း၁၅ | အာဆင်နယ် | - | လက်စတာ |
| **စနေနေ့ (၁၂-၈-၁၇)** | | | |
| ည ၆း၀၀ | ဝက်ဖို့ဒ် | - | လီဗာပူး |
| ည ၈း၃၀ | ချယ်လ်ဆီး | - | ဘန်လေ |
| ည ၈း၃၀ | ပဲလေ့စ် | - | ဟတ်ဒါဖီးလ် |
| ည ၈း၃၀ | အဲဗာတန် | - | စတုတ် |
| ည ၈း၃၀ | ဆောက်သမ်တန် | - | ဆွမ်ဆီး |
| ည ၈း၃၀ | ဝက်စ်ဘရွန်း | - | ဘုန်းမောက် |
| ည ၁၁း၀၀ | ဘရိုက်တန် | - | မန်စီးတီး |
| **တနင်္ဂနွေနေ့ (၁၃-၈-၁၇)** | | | |
| ည ၉း၃၀ | မန်ယူ | - | ဝက်စ်ဟမ်း |

## ပြင်သစ်ပထမတန်းပွဲစဉ်(၂)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၁-၈-၁၇)** | | | |
| ည ၁၁း၃၀ | နိုက်စ် | - | ထရွိုင်းယက်စ် |
| နံနက် ၁း၁၅ | ရိန်းစ် | - | လိုင်ယွန် |
| **စနေနေ့ (၁၂-၈-၁၇)** | | | |
| ည ၉း၃၀ | နန့်စ် | - | မာဆေး |
| နံနက် ၀၀း၃၀ | အာမီယန် | - | အန်ဂျာစ် |
| နံနက် ၀၀း၃၀ | ဘော်ဒိုး | - | မက်ဇ် |
| နံနက် ၀၀း၃၀ | ကိန်း | - | စိန့်အက်တီယန် |
| နံနက် ၀၀း၃၀ | တူးလောက်စ် | - | မောင့်ပယ်လီယာ |
| **တနင်္ဂနွေနေ့ (၁၃-၈-၁၇)** | | | |
| ည ၇း၃၀ | စထရက်ဘော့ချ် | - | လိုင်လီ |
| ည ၉း၃၀ | ဒီဂျွန် | - | မိုနာကို |
| နံနက် ၁း၃၀ | ဂူအင်ဂမ့် | - | ပီအက်စ်ဂျီ |

## ချန်ပီယံလိဂ် Play-Off အဆင့်

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၁၅-၈-၁၇)** | | | |
| ည ၁၀း၃၀ | ကာရာဘတ် | - | ကိုပင်ဟေဂင် |
| နံနက် ၁း၁၅ | အေပိုးလ် | - | စလားဗီးယားပရပ်စ် |
| နံနက် ၁း၁၅ | ယန်းဘွိုင်းစ် | - | စီအက်စ်ကေအေ |
| နံနက် ၁း၁၅ | ဟော့ဖန်ဟိန်း | - | လီဗာပူး |
| နံနက် ၁း၁၅ | စပို့တင်း | - | စတူအာဘူခါရက် |
| **ဗုဒ္ဓဟူးနေ့ (၁၆-၈-၁၇)** | | | |
| နံနက် ၁း၁၅ | အိုလံပီယာကော့စ် | - | ရီဂျီကာ |
| နံနက် ၁း၁၅ | ဆဲလ်တစ် | - | အက်စ်တာနာ |
| နံနက် ၁း၁၅ | ဟာပိုင်းလ် | - | မာရီဘော |
| နံနက် ၁း၁၅ | အစ္စတန်ဘူလ် | - | ဆီဗီလာ |
| နံနက် ၁း၁၅ | နာပိုလီ | - | နိုက်စ် |

## အီတလီစူပါဖလား

| | | | |
|---|---|---|---|
| **တနင်္ဂနွေနေ့ (၁၃-၈-၁၇)** | | | |
| နံနက် ၁း၁၅ | ဂျူဗင်တပ်စ် | - | လာဇီယို |

## စပိန်စူပါဖလား

| | | | |
|---|---|---|---|
| **တနင်္ဂနွေနေ့ (၁၃-၈-၁၇) ပထမအကျော့** | | | |
| နံနက် ၂း၃၀ | ဘာစီလိုနာ | - | ရီးရဲ |
| **ဗုဒ္ဓဟူးနေ့ (၁၆-၈-၁၇) ဒုတိယအကျော့** | | | |
| နံနက် ၃း၃၀ | ရီးရဲ | - | ဘာစီလိုနာ |

## မန်ယူ vs ဝက်စ်ဟမ်း

ယမန်နှစ် ⁝ မန်ယူ ၁ - ၁ ဝက်စ်ဟမ်း

လူကာကူ၊ မာတစ်၊ လင်ဒီလော့ဖ်တို့ကို ခေါ်ယူထားတဲ့ မန်ယူဟာ အသင်းလိုက်တောင့်တင်းမှုရှိနေပါတယ်။ ရာသီကြိုခြေစမ်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း မန်ယူဟာ ဥရောပစူပါဖလားပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိနိုင်သလို ဝက်စ်ဟမ်းကလည်း အသင်းကို စနစ်တကျအားဖြည့်ထားတဲ့အသင်းဖြစ်ပါတယ်။ မန်ယူကပ်ပြီးသာ နိုင်ခြေရှိတယ်။

# အိုးထရက်ဖို့ဒ်မှာ အဖွင့်သုံးမှတ်ကိုမန်ယူရယူသွားနိုင်မှာလား

● ဝေမိုးဆက်

၂၀၁၇-၂၀၁၈ ပရီမီယာလိဂ်ပြိုင်ပွဲကြီးကို လာမယ့်ဩဂုတ်လ ၁၁ ရက်နေ့မှာ စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ အားဖြည့်မှုတွေကို အပြိုင်အဆိုင်ပြုလုပ်ထားနိုင်သလို မန်စီးတီးက ပေါင်သန်း ၂၀၀ ကျော်၊ မန်ယူနဲ့ ချယ်လ်ဆီးတို့က ပေါင်သန်း ၁၅၀ ဝန်းကျင်တွေ အသုံးပြုပြီး အားဖြည့်ထားတာကြောင့်လည်း ပရီမီယာလိဂ်ဟာ ပိုမိုစိတ်ဝင်စားဖို့ကောင်းလာနေကာ ဘယ်လိုပွဲထွက်လာမလဲဆိုတာ စောင့်ကြည့်ရဖို့သာ ရှိပါတယ်။

## အာဆင်နယ် vs လက်စတာ

ယမန်နှစ် ⁝ အာဆင်နယ် ၁ - ၀ လက်စတာ

အာဆင်နယ်ဟာ လာကာဇက်တီကိုခေါ် ယူထားခဲ့တဲ့အပြင် အသင်းရဲ့အဓိကကစားသမားတွေဖြစ်တဲ့ အိုဇေးလ်၊ ဆန်းချက်ဇ်တို့ကိုပါ ဆက်ထိန်းထားနိုင်တာကြောင့် အသင်းလိုက်ခြေစွမ်းပိုင်းနဲ့ တည်ငြိမ်မှုရှိလာနိုင်ပါတယ်။ လက်စတာကတော့ မနှစ်ကအထိုင်ကို ဆက်ထိန်းထားနိုင်တဲ့အပြင် အီဘိုရာအပါအဝင် ကစားသမားကောင်းတွေ အားဖြည့်ထားတာမှန်ပေမယ့်လည်း အာဆင်နယ်က အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အာဆင်နယ်ကသာ ကပ်နိုင်ခြေရှိတယ်။

## ချယ်လ်ဆီး vs ဘန်လေ

ယမန်နှစ် ⁝ ချယ်လ်ဆီး ၃ - ၀ ဘန်လေ

မာတစ်၊ ကော်စတာ၊ တယ်ရီ၊ ဇူးမားတို့ကို ဆုံးရှုံးထားရပေမယ့် ရူဒီဂျာ၊ ဘာကာယိုကို၊ မိုရာတာတို့ကို ပြန်လည်ခေါ်ယူထားနိုင်တဲ့အတွက် ချယ်လ်ဆီးက တောင့်တင်းမှုရှိနေဆဲဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ ရာသီကြိုခြေစမ်းပွဲတွေမှာ အကောင်းဆုံးခြေစွမ်းမရခဲ့ပေမယ့် ဘန်လေက မနှစ်ကတည်းက အဝေးကွင်းအားနည်းတဲ့အသင်း ဖြစ်ပါတယ်။ ဒါ့အပြင် ဘန်လေအနေနဲ့ ထိမိတဲ့အားဖြည့်မှုတွေကိုလည်း လုပ်ဆောင်ထားခြင်းမရှိခဲ့တာကြောင့် အဖွင့်မှာ အမှတ်ပြည့်ရဖို့ အားစိုက်လာမယ့် ချယ်လ်ဆီးပဲ ကပ်နိုင်မယ်။

## အဲဗာတန် vs စတုတ်

ယမန်နှစ် ⁝ အဲဗာတန် ၁ - ၀ စတုတ်

ဒီနှစ်နွေရာသီမှာ ရွှန်းနေအပါအဝင်ပေါင် သန်း ၁၀၀ နီးပါးသုံးစွဲပြီး အားဖြည့်မှုတွေလုပ်ထားတဲ့ အဲဗာတန်အနေနဲ့ ဒီအဖွင့်ပွဲမှာ အမှတ်ပြည့်ရဖို့ အားစိုက်လာမှာ သေချာနေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ စတုတ်ကတော့ ထိမိတဲ့ အားဖြည့်မှုတွေ လုပ်ဆောင်ထားခြင်းမရှိတဲ့အပြင် အာနူတိုဗစ်ကိုပါ ဆုံးရှုံးထားရပါတယ်။ စတုတ်အနေနဲ့ အသင်းလိုက်ကစားပုံ မာကျောပေမယ့် အဲဗာတန်ကသာ နိုင်ပွဲရသွားမှာပါ။

## ကာဆယ် vs စပါး

ယမန်နှစ် ⁝ - - - -

ကာဆယ်က အသင်းကောင်းတစ်သင်းဖြစ်သလို ပရီမီယာလိဂ်အတွေ့အကြုံရင့်ကာ ဘင်နီတက်ဇ်လို မန်နေဂျာမျိုးလည်း ရရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေလို့ ကာဆယ်တို့ အမှတ်ရရှိအောင် အားစိုက်လာမှာပါ။ စပါးကတော့ မနှစ်ကအထိုင်ကို ဆက်ထိန်းထားနိုင်ပေမယ့် ဝေါလ်ကာ မရှိတော့သလို ကစားသမား ထပ်မံခေါ်ယူမှုလည်း မရှိပါဘူး။ ဒါကြောင့် ကာဆယ်တို့ သရေမျှော်လင့်ခွင့်ရှိပါတယ်။

## ဆောက်သမ်တန် vs ဆွမ်ဆီး

ယမန်နှစ် ⁝ ဆောက်သမ်တန် ၁ - ၀ ဆွမ်ဆီး

နှစ်သင်းစလုံးအားဖြည့်မှုတွေ ထိရောက်မှုမရှိပေမယ့်လည်း နှစ်သင်းစလုံးဟာ အဓိကကစားသမားတွေကို ဆက်ထိန်းထားနိုင်တာကြောင့် အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုတွေ ရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဆွမ်ဆီးက မနှစ်ကတည်းက အဝေးကွင်း အားနည်းတတ်တာကြောင့် ဆောက်သမ်တန်ရဲ့ အိမ်ကွင်းအားကို ခက်ခက်ခဲခဲ ထိန်းချုပ်ရနိုင်ပါတယ်။ အဖွင့်မှာ ဆောက်သမ်တန်ပဲ နိုင်ပွဲရမယ်။

## ဘရိုက်တန် vs မန်စီးတီး

ယမန်နှစ် ⁝ - - - -

တန်းတက်ဘရိုက်တန်ဟာ မနှစ်က ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့သလို လက်ရှိအချိန်မှာလည်း ကစားသမားခေါ်ယူမှုတွေ ထိထိမိမိ လုပ်ဆောင်ထားနိုင်ပါတယ်။ ပရီမီယာလိဂ်အဖွင့်မှာလည်း အမှတ်ရယူနိုင်ဖို့ အိမ်ကွင်းအားနဲ့ ခံကစားလာမှာ သေချာပါတယ်။ ဒါကြောင့်လည်း မန်စီးတီးအနေနဲ့ ကစားသမားကောင်းတွေ အများအပြား ခေါ်ယူထားခဲ့ပေမယ့် မထင်မှတ်ဘဲ အခက်တွေ့နိုင်ကာ ကပ်ပြီးသာ နိုင်ခြေရှိတယ်။

## ဝက်စ်ဘရွန်း vs ဘုန်းမောက်

ယမန်နှစ် ⁝ ဝက်စ်ဘရွန်း ၂ - ၁ ဘုန်းမောက်

ဝက်စ်ဘရွန်းက အားဖြည့်မှု အချို့ကို ပြုလုပ်ထားနိုင်သလို အဓိကကစားသမားတွေကိုလည်း ဆက်ထိန်းထားနိုင်ပါတယ်။ ဝက်စ်ဘရွန်းက အိမ်ကွင်းပွဲတွေမှာလည်း ရှန်းအားကောင်းတတ်တဲ့ အစဉ်အလာရှိပါတယ်။

ဘုန်းမောက်ကလည်း မနှစ်ကအထိုင်ကိုဆက်ထိန်းထားနိုင်သလို ဒီဖိုး၊ အန်ကီတို့လို ကစားသမားတွေကိုလည်း ခေါ်ယူထားနိုင်ပါတယ်။ အကြိတ်အနယ်ရှိနိုင်သလို သရေကျသွားဖို့ များပါတယ်။

## ပဲလေ့စ် vs ဟတ်ဒါဖီးလ်

ယမန်နှစ် ⁝ - - - -

တန်းတက်အသင်းတစ်သင်းဖြစ်တဲ့ ဟတ်ဒါဖီးလ်အနေနဲ့ ဒီအပြောင်းအရွှေ့ဈေးကွက်မှာ ပေါင်သန်း ၄၀ ဝန်းကျင် သုံးစွဲပြီး အားဖြည့်မှုတွေလုပ်ထားသလို မနှစ်က ရာသီမှာကတည်းက အသင်းလိုက်ကစားပုံကောင်းခဲ့တဲ့ အသင်းဖြစ်တယ်။ ဒါ့အပြင် ပရီမီယာလိဂ်အဖွင့်မှာ အမှတ်ရရှိအောင် အားစိုက်ကစားလာမှာ ဖြစ်တာကြောင့် ပဲလေ့စ်တို့ ခက်ခဲနိုင်ပါတယ်။ ပဲလေ့စ်အနေနဲ့ အားဖြည့်မှုလည်း မထိရောက်တာကြောင့် ဟတ်ဒါဖီးလ်ကို အသာရဖို့ခက်ပြီး နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

## ဝက်ဖို့ဒ် vs လီဗာပူး

ယမန်နှစ် ⁝ ဝက်ဖို့ဒ် ၀ - ၁ လီဗာပူး

လီဗာပူးဟာ ရာသီကြိုခြေစမ်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး အော်ဒီဖလားမှာ ဗိုလ်လုပွဲတက်နိုင်ခဲ့သလို ပရီမီယာလိဂ်အာရှဖလားကိုလည်း ရယူနိုင်ခဲ့ပါတယ်။ လယ်လာနာ ဒဏ်ရာရရှိနေပေမယ့် ဟန်ဒါဆန်၊ ကော်တင်ညို၊ မာနေး၊ မာဗီနို၊ ဆာလတ်တို့ရဲ့ တိုက်စစ်နဲ့ ကွင်းလယ်က အကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ကလည်း အိမ်ကွင်းမှာ အသင်းလိုက်အားနဲ့ ခံကစားလာမှာဖြစ်တာကြောင့် လီဗာပူးတို့ခက်ခဲနိုင်ကာ ကပ်ပြီးသာနိုင်ခြေရှိပါတယ်။



# ကချင်ပြည်နယ်သို့ဝင်မည့်ကြက်ကားများကို ယာယီတားမြစ်ပြီး စစ်ဆေးနေ

**အင်းတော် ဩဂုတ် ၁၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်းသို့ သယ်ယူရောင်းချမည့် ကြက်၊ ဝက်နှင့် တိရစ္ဆာန်များတွင် H1N1 ရောဂါများရှိမရှိကို ကချင်ပြည်နယ်အဝင် နန့်စီးအောင်စုပေါင်းစစ်ဆေးရေးဂိတ်စခန်း၌ တားဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ထိုသို့ ကြက်ကားများကို ယာယီတားမြစ်ထားရာတွင် ကုန်သည်များအား ကြိုတင်အသိပေးခြင်းမရှိခဲ့သောကြောင့် ကုန်သည်များအနေဖြင့် အခက်ကြုံနေရကြောင်းလည်း ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

နန့်စီးအောင်စုပေါင်းစစ်ဆေးရေးဂိတ်စခန်းမှ တာဝန်ရှိသူတစ်ဦးက "အခုလို တစ်နေရာက တစ်နေရာကို သယ်ယူပို့ဆောင်တဲ့အခါ ကြက်၊ ငှက်၊ တိရစ္ဆာန်တုပ်ကွေးကနေ လူတွေကို ကူးစက်စေနိုင်ပါတယ်။ ဒါကြောင့် ပြည်နယ်တစ်ခုကနေ တစ်ခုကို ကြက်ငှက်တိရစ္ဆာန်တွေ သယ်ယူတော့မယ်ဆိုရင် သက်ဆိုင်ရာ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်တွေရဲ့ Pass လိုပါတယ်။ သက်ဆိုင်ရာမြို့နယ်တွေက တိ/ကုဆရာဝန်တွေရဲ့ ရောဂါကင်းရှင်းကြောင်း ထောက်ခံစာတွေ၊ ဆိုင်ရာဆိုင်ရာ လမ်းညွှန်ချက် ခွင့်ပြုချက်တွေ ပြည့်စုံမှ သွားလာလို့ရမှာဖြစ်ပါတယ်"ဟု ပြောသည်။



ယာယီတားဆီးခံထားရသော ကြက်ကားတစ်စီးကို မောင်းလာသူ ယာဉ်မောင်းက "ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့ပါဘူး။ အစကတည်းက ပြောသင့်ပါတယ်။ ကျွန်တော် ဒီဂိတ်ကို ကြက်ကားတင်ပြီးဖြတ်နေတာ အခေါက်ခေါက်အခါခါရှိပြီ။ လွန်ခဲ့တဲ့ ငါးရက်လောက်ကလည်း ဒီလမ်းအတိုင်း ဒီဂိတ်ကဖြတ်ခဲ့တာပါ။ တကယ်ဆို အဲဒီအချိန်က ပြောရောပေါ့။ ကချင်ပြည်နယ် အစိုးရအဖွဲ့က H1N1 အတွက် ပိတ်ထားတယ်ဆိုရင် ကျွန်တော်တက်မလာပါဘူး။ အခုတော့ ကြက်ကားတွေကို ယာယီပိတ်ထားလို့ပါဆိုတော့ အခုဝယ်ယူခဲ့တဲ့ ကြက်ဖိုးက သိန်း ၄၀ ဖိုးလောက်ရှိတယ်ဗျ"ဟု ကြက်ကားကို အပိတ်ခံထားရသဖြင့် နစ်နာပုံကို ပြောပြသည်။

"ကျွန်တော်က ဒီကြက်တွေကို ဖားကန့်ကို သယ်ယူရောင်းချမှာပါ။ သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ထောက်ခံချက်တွေလည်းပါတယ်။ အဓိကအားဖြင့် ကျန်းမာရေးကောင်းပြီး ရောဂါကင်းရှင်းကြောင်း တိ/ကုဆရာဝန် ခွင့်ပြုချက်လက်မှတ်တွေ အပြည့်အစုံပါတယ်။ သို့သော်လည်း ပြည်နယ်က ယာယီပိတ်ထားတဲ့အတွက် အခုဆိုရင် ကချင်ပြည်နယ် နယ်စပ်က နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်က ခွင့်ပြုချက်မရလို့ စောင့်ဆိုင်းနေတာ လေးရက်ရှိပါပြီ။ နေပူ မိုးရွာ ဒီအတိုင်းထားခဲ့တာ ကြက်တစ်ကောင်မှ မသေပါဘူး။ ကျန်းမာရေးမကောင်းလို့ကတော့ အခုလောက်ဆို အသက်မရှင်နိုင်သလို တော်တော်များများ ပျက်စီးနိုင်ပါတယ်။ သို့သော်လည်း ပြည်နယ်ဝင်ခွင့်မရမချင်း စောင့်ဆိုင်းနေရဦးမှာပါ။ အခုတော့ ပေကုန်းကျေးရွာမှာ ခေတ္တယာယီစောင့်ရှောက်ထားပါတယ်" ဟုလည်း ကြက်ကုန်သည်တစ်ဦးက ပြောသည်။

ကချင်ပြည်နယ်၌ ပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် H1N1 ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကြက်ကားများအဝင်ကို စနစ်တကျ စစ်ဆေးခြင်းအပြင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် မိုးညှင်းဒီဂရီကောလိပ်တို့တွင် H1N1 ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းကို မိုးညှင်းခရိုင် ဆေးရုံအုပ်ကြီးဦးဆောင်သော ကျန်းမာရေးဌာန ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

(ဝဇ္ဇ)

# ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်တောထူထောင်ခြင်း လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နေ

**ရေတာရှည် ဩဂုတ် ၁၀**

သစ်တောအတန်းအစားနှင့် အရည်အသွေးကျဆင်းလျက်ရှိသော ပဲခူးရိုးမတောကြီးမှ သစ်ထုတ်လုပ်မှုကို ၁၀ နှစ်တိုင် ရပ်နားခဲ့ပြီးနောက် တရားမဝင်သစ်ထုတ်လုပ်နေမှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် သစ်တောထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးက ပြောကြားသည်။

"ပဲခူးရိုးမ သစ်တောဧရိယာက အတော့်ကိုကြီးမားကျယ်ပြန့်ပါတယ်။ သစ်တောတွေ ထိန်းသိမ်းစောင့်ရှောက်ဖို့ တရားမဝင်သစ်တွေ ဖမ်းဆီးရာမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုဟာ သိပ်အရေးပါတယ်။ နေ့ပိုင်းမှာ သစ်တောတွေ ကွက်လပ်ဖြည့်စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ကြရသလို ညပိုင်းနဲ့ ညဉ့်နက်ပိုင်းတွေမှာ သစ်ဖမ်းဆီးမှုတွေ ဆက်တိုက်လုပ်နေရတာရှိပါတယ်"ဟု ဦးစီးအရာရှိက ဆက်လက်ပြောကြားသည်။

သစ်တောထူထောင်ရေးလုပ်ငန်းများအဖြစ် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းနှင့် မျိုးဆက်ခြင်းပြုလုပ်၍မရနိုင်သော နေရာများတွင် ကွက်လပ်ဖြည့် ပြန်လည်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ကြောင်း၊ ရိုးမကြိုးပြင်တောအတွင်း ရတနာတန်းဝင်ကျွန်းစိုက်ခင်း ဧက ၄၀၀၊ စိုင်းရကြိုးဝိုင်း အကွက်အမှတ်(၃၇)၊ (၆၁)တို့တွင် ဧက ၂၅၀၊ စိုက်ခင်းဟောင်း ပြန်လည်ပြုစုထိန်းသိမ်းခြင်းအနေဖြင့် စိုင်းရကြိုးဝိုင်း အကွက်အမှတ်(၆၈)တွင် ဧက ၅၀ တို့ကို စိုက်ပျိုးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်းလုပ်ငန်းအနေဖြင့်လည်း ၁၀၀၉ ဧကကို ပဲခူးရိုးမ ကြိုးပြင်ကာကွယ်တောများတွင် စိုက်ပျိုးခြင်းအပြင် ကျောက်မဆင် သစ်တောကြိုးဝိုင်းအတွင်း၌ ဓမ္မတာမျိုးဆက်ခြင်းနည်းဖြင့် ကျွန်းစိုက်ခင်းဧက ၄၂၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**



# ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပြီး ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်ပေး

**ခါမ်းပါတ် ဩဂုတ် ၁၀**

ကျောင်းကျန်းမာရေး စစ်ဆေးပညာပေးခြင်းနှင့် H1N1၊ သွေးလွန်တုပ်ကွေးရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက်က ခါမ်းပါတ်မြို့ ကနန်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ပိတောက်ရွှေဝါဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဆွေနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ကျေးလက်ကျန်းမာရေးဌာန(ဝိတုပ်)မှ ဆရာမ ဒေါ်မြင့်မြင့်တင်က တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းများကိုလည်းကောင်း၊ ဆရာမဒေါ်ချိုမာလွင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ ဘုတ်ကန်ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမဒေါ်တင်ဇာဖြိုးက H1N1 ရောဂါ ကာကွယ်တားဆီးရေးနှင့် ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း၊ ကနန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမ ဒေါ်သဲအိဇွန်က ကျန်းမာရေးဆိုင်ရာအသိပညာများကိုလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းရှိ KG တန်းမှ စတုတ္ထတန်းအထိ ကျောင်းသားကျောင်းသူလေးများအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ သွားပိုးစားခြင်းရှိမရှိ စစ်ဆေးပေးခြင်း၊ လည်ပင်းကြီးရောဂါ ရှိမရှိစစ်ဆေးပေးခြင်း၊ နားအနောက်ဘက်တွင် တီဘီကြိတ်ရှိမရှိ စစ်ဆေးပေးခြင်းနှင့် အနာကြီးရောဂါလက္ခဏာ ရှိမရှိ စစ်ဆေးပေးခြင်းများဆောင်ရွက်ကာ သန်ချဆေးများ တိုက်ကျွေးပေးခဲ့ကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရိဒ်ရေကန် ရေမြင့်တက်လာ၍ စပါးစိုက်ထားသည့် လယ်မြေအချို့ပျက်စီး

**ရိခေါဒါရ် ဩဂုတ် ၁၀**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ ပြည်နယ်၏အလှဂုဏ်ဆောင် အသည်းနှလုံးပုံသဏ္ဍာန်ရိဒ်ရေကန်သည် နှစ်စဉ်မိုးရာသီကာလတွင် ကန်ရေမျက်နှာပြင် သုံးပေခန့် မြင့်တက်လေ့ရှိသော်လည်း ယခုနှစ်တွင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် ကန်ရေ လေးပေခွဲခန့်အထိ မြင့်တက်လာ၍ ရေလျှံမှုကြောင့် ရိဒ်ရေကန်ပတ်လည် ကမ်းစပ်ရှိ စပါးစိုက်ပျိုးထားပြီးဖြစ်သည့် လယ်မြေ ၁၈ ဧကခန့် ရေနစ်မြုပ်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရိဒ်ရေကန်ပတ်လည်တစ်လျှောက်ကွင်းပြင်၌ ယခုနှစ် စပါးစိုက်ထားသည့်လယ်မြေ ၁၄၅ ဧကရှိပြီး ပျှမ်းမျှ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ၆၅ တင်းခန့်ရှိ၍ ယခု ရေနစ်မြုပ်ပျက်စီးဆုံးရှုံးသွားသည့် လယ်မြေ ၁၈ ဧကမှ စပါးအထွက် တင်း ၁၁၇၀ ခန့် နစ်နာဆုံးရှုံးသွားမည်ဖြစ်၍ ဒေသခံတောင်သူများအတွက် ဝမ်းစာဖူလုံမှုကိုလည်း ထိခိုက်စေမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရိုးရာလက်ဝှေ့ဖွံ့ဖြိုးတိုးတက်ရေး အားကစားသမားဟောင်းနှင့် ကျန်းမာရေးချို့တဲ့သူများအား အဖွဲ့ချုပ်မှ ကူညီထောက်ပံ့

**ရန်ကုန် ဩဂုတ် ၁၀**

ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာတို့၏ အမျိုးသားရေးအသွင် အားကစားတစ်ရပ်ဖြစ်သော မြန်မာ့ရိုးရာလက်ဝှေ့ ဖွံ့ဖြိုးတိုးတက်ရန် ရိုးရာလက်ဝှေ့သမားဟောင်းကြီးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသော အားကစားသမားများအား မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ငွေကြေးကူညီထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာ့ရိုးရာလက်ဝှေ့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံကနေ တတ်အားသရွေ့ ကူညီထောက်ပံ့ပေးမှုတွေ လုပ်ဆောင်နေပါတယ်။ ယနေ့ဆိုလည်း မြန်မာ့ရိုးရာလက်ဝှေ့သမားဟောင်းကြီးဖြစ်တဲ့ ရွှေခါးပတ်ချန်ပီယံ စောသဲမျိုးကို ကူညီထောက်ပံ့ပေးမှုအနေနဲ့ တတ်အားသမျှငွေကြေးကို ကူညီခဲ့ပါတယ်။ ဒီလိုကူညီခြင်းအားဖြင့် သူတို့တစ်တွေ ဒီလောကထဲပြန်ဝင်လာနိုင်ဖို့နဲ့ မျိုးဆက်သစ် လူငယ်လက်ဝှေ့သမားတွေကိုလည်း လက်တွဲခေါ်ယူနိုင်ဖို့ပါ။ ခုဆိုရင် စောသဲမျိုးအနေနဲ့ အပြင်လောကမှ ရိုးရာလက်ဝှေ့လောကထဲ ပြန်လည်ဝင်ရောက်လာပြီး ကလပ်တစ်ခုမှာ နည်းပြလုပ်ဖို့အထိ ကျွန်တော်တို့ ကူညီထားပါတယ်။ အလားတူပဲ လတ်တလောကစားနေတဲ့ လက်ဝှေ့ကျော်မိုးဟိန်း မျက်စိခွဲစိတ်ကုသမှုအတွက်လည်း အဖွဲ့ချုပ်နာယကအနေနဲ့ ငွေကြေးထောက်ပံ့ပေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင်က ပြောသည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သည် ယခုနှစ်ပိုင်းအတွင်း ရိုးရာလက်ဝှေ့အားကစား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လေ့ကျင့်ရေးပစ္စည်းများလိုအပ်လျက်ရှိသော ပြည်တွင်းရိုးရာကလပ်များကိုလည်း လိုအပ်သောအထောက်အကူပြု လေ့ကျင့်ရေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်း ကူညီထောက်ပံ့ပေးမှုများပြုလုပ်လျက်ရှိသည်။ ယခုလည်း ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံဟောင်းတစ်ဦးဖြစ်သော စောသဲမျိုးအား ဩဂုတ် ၆ ရက်ကကျင်းပခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၌ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဌေးဝင်းက အဖွဲ့ချုပ်ကိုယ်စား ငွေကျပ် ၁၀ သိန်းကို ကြိုးဝိုင်းစင်ပေါ်မှာပင် ကူညီထောက်ပံ့ပေးခဲ့သည်။ အလားတူ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် နာယက ဦးစိုးထွန်းရှိန်ကလည်း ရိုးရာလက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ရင်း မျက်စိထိခိုက်ဒဏ်ရာရရှိခဲ့သော ရိုးရာလက်ဝှေ့ကစားသမား မိုးဟိန်းအား မျက်စိခွဲစိတ်ကုသမှုအတွက် ငွေကျပ် ၁၀ သိန်းကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



ရွှေခါးပတ်ချန်ပီယံဟောင်း စောသဲမျိုးအား ဒုတိယဥက္ကဋ္ဌ ဦးဌေးဝင်းမှ ထောက်ပံ့ငွေပေးအပ်နေစဉ်

မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော ကစားသမား မိုးဟိန်းသည် ပြီးခဲ့သော ဖေဖော်ဝါရီလအတွင်းက စောထူးဇော်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဇွန်လအတွင်း ကျင်းပခဲ့သော လေးနိုင်ငံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ (Lethwei Nation Fight)တွင် လိုင်ဖျား(ကမ္ဘောဒီးယား)နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ၌ ထပ်မံထိခိုက်ခဲ့၍ ပိုမိုဆိုးရွားကာ ယခုကဲ့သို့ ခွဲစိတ်ကုသမှု ခံယူခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

# အားလုံးအတူ ပါဝင်ဆင်နွှဲသင့်သည့် ကလေးစာပေပွဲတော်

**သျှင်နေမင်း**




မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနဲ့ နှိုင်းယှဉ်ချိန်ထိုးကြည့်ပါက ပညာရေးကဏ္ဍမှာ နောက်ကျခဲ့သလို စာပေ၊ ဂီတ၊ အနုပညာဘက်များတွင်လည်း ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ခဲ့ခြင်း မရှိခဲ့သည်မှာ ရာစုနှစ်ဝက်မျှ ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီလို နောက်ကျနေတဲ့ စာပေကို ပြန်လည်ဦးမော့လာစေဖို့ ကလေးစာပေပွဲတော်တွေ၊ နိုဘယ်လ်-မြန်မာစာပေပွဲတော်တွေလုပ်ပြီး ပြန်လည်အရှိန်မြှင့် လုပ်ဆောင်လာခဲ့ရာမှာ ကလေးစာပေပွဲတော်တွေကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးမြို့တွေမှာလုပ်ခဲ့သလို နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကိုလည်း ရန်ကုန်မြို့မှာ ကျင်းပခဲ့ပါတယ်။ အခုဆက်လက်ပြီး ကလေးစာပေပွဲတော်ကို စက်တင်ဘာ ၁ ရက်ကနေ ၃ ရက်အထိ သုံးရက်တိုင်တိုင် မုံရွာမြို့ မုံရွာတက္ကသိုလ်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်ပိုင်းမှာ မြန်မာနိုင်ငံမှာ ကလေးစာပေရယ်လို့ သီးသီးသန့်သန့် ပေါ်ထွန်းလာခဲ့ရာမှ ကလေးလူငယ်စာပေဟာ အမျိုးသားအင်အားစုဝင်စာပေ ဖြစ်လာခဲ့ပါတယ်။ စစ်ပြီးခေတ်မှာ လွတ်လပ်ရေးနဲ့ တိုင်းပြည် ပြန်လည်ထူထောင်ရေးတို့အတွက် အမျိုးသားစာပေလှုပ်ရှားမှု ကြီးမားလာလေလေ ကလေးစာပေလှုပ်ရှားမှုများလည်း ပိုမိုကျယ်ပြန့်လာလေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် တိုင်းပြည် ပြန်လည်ထူထောင်ရေးတွေ လုပ်ကြတော့မယ်ဆိုရင် ကလေးစာပေလှုပ်ရှားမှုများဟာလည်း အရေးကြီးလှတယ်ဆိုရင် မှားမယ်မဟုတ်ပါ။

ခေတ်သစ် စနစ်သစ် ထူထောင်နေချိန်မျိုးမှာ တိုင်းပြည်၏အနာဂတ် ကလေးများအတွက် စစ်မှန်တဲ့ ရည်ရွယ်ချက်လမ်းကြောင်း၊ ဖြောင့်တန်းမှန်ကန်တဲ့လမ်းကြောင်းများကို ခြေခြေမြစ်မြစ် ရရှိသွားစေဖို့ ကလေးစာပေပွဲတော်တွေ ကျင်းပပေးနေခြင်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။

"နောင်တစ်ချိန်မှာ မြန်မာနိုင်ငံရဲ့အနာဂတ်ကို ကလေးတို့လက်ထဲ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ၊ လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ လွှဲပြောင်းပေးခဲ့ကြရမှာ ဖြစ်ပါတယ်"လို့ ဆရာဦးအောင်သင်းက ပြောဖူးပါတယ်။ ဒါကြောင့် အနာဂတ်ကိုလက်ဆင့်ကမ်းမယ့် ကလေးတို့မှာ ပညာရည်ပြည့်ဝနေဖို့ လိုပါတယ် ။ ခေါင်းဆောင်ကောင်းတို့ဟာ နောက်လူကို လက်ဆင့်ကမ်း နေရာပေးတတ်ကြပါတယ်။ လက်ခံမည့်သူကလည်း ပညာရည်ပြည့်ဝပြီး နှလုံးသားတွေ လှနေဖို့တော့လိုတာပေါ့။ နှလုံးသားတွေလှဖို့စာဖတ်ဖို့လိုပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့ စကားပုံအတိုင်းပဲ လူငယ်ကောင်းမှ လူကြီးကောင်းတွေဖြစ်မှာပါ။ လူငယ်ရဲ့အစဟာ ကလေးဖြစ်တဲ့အတွက် ကလေးများ ပညာပြည့်ဝဖို့ရာ စာပေနဲ့ စတင်ရင်းနှီးနေဖို့ လိုပါတယ်။

မြန်မာနိုင်ငံမှာ တစ်ခေတ်တစ်ခါက ကလေးစာပေရယ်လို့ သီးသီးသန့်သန့် ဖွံ့ဖြိုးခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်ဝန်းကျင်လို့ သိရပါတယ်။ ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့အမေ (ဗိုလ်ချုပ်အောင်ဆန်းကတော်) ဒေါ်ခင်ကြည်က ဦးဆောင်ပြီး ၁၉၅၀ ဝန်းကျင်လောက်မှာ ထုတ်ဝေတဲ့ ကလေးသတင်းစာ၊ဆရာဇဝန ဦးစီးထုတ်ဝေတဲ့ ကလေးဂျာနယ်များဟာ အောင်မြင်ကျော်ကြားခဲ့တဲ့ ကလေးစာပေတွေပဲ ဖြစ်ပါတယ်။ နောက်ပြီး ဆရာကြီးမင်းသုဝဏ်နဲ့ ဆရာမကြီး ဒေါ်နုယဉ်တို့ မောင်နှမဟာ နိုင်ငံတကာမှ ကလေးနဲ့သက်ဆိုင်တဲ့ ကဗျာတွေ၊ စကားပြေတွေကို မြန်မာဘာသာပြန်ဆိုပြီး ထုတ်ဝေခဲ့ကြပါတယ်။ ဒီနေ့ခေတ်မှာတော့ ကလေးစာပေရယ်လို့ သီးသီး သန့်သန့် အားနည်းနေတာကြောင့် နှောင်းခေတ်က ကလေးစာပေတွေကိုပဲ အားကိုးနေရဆဲ ဖြစ်ပါတယ်။

ပွင့်လင်းမြင်သာပြီး ဆက်သွယ်မှုကောင်းမွန်တဲ့ ဒီခေတ်ကြီးထဲမှာ ကလေးတွေ စာပေဖတ်ရှုမှုအားနည်းရတဲ့ အကြောင်းပြချက်တစ်ခုက နည်းပညာဖြစ်ပါတယ်။ မိုဘိုင်းဖုန်းတွေကနေ ဂိမ်းတွေဆော့နေကြတာကလည်း ကလေးတွေ စာဖတ်နည်းလာခြင်းရဲ့ လမ်းစတစ်ခုလို့ မြင်မိပါတယ်။ စာပေဖတ်ရှုမှု အားနည်းနေတာ ကလေးတွေမှ မဟုတ်ပါဘူး။ လူကြီးတွေလည်း စာပေဖတ်ရှုမှု အားနည်းလာတာ တွက်ကြည့်ရင် သိသာပါတယ်။ မြန်မာနိုင်ငံမှာ လူဦးရေ သန်း ၅၀ ကျော်ရှိတာတောင် ထုတ်ဝေသူတစ်ယောက်ထုတ်လိုက်တဲ့ စာအုပ်တစ်အုပ်ဟာ အုပ်ရေ ၁၀၀၀ မကုန်နိုင်ပါဘူး။ ဒါတောင် နာမည်ကြီးစာရေးဆရာဖြစ်မှပါ။ နာမည်မကြီးသေးတဲ့ စာရေးဆရာဆိုရင် အုပ်ရေ ၅၀၀ ထုတ်ဖို့ကို လက်တွန့်နေတတ်ကြပါတယ်။ ဒီအချက်ကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့လူမျိုးတွေဟာ စာပေဖတ်ရှုမှု အားနည်းလာတယ်ဆိုတာ သိသာပါတယ်။

ဒါကြောင့် ကလေးအရွယ်မှသည် လူငယ်အရွယ် လူကြီးအရွယ်အထိကို စာအုပ်စာပေကို မြတ်နိုးတတ်ရေးဟာ အလွန်အရေးကြီးနေပြီဖြစ်ပါတယ် ။ ငယ်ရွယ်စဉ်က စာဖတ်သည့်အကျင့်၊ စာအုပ်ကို တန်ဖိုးထားတတ်သည့် အကျင့်များကို ကလေးများစိတ်အတွင်း စွဲမြဲသွားစေဖို့ အုပ်ထိန်းသူမိဘများက ကလေးတွေကို စာပေပွဲတော်များဆီ လိုက်ပါပို့ဆောင်ပေးပြီး ပြုစုပျိုးထောင်ပေးထားမှ နောင်တစ်ချိန်မှာ နိုင်ငံတကာနဲ့ ပြန်လည်ရင်ပေါင်တန်း လျှောက်လှမ်းနိုင်လာမှာ ဖြစ်ပါတယ်။ ဒီအတိုင်းသာ စာပေနဲ့ ဆက်လက်ကင်းကွာနေစေဦးမယ်ဆိုရင် နောက်ကျမြဲ ကျနေဦးမှာ ဖြစ်ပါတယ်။

တစ်ချိန်တုန်းက မြန်မာကလေးငယ်တွေကြား ရေပန်းစားခဲ့တာကတော့ မိုးသောက်ပန်း၊ တေဇ၊ ရွှေသွေးနဲ့ ၅၅၀ ဇာတ်တော်တွေကို အခြေခံရေးဆွဲထားတဲ့ ရုပ်ပြတွေဖြစ်ပြီး ကလေးစာပေတွေကြား ထင်ရှားပါတယ်။ ဒီဂျာနယ်တွေကပဲ ကလေးငယ်လေးတွေရဲ့ခံစားမှုတွေ၊ အတုယူ သင်ယူစရာတွေ၊ လေ့လာမှတ်သားစရာတွေနဲ့ လူမှုရေး ပညာရေးတွေကို အများဆုံးပေးတဲ့ စာစောင်တွေဖြစ်ခဲ့ပါတယ်။ နောက်ပိုင်း စာအုပ်ဈေးနှုန်းတွေ တက်သွားတာကြောင့် အခြေခံလူတန်းစားတွေအကြား လိုက်လို့မမီတဲ့ပစ္စည်းတွေအဖြစ် သတ်မှတ်ခံလိုက်ရပါတယ်။ ပြည်သူလူထုဟာ စာအုပ်စာပေအတွက် ငွေကုန်မခံနိုင်တော့တဲ့ အခြေအနေကို ရောက်လာတာဟာ မြန်မာ့စာပေနဲ့ မြန်မာ့ပညာရေး ကျရှုံးခြင်းရဲ့ နိမိတ်လက္ခဏာ မဟုတ်ပေဘူးလား။

၂၀၁၆ ခုနှစ်မှာကျင်းပတဲ့ နိုဘယ်လ်-မြန်မာစာပေပွဲတော်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပါးခဲ့ရာမှာ စာသင်ကျောင်းတွေမှာ ကျောင်းစာကြည့်တိုက်ဆိုတာ မရှိသလောက်ဖြစ်နေတယ်။ စာပေလေ့လာဖတ်ရှုချိန်ဆိုတာလည်း ကျောင်းစာသင်ချိန်တွေမှာ မရှိတော့ပါဘူးတဲ့။ စာအုပ်စာပေတွေကလည်း ကျောင်းသားတွေရဲ့ ပတ်ဝန်းကျင်မှာ မရှိတော့ပါဘူး။ ပညာရေးစနစ်ကလည်း အလွတ်ကျက်ဖြေရတဲ့စနစ် ဖြစ်လေတော့ အခြားသော ကျောင်းပြင်ပ အတွေးအခေါ် အယူအဆနဲ့ ဆင်ခြင်သုံးသပ်နိုင်စွမ်းတွေကို ကန့်သတ်ထားပြီး စာပေဖတ်ရှုတာကို ကန့်သတ်ထားသလို ဖြစ်နေပါတယ်။ ကျောင်းသားလူငယ်တွေ စာပေနဲ့ အလှမ်းဝေးသွားတာ သိပ်ဝမ်းနည်းဖို့ကောင်းတယ်ဆိုပြီး ပြောသွားခဲ့ဖူးပါတယ်။

တောင်ကိုရီးယားနိုင်ငံရဲ့စာသင်ကျောင်းများမှာ နေ့စဉ်ကျောင်းစတင်မတက်မီ ၁၅ မိနစ်ခန့် စာအုပ်မိတ်ဆက်ပွဲလေးတွေ လုပ်ပေးတယ်လို့ သိရပါတယ်။ ကျောင်းအုပ်ကြီးရုံးခန်းကနေ စာသင်ခန်းတွေဆီ ဆက်သွယ်ထားတဲ့ မိုက်ကရိုဖုန်းကနေ ဖတ်ပေးတာဖြစ်ပါတယ်။ ဒီလိုစာဖတ်ပြတာက ကျောင်းရဲ့ စာကြည့်တိုက်မှူးကဖြစ်ဖြစ်၊ စာပေဝါသနာရှင်ကဖြစ်ဖြစ်၊ စာရေးဆရာကိုယ်တိုင်ကပဲဖြစ်ဖြစ် လာဖတ်ပေးပါတယ်။ လာဖတ်တဲ့စာအုပ်ကို အညွှန်းလေး အနှစ်ချုပ်ပြီး ပြောပြသွားတာဖြစ်ပါတယ်။ တကယ်လို့ အပြည့်အစုံဖတ်ချင်ရင် စာကြည့်တိုက်မှာရှိတယ်၊ စာရေးဆရာက ဘယ်သူ၊ စာအုပ်အမည်က ဘာစာအုပ်ဆိုပြီး ပြောပြသွားပါတယ်။ စိတ်ဝင်စားတဲ့ကျောင်းသားတွေက စာကြည့်တိုက်ကိုသွားပြီး ပြန်ရှာကြရပါတယ်လို့ တောင်ကိုရီးယားမှာ ကျောင်းနေဖူးသူတစ်ဦးက ပြောပြသွားတာကို မှတ်မိပါတယ်။ တကယ်ကို ကောင်းတဲ့ ပညာရေးစနစ်တစ်ခုပါပဲ။

**တောင်ကိုရီးယားနိုင်ငံရဲ့ စာသင်ကျောင်းများမှာ နေ့စဉ်ကျောင်းစတင်မတက်မီ ၁၅ မိနစ်ခန့် စာအုပ်မိတ်ဆက်ပွဲလေးတွေ လုပ်ပေးတယ်လို့ သိရပါတယ်။ ကျောင်းအုပ်ကြီးရုံးခန်းကနေ စာသင်ခန်းတွေဆီ ဆက်သွယ်ထားတဲ့ မိုက်ကရိုဖုန်းကနေ ဖတ်ပေးတာဖြစ်ပါတယ်။ ဒီလိုစာဖတ်ပြတာက ကျောင်းရဲ့ စာကြည့်တိုက်မှူးကဖြစ်ဖြစ်၊ စာပေဝါသနာရှင်ကဖြစ်ဖြစ်၊ စာရေးဆရာကိုယ်တိုင်ကပဲဖြစ်ဖြစ် လာဖတ်ပေးပါတယ်။ လာဖတ်တဲ့စာအုပ်ကို အညွှန်းလေး အနှစ်ချုပ်ပြီး ပြောပြသွားတာဖြစ်ပါတယ်။ တကယ်လို့ အပြည့်အစုံဖတ်ချင်ရင် စာကြည့်တိုက်မှာရှိတယ်၊ စာရေးဆရာက ဘယ်သူ၊ စာအုပ်အမည်က ဘာစာအုပ်ဆိုပြီး ပြောပြသွားပါတယ်။ စိတ်ဝင်စားတဲ့ကျောင်းသားတွေက စာကြည့်တိုက်ကိုသွားပြီး ပြန်ရှာကြရပါတယ်**

ကမ္ဘာမှာ ချမ်းသာတဲ့ ၂၁ နိုင်ငံကို လေ့လာမှတ်သားထားတာမှာ ကမ္ဘာမှာ စာအဖတ်ဆုံးနိုင်ငံက ဆွီဒင်နိုင်ငံဖြစ်တယ်လို့ သိရပါတယ်။ နိုင်ငံလူဦးရေရဲ့ ၈၇ ရာခိုင်နှုန်းကျော် စာဖတ်တယ်လို့ သိရတယ်။ ကမ္ဘာ့စာအဖတ်နိုင်ဆုံးအဖြစ် အဆင့်(၁)မှာရပ်တည်ပါတယ်။ အာရှနိုင်ငံတွေမှာဆိုရင် တောင်ကိုရီးယားက အဆင့်(၁၄)ရပ်တည်ပြီး နိုင်ငံလူဦးရေရဲ့၇၄ ရာခိုင်နှုန်း စာဖတ်တယ်။ ဂျပန်နိုင်ငံကတော့ အဆင့်(၁၈) ရပ်တည်ပြီး နိုင်ငံလူဦးရေရဲ့၆၇ရာခိုင်နှုန်း စာဖတ်တယ်လို့ စာကြည့်တိုက်ပညာနဲ့ မဟာဘွဲ့ယူမည့်သူတစ်ဦးက ပြောပြထားပါတယ်။

ပညာရေးစနစ်ကောင်းတဲ့ နိုင်ငံတွေဟာ ပညာရေးနဲ့ စာကြည့်တိုက်ကို ဒွန်တွဲလုပ်ဆောင်သွားတာကို သိရပါတယ်။ ကျောင်းပြဋ္ဌာန်းစာအုပ်တွေကိုလည်း စာကြည့်တိုက်မှာရှိတဲ့ စာအုပ်တွေနဲ့ ချိတ်ဆက်ထားပါတယ်။ အတ္ထုပ္ပတ္တိစာအုပ်မျိုးတွေကို အညွှန်းသာပေးထားပြီး အပြည့်အစုံသိရှိဖို့ စာကြည့်တိုက်မှာ သွားရှာကြရပါတယ်။ စာဖတ်ရှိန်မြှင့်တင်ရေးတွေကိုလည်း ကျောင်းတွေမှာ အမြဲလုပ်ကြပါတယ်လို့ သိရပါတယ်။

ဂျပန်နိုင်ငံဟာ စာဖတ်နှုန်းမြင့်မားတဲ့တိုင်းပြည်ဖြစ်သလို ကလေးတွေအတွက် ကလေးစာပေ အများဆုံးထွက်တာလည်း ဂျပန်နိုင်ငံဖြစ်ပါတယ်။ ကလေးတွေကို စာပေနဲ့ရင်းနှီးစေသလို ကလေးအစီအစဉ်အဖြစ် ထုတ်လွှင့်တဲ့ ရုပ်မြင်သံကြားလိုင်းတွေကလည်း ကလေးတွေအတွက် ပညာရေးမှာ အထောက်အကူဖြစ်ဖို့ ထုတ်လွှင့်ပေးထားပါတယ်။ ပြီးတော့ မူလတန်းကတည်းက ကျောင်းရဲ့စာသင်ချိန် အချိန်ဇယားတွေမှာ စာကြည့်တိုက်ချိန်၊ စာဖတ်ချိန်ကို ထည့်သွင်းပေးထားပါတယ်။ ကလေးစာပေတွေထွန်းကားဖို့ အစိုးရကိုယ်တိုင်က များစွာပံ့ပိုးပေးထားပါတယ်။

မြန်မာနိုင်ငံမှ ယခင်က စာရေးဆရာကြီးတွေရဲ့ ကလေးစာပေတွေလည်း နေရာပျောက်လုနီးပါး ဖြစ်ခဲ့ပြီး ယနေ့ ပြည်သူကရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရလက်ထက်ကျမှ ပြန်လည်အသက်သွင်းခံရတာပါ။ ကိုယ့်သားသမီးကို လိမ္မာရေးခြားရှိစေချင်တဲ့ မိဘတွေအတွက်တော့ အခွင့်အရေးကောင်းက လက်တစ်ကမ်းမှာ ရှိလို့နေပါပြီ။ ပိုင်ပိုင်နိုင်နိုင် အသုံးချစေချင်ပါတယ် ။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေ ပူးပေါင်းပြီး ကလေးစာပေပွဲတော်တွေ ကျင်းပနေတာ၊ ကလေးစာပေပြခန်းတွေ၊ ကလေးစာပေစာအုပ် ဈေးရောင်းပွဲတော်တွေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းတွေက ဦးဆောင်ပြီး လှည့်လည်ကျင်းပနေတာဟာဖြင့် ကလေးစာပေဖွံ့ဖြိုးရေး၊ ကလေးများစာဖတ်ရေး၊ ကလေးများဉာဏ်ရည်မြင့်မားရေး၊ ကလေးများဘက်စုံဖွံ့ဖြိုးရေးစတာတွေအတွက် ကောင်းကောင်း အထောက်အကူပြုပါတယ်။

ကလေးစာပေပွဲတော်မှာ ကလေးတွေအတွက် ပညာရေးပြခန်းတွေ၊ ပုံပြောပြိုင်ပွဲတွေ၊ ကျပန်းစကားပြောပြိုင်ပွဲတွေ၊ စကားပုံဆက်ပြိုင်ပွဲတွေ ၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွေ ၊ စက္ကူခေါက်ပြိုင်ပွဲတွေ၊ ပုံတူပန်းချီဆွဲပြိုင်ပွဲတွေ၊ စာပေဟောပြောပွဲတွေ၊ စာပေဆွေးနွေးပွဲတွေ ပါဝင်တာကြောင့် တစ်ပြိုင်တည်း တစ်နေရာတည်းမှာ နားထောင်ကြည့်ရှုနိုင်သလို ကျန်းမာရေးအတွက် ဂိမ်းကစားနည်းတွေလည်း ပါဝင်တာကြောင့် ကလေးတွေအတွက် ပျော်ရွှင်ဖွယ်ရာပွဲတော်လည်း ဖြစ်ပါတယ်။

ကလေးစာပေပွဲတော်ကြီးဟာ အနာဂတ်ခေါင်းဆောင်လောင်းများကို ဉာဏ်ရည်ဉာဏ်သွေးတွေ တိုးတက်လာဖို့ အယူအဆကောင်းတွေ ထက်မြက်လာစေဖို့ ကလေးတွေရဲ့တီထွင်ဖန်တီးတတ်တဲ့စိတ်တွေ ဖြစ်ပေါ်လာစေဖို့ ကလေးတွေစာပေနဲ့ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေဖို့ ကလေးတွေပျော်ရွှင်စေဖို့ရည်ရွယ်ပြီး ကျင်းပတာဖြစ်တဲ့အတွက်ကြောင့် အားလုံးပူးပေါင်းပါဝင်ကြဖို့ လိုအပ်သလို ကလေးစာပေ၊ ကလေးကဗျာတွေ ပေါ်ထွန်းလာဖို့ မိမိတတ်နိုင်တဲ့ဘက်က အားပေးကူညီကြဖို့လည်း လိုအပ်ပါတယ် ။

ဒါကြောင့် ကလေးများအတွက် စာပေပွဲတော်မှာ အားလုံးအတူတူပါဝင်ကြဖို့ အသိပေး တိုက်တွန်းလိုက်ရပါတယ်။ ။

## အခြေခံအဆင့် ဆိုင်ကယ်ပြုပြင်နည်း သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများမှ လူငယ်လူရွယ်များ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ပြီး လက်တွေ့အသက်မွေးဝမ်းကျောင်းနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဆင်းရဲမှု လျှော့နည်းစေရန် ရည်ရွယ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်နှင့် အသက်မွေးပညာသိပ္ပံကျောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော အခြေခံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဆင်းပွဲကို အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်နှင့် အသက်မွေးပညာသိပ္ပံကျောင်း၌ ဩဂုတ် ၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး ဆုရသင်တန်းသားများအား ဆုများချီးမြှင့်သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးမင်းဟန်က သင်တန်းဆင်းသူများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၂၃ ဦးအား အခြေခံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း ပညာရပ်များကို ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၈ ရက်အထိ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သာကေတမှ ကြည့်မြင်တိုင်သို့ မြို့လယ်ဖြတ်ပြေးဆွဲသည့် ယာဉ်လိုင်းသစ်ကြောင့် ခရီးသည်များအဆင်ပြေ

**ရန်ကုန် ဩဂုတ် ၁၀**

သာကေတမြို့နယ်မှ ကြည့်မြင်တိုင်မြို့နယ်အထိ ရန်ကုန်မြို့လယ်မြို့နယ်များကိုဖြတ်၍ပြေးဆွဲသော YBS (၈၉)ယာဉ်လိုင်းသစ်ကို ဩဂုတ် ၈ ရက်မှစ၍ ပြေးဆွဲခဲ့ရာ ထိုယာဉ်လိုင်းသစ်ကြောင့် ခရီးသည်များ အဆင်ပြေလာကြောင်း သိရသည်။

YBS (၈၉) ယာဉ်လိုင်းသစ်သည် အဝါရောင်ဘတ်စ်ကားသစ်ကြီးများဖြင့် ပြေးဆွဲခြင်းဖြစ်ပြီး သာကေတ ရောဝဏ်မှစ၍ မင်းနန္ဒာ-သဘော်ကျင်း-ဘိုကလေးဈေး-မော်တင်- သခင်မြပန်းခြံ-ဆင်မင်းဈေး-စာတိုက်-ပန်းပင်ကြီးလမ်း(ဂိတ်ဖျား) လမ်းကြောင်းနှင့် အပြန်တွင် ဒေသ(၃)-အလုံ-မော်တင်-ပန်းဆိုးတန်း-ဂန္ဒီ-သဘော်ကျင်း-မင်းနန္ဒာ-ရောဝဏ် လမ်းကြောင်းဖြင့် ပြေးဆွဲခြင်းဖြစ်သည်။

ခရီးစဉ်အစအဆုံးအတွက် ကားခ ကျပ်နှစ်ရာဖြစ်၍ ယခင်က ကားနှစ်ဆင့်၊ သုံးဆင့်စီးကာ ကားခ ကျပ် ၄၀၀/၅၀၀ အထိ ကုန်ကျနေရသော ခရီးသည်များအနေဖြင့် ကားခကျပ် ၃၀၀ ခန့် သက်သာသလို ကားပြောင်းရခြင်းမရှိဘဲ တိုက်ရိုက်ရောက်၍ အဆင်ပြေကြောင်း သာကေတမြို့နယ်မှ ကျောင်းဆရာမကြီးတစ်ဦးက ပြောသည်။

ယာဉ်လိုင်းသစ်ကြောင့် ကားခသက်သာပြီး တစ်ဆင့်တည်းစီးနိုင်ခြင်းသာမက ယခင်က သာကေတမှ ဆူးလေအထိ ပြေးဆွဲသော YBS(၄)ယာဉ်လိုင်း တစ်လိုင်းသာရှိသဖြင့်အလုအယက်တိုးစီးနေရခြင်းများလည်း သက်သာသွားကြောင်း သာကေတ (၁)ဈေးကွေ့အနီးတွင် နေသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် YBS စနစ်ကို စတင်ပြီးနောက် မြို့လယ်လမ်းမကြီးငါးလမ်းပေါ်တွင် လိုင်းကားများကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် လိုင်းကားများ မြို့လယ်သို့ဝင်ရောက်ခြင်းကို လျှော့ချကာ သခင်မြပန်းခြံတွင် ဂိတ်ဆုံးစေပြီး မြို့တွင်းပတ်ယာဉ်လိုင်းသုံးလိုင်းဖြင့် ပြေးဆွဲပေးခဲ့သည်။ စတင်ချိန်က ကားသစ်များမရှိ၍ ကားဟောင်းများဖြင့် ပြေးဆွဲခဲ့ရသော်လည်း ယခုအချိန်တွင် မြို့တွင်းပတ်ယာဉ်လိုင်း သုံးလိုင်းလုံး၌ ကားသစ်ကြီးများဖြင့်သာ ပြေးဆွဲကာ အခြားမြို့ပြင်ယာဉ်လိုင်းများ၌လည်း ကားသစ်ကြီးများ ဝင်ရောက်ပြေးဆွဲနေပြီဖြစ်သည်။

ထို့အပြင် စတင်ချိန်မှ အတော်ကြာသည်အထိ ကိုယ်ရကိုယ်ယူစနစ်ကို မဖျောက်နိုင်ခဲ့ဘဲ ယာဉ်နောက်လိုက်များက ငွေကောက်ခံသည့်စနစ်သာ ဖြစ်နေခဲ့ပြီး ယခု ဩဂုတ်လဆန်းမှစ၍ လိုင်းအများစုတွင် ငွေပုံးထားသည့်စနစ်ကို သုံးလာကြသည်။ ထို့ကြောင့် လက်ရှိအချိန်တွင် ခရီးသည်များအတွက် ယခင်ထက် အဆင်ပြေလာသော်လည်း ကားခ ငွေအကြွေ ၁၀၀ တန်နှင့် ၂၀၀ တန်များ ရှားပါးလာသည်ကို ကြုံလာရသည်။ ထို့ကြောင့် ငွေပုံးများထဲရောက်သွားသော ၁၀၀ တန်၊ ၂၀၀ တန်များကို ပြင်ပတွင် ပြန်လည်လည်ပတ်သုံးစွဲနိုင်ရန် သက်ဆိုင်ရာဌာနနှင့် ကုမ္ပဏီများက ဆောင်ရွက်နေသလို ငွေအကြွေထည့်ရသည့်အစား ကတ်စနစ် အမြန်ဆုံးပေါ်ပေါက်လာရန်လည်း ခရီးသည်များက လိုလားလျက်ရှိသည်။ **ခင်ဆိုင်**




## သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေးဟောပြော



**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၈ ရက် ည ၈ နာရီက သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မင်္ဂလာဒုံမြို့မစခန်းမှူး ဒုရဲမှူး မြတ်ထွန်းကျော် ဟောပြောရာ ဒေသခံ ၅၀ ခန့်တက်ရောက်ကြပြီး သိလိုသည်များကို အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။ **နန္ဒကျော်စွာ**

## ကွမ်းရွက်ဈေးထိုးတက်၍ ကွမ်းရောင်းသူများအခက်ကြုံ

**ဖျာပုံ ဩဂုတ် ၁၀**

ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုများပြီး မြစ်ချောင်းများရေကြီး၍ ဖျာပုံမြို့နယ်အတွင်းမှ ကွမ်းစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီးခြင်းကြောင့် ဖျာပုံမြို့နယ်တွင် ကွမ်းရွက်ဈေး အဆမတန်မြင့်တက်ကာ ကွမ်းရောင်းဝယ်သူများ အခက်ကြုံနေရကြောင်း သိရသည်။

ဖျာပုံမြို့ ကွမ်းရွက်ဈေးကွက်တွင် ကွမ်းရွက်ဈေးမြင့်နေသဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ကွမ်းခြံကုန်းနှင့် တွံတေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ပန်းတနော်၊ ညောင်တုန်းနှင့် ဟင်္သာတမြို့နယ်တို့မှ ကွမ်းရွက်များအပြင် မန္တလေးတိုင်းဒေသကြီးမှ ကွမ်းရွက်များလည်း ဈေးကွက်ချဲ့ဝင်ရောက်လာနေကြောင်း သိရသည်။

ဖျာပုံမြို့၌ ယခင်က ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ သာရှိရာမှ ဩဂုတ် ၈ ရက်တွင် ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ဈေးအထိ မြင့်တက်လာခြင်းဖြစ်သည်။ ကွမ်းရွက်ဈေးထိုးတက်လာသဖြင့် လမ်းဘေးကွမ်းယာဆိုင်များအနေဖြင့် ဖောက်သည် မပျက်ရန်သာ ဆိုင်ထွက်နေရပြီး အမြတ်မကျန်ဘဲ ရောင်းပေးနေရကြောင်း သိရသည်။

**အောင်ဝင်း (ဖျာပုံ)**

MYANMAR HOTELIER ASSOCIATION
MHA
YANGON ZONE

# မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)
# စတုတ္ထအကြိမ်နှစ်ပတ်လည်ညစာစားပွဲသို့တက်ရောက်ပါရန် ဖိတ်ကြားခြင်း

Gold sponsored by
VOLVO ARISTON DAIKIN HUIDA YT

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) မှ စတုတ္ထအကြိမ်နှစ်ပတ်လည်ညစာစားပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရန်ကုန်ဇုန်အနေဖြင့် ဟိုတယ် လုပ်ငန်းရှင်များ အချင်းချင်း ချစ်ခင်ရင်းနှီးစွာ လုပ်ငန်းများ ချိတ်ဆက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါ နှစ်ပတ်လည် ညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ဇုန်၏ အသင်းဝင်ဟိုတယ် ဖြစ်စေ၊ အသင်းမဝင်ရ သေးသော ဟိုတယ်များဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

- ကျင်းပမည့်နေ့ရက် ● ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက် (သောကြာနေ့)
- ကျင်းပမည့်အချိန် ● ညနေ (၄း၀၀) နာရီ မှ (၆း၀၀) နာရီအထိ ( Networking & Display Time )
- ● ည (၆း၀၀) နာရီ မှ (၉း၀၀) နာရီအထိ ( Entertainment & Dinner Time )
- ကျင်းပမည့်နေရာ ● Melia Yangon Hotel အမှတ် (၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ကံစမ်းမဲအစီအစဉ်များပါဝင်သည့်အတွက် ကံစမ်းမဲကူပွန်နှင့်တကွ ကြွရောက်ပေးပါရန် လေးစားစွာ အသိပေးအပ်ပါသည်။




အသက် (၄၀) ကျော် နောက်ပိုင်း အမျိုးသားများတွင် စတင်ဖြစ်ပွားလေ့ရှိသော အဆိုပါကျန်းမာရေးပြဿနာကို နည်းမှန်လမ်းမှန်ဖြင့် ကာကွယ်၊ ကုသနိုင်ရန်အတွက် အမျိုးသားများ လေ့လာဖတ်ရှုသင့်သည့်...

ဒေါက်တာခင်မောင်လွင် (FAME)

ရေးသားထားသော

# ပန်းသေပန်းညှိုးရောဂါ

Ks 5,000

အမြို့မြို့ အနယ်နယ်ရှိ City Mart နှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ။

Ph: 09 965 559 860, 01 682 199, 685 083, 685 609

### မွေးသက္ကရာဇ်အမှန်

ရွှေဘိုမြို့၊ (၂)ရပ်ကွက်နေ ဦးအောင်သန်း၏သား ဦးကိုကိုအောင် ၅/ရဘန(နိုင်)၀၂၀၂၅၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၄-၁၉၆၃ ဖြစ်ပါသည်။
**ဦးကိုကိုအောင်**

### ဖခင်အမည်မှန်

မြို့သစ်မြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(G)မှ မောင်မင်းနိုင်စိုး၏ဖခင်အမည်မှန်မှာ ဦးအောင်မြင့်စီ ၈/မသန(နိုင်)၀၂၅၂၇၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အထက တက္ကသိုလ်ဝင်တန်း(D)မှ မနွေးနွေးအောင်၏ ဖခင်အမည်မှန်မှာ ဦးငွေးမောင် ဖြစ်ပါကြောင်း။ **ဦးငွေးမောင်**

### CLAIMS DAY NOTICE
### M.V LOTUS LEADER VOY:NO(12)

Consignees of cargo carried by M.V LOTUS LEADER VOY:NO(12) are here by notified that the vessel will arrive on about 12-8-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အထက တက္ကသိုလ်ဝင်တန်း(D)မှ မဖြူစင်အောင်၏ ဖခင်အမည်မှန်မှာ ဦးပြေညိမ်း ဖြစ်ပါကြောင်း။ **ဦးပြေညိမ်း**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်အောင်သူစိုး၏ ဖခင်အမည်မှန်မှာ ဦးဘိုဝင်း ဖြစ်ပါကြောင်း။ **ဦးဘိုဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ မောင်မျိုးသက်နောင်(၃/Agri-၃၄၃)၏မိခင် ဒေါ်ငွေးငွေးဝင်း(ခ)ဒေါ်ငွေးဝင်း ၈/တတက(နိုင်)၀၄၉၆၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်ငွေးငွေးဝင်း(ခ)ဒေါ်ငွေးဝင်း**


AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner
7th
YEARS
ANNIVERSARY
01 - 231 7777
ayabank.com
ayabank

# မိခင်ကြီးဒေါ်ညို၏အသက်(၉၀)နှစ်ပြည့် နဝရတ်ရတု မွေးနေ့မင်္ဂလာဆုတောင်း

ယနေ့ ၁၁-၈-၂၀၁၇ ရက်နေ့တွင် ကျရောက်သော အုတ်တွင်းမြို့နယ်၊
ညောင်ခြေထောက်မြို့နေ ( ဘုရားအမ၊ ရဟန်းအမကြီး) ဒေါ်ညို၏
အသက် (၉၀)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ
သာသနာအကျိုးကို သယ်ပိုးရွက်ဆောင်ယင်း
အသက်ရာကျော်ပါစေကြောင်း မွေးနေ့ဆုတောင်းလိုက်ပါသည်။

**သားသမီးများ**

(ဒေါ်စန်းစန်းရီ (မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ဦးမင်းသိန်း (ဆန်ကုန်သည်) + ဒေါ်ဝါဝါ
ဒေါ်စန်းစန်းအေး အ.ထ.က(ညောင်ခြေထောက်)
ဒေါ်ရှိုရှို(အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)၊ ဒေါ်ခင်မာရှို

# အလိုရှိသည်

မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်သည် စက်သုံးဆီဆိုင်များအား ခေတ်မီဒီဇိုင်းပုံစံများဖြင့် ပြန်လည်ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်မည်ဖြစ်ရာ စိတ်ပါဝင်စားသော ဒီဇိုင်းပုံစံရေးဆွဲသည့် ကုမ္ပဏီများ၊ ဒီဇိုင်းပညာရှင်များအနေဖြင့် ယခုကြေညာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်ဆက်သွယ်ပေးပို့နိုင်ပါသည်။

**မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်**
**အမှတ် (၃၂)(A)၊ (၃၂) ရိပ်သာလမ်း၊ အမှတ် (၁၁)ရပ်ကွက်၊**
**၆ ၁/၂ ပြည်လမ်း၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၁-၅၃၇၉၃၉၊ ၀၁-၅၀၇၀၅၆၊ ၀၉-၂၅၀၃၆၅၇၇၀**

**ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း**

ယာဉ်အမှတ် 2K/3464 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရှာသာကြီး)

## GLORIOUS WHITE HOUSE M &E ENGINEERING CO.,LTD

## Mechanical & Electrical Manager

**Description:**

**Responsibilities:**

* Oversee and advise all M&E issues on site
* Conduct periodic inspections for all M&E systems
* Supervise and inspect all M&E Work carried out by sub-contractor
* To supervies and ensure works are in accordance to the contract drawings and specifications.
* Manager on procurement of equipment and manage labor in accordance to (or below) the allocated approved budget.
* Deployment and storage of M&E materials and equipment delivered by sub-contractor.
* Prepare method statement,shop drawings,installation / T&C check sheets,work progress report and other relevant documents for M&E related works with project teams.
* To liaise with consultants,clients,main-contractor and subcontractors on the progress of M&E works.
* Assist Project Contract administration for M&E subcontracts
* Assist the Project Director on all M&E matters including preparing M&E Master Construction and T&C Schedule.
* Hold technical discussions with various stakeholders to resolve technical/site issues

**Requirements:**

* Degree in Mechanical/Electrical Engineering or related disciplines
* Well-versed in M&E documentations and site works
* Min 10 year's relevant experience in construction project
* Good understanding of procurement,engineering and construction activities
* Good written and interpersonal skills
* Positive working attitude and ability to work in a fast-paced environment

Please send your resume to hr@gwhengineering.com or contact 09-250412255 for more info.

# ကန့်ကွက်နိုင်ပါကြောင်း

